www.burmeseclassic.com

ပိုးစာပေ

# အလောင်းနှစ်ထပ်သချိုင်း

နှင့်

## နာနာဘာဝဖြစ်ရပ်မှန်များ

BURMESE CLASSIC

မောင်မှိုင်းညို(ချောင်းဦး)



www.burmeseclassic.com

www.burmeseclassic.com

စိုးစာပေ စာစဉ်အမှတ်(၈၂)

**စိုးစာပေ**

(က/၁၆၂၃)၊ ကမ္ဘောဇလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ။

ဖုန်း - ၀၉ ၄၂၀၁၀၄၄၃၁

မြည်လေးကျွတ်ဖြန့်ချိရေး

**မိတ်ဆွေစာပေ**

အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊

ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။

ဖုန်း - ၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ ဩဂုတ်လ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၆၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ

ကွန်ပျူတာ - ကောင်းလက်(ရွှေပြည်သာ)

အတွင်းဖလင် - ADORN၊

ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၁၄၅၉၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မောင်မှိုင်းညို့(ချောင်းဦး) ၃၉၈.၂
အလောင်းနှစ်ထပ်သချိုင်းနှင့်နာနာဘာဝဖြစ်ရပ်မှန်များ/
မောင်မှိုင်းညို့(ချောင်းဦး)၊ ရန်ကုန်၊
ဇင်ရတနာစာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၁၅-စာ၊ ၁၂ × ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# အလောင်းနန်းထပ်သချိုင်း

# နှင့်

# နာနာဘာဝဖြစ်ရပ်မှန်များ

မောင်ရှိန်းညို (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

* * *


၁။ သချိုင်းဇရပ်က သရဲမ —၉

၂။ ထူးဆန်းသော အမယ်အို —၆၀


၃။ အလောင်းနှစ်ထပ်သင်္ချိုင်း —၁၁၀

၄။ စဥ့်ကိုင်မြို့က ဖြစ်ရပ်ဆန်း —၁၅၉

၅။ သရဲခြောက်တဲ့ ခြံကြီး —၁၉၁


www.burmeseclassic.com

www.burmeseclassic.com



ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# "သချိုင်းဇရပ်က သရဲမ"

## "မာမွေ့ကြောက်ခံရတဲ့ ဆောင်းည"

နတ်ဆိုးတစ်ကောင်က သူ့ရဲ့ဝတ်ရုံနက်ကြီးနဲ့ လောက ကြီး တစ်ခုလုံးကို ဖုံးအုပ်ထားတယ် . . . ။

ညက ပိန်းပိန်းပိတ်မှောင်မည်းနေတယ်၊

နောက်ပြီး ချောက်ချားစရာကောင်းအောင် တိတ်ဆိတ် ငြိမ်သက်လို့ ....၊

ဒီကြားထဲ ဖေဖော်ဝါရီရဲ့ ဆောင်းညကလည်း တစ်မှောင့်၊

ရိုးတွင်းခြင်ဆီထဲက ချမ်းအောင် ရေခဲငွေ့တွေနဲ့ ကြာ ရက်စက်စက် ပက်ဖျန်းနေတယ် . . ။

ဒီလို မှောင်မည်းတဲ့၊ တိတ်ဆိတ်ငြိမ်သက်တဲ့၊ အချမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်းလွန်းတဲ့ ညမှာမှ၊ ဘယ်နေရာမှန်းမသိတဲ့ နေရာက ဇရပ် အိုကြီး တစ်ခုထဲကို သူတို့ ရောက်နေကြတယ်၊

သူတို့ဆိုတာက မောင်မောင်၊ သူရိန်အောင်နှင့် မချော လေးသုံးယောက်တို့ပါ . . .

သူရိန်အောင်က သူ့ကောင်မလေးကို ထွေးဖက်ထား သလို ကျန်တဲ့ကောင်မလေးနှစ်ယောက်ကလည်း မောင်မောင် ဘေးမှာ တိုးဝှေ့နေကြတယ် . ..၊

အသားချင်း ထိကပ်နေတာကြောင့် ကောင်မလေးတွေ တုန်တုန်ခိုက်ခိုက်ဖြစ်နေတာကို မောင်မောင် သတိထားမိ တယ်... ၊

"ကြောက်နေလို့လား . . . . ." မောင်မောင် တီးတိုး မေးလိုက်တယ် . . . ။

" ဟုတ် . . . "

ကောင်မလေးတစ်ယောက်ဆီက တီးတိုးအသံ ထွက် လာတယ်။

" အရမ်းရော အေးနေသလား . . . . "

" ဟုတ် . . . ၊ အရမ်းအေးတာပဲ . . . . "

ကောင်မလေးက တုန်တုန်ရီရီနဲ့ ပြန်ဖြေတယ် . . . ။



www.burmeseclassic.com

www.burmeseclassic.com


မောင်မောင် ကောင်မလေးတွေကို သနားသွားတယ်..၊

သူဝတ်ထားတဲ့ အနွေးထည် ဂျာကင်ကို ချွတ်ပေးချင်ပေမဲ့ သူ့အနီးမှာ ကောင်မလေးနှစ်ယောက်ဖြစ်နေတယ်။

တစ်ယောက်ကိုပေးရင် ကျန်တစ်ယောက်ကို အားနာရမယ်၊

နောက်ပြီး သူတို့နှစ်ယောက်စလုံးမှာလည်း တစ်ယောက်က သိုးမွေးအနွေးထည်နဲ့ တစ်ယောက်က အပေါ်ဝတ်ဂျင်းအကျီလက်ရှည်နဲ့ ဖြစ်နေတယ်။

ဒါကြောင့် အနွေးထည်ချွတ်ပေးဖို့ကို စိတ်ကူးထဲမှာပဲ ဖျောက်လိုက်တယ်၊

ဒီကောင်မလေးတွေကို မောင်မောင်အရင်က မသိဘူး။ ဒီညမှ စတွေ့ ဖူးတာ။

သူတို့နာမည်တွေတောင် ခုချိန်ထိ မသိရသေးဘူး။

တကယ်တော့ ဒီညက ပျော်စရာကောင်းတာထက် ပိုပြီးပျော်စရာကောင်းရမယ့်ည၊ စိတ်ချမ်းသာရမယ်ည။

ဒါပေမဲ့ 'အစကတည်းက ယဉ်သကို ' ဆိုသလို စထွက်ကတည်းက ဘာမှန်းမသိနိုင်တဲ့ အရိပ်မည်းတစ်ခုက ကြီးစိုးတာ ခံနေရသလိုပဲ၊

ဝီးစာပေ
www.burmeseclassic.com

www.burmeseclassic.com



မအိမလည်ကြီး ခံစားနေရတယ်၊

စိတ်အနှောင့်အယှက်ဖြစ်စရာတွေက တစ်ခုပြီးတစ်ခု၊

အဆင်မပြေမှုတွေကလည်း တစ်ခါပြီးနောက်တစ်ခါ။

ဘာဖြစ်ဖြစ်နေမှန်း မသိအောင်ကို စိတ်ရှုပ်ထွေးစရာတွေ ကြုံနေရတယ်။

“ မကြောက်နဲ့နော် . . .၊ ဘာမှ မစိုးရိမ်နဲ့ . . .၊ ကို တစ်ယောက်လုံးရှိတယ် . . . ”

သူ့ရှိန်အောင်၊ သူ့ကောင်မလေးကို အားပေးနေတဲ့ အသံ၊ မောင်မောင် ကြားလိုက်တယ် . . .၊

“ ငါတို့ ရောက်နေတာ ဘယ်နေရာလဲ . . . ”

မောင်မောင်စဉ်းစားရင်း ဇရပ်ကြီးရဲ့ အပြင်ဘက်ကို တိုတိုသည်သည် ကြည့်လိုက်တယ် . . .၊

ပိန်းပိန်းပိတ်အမှောင်ထဲမှာ ကောင်းကင်အရောင်လား၊ ကြယ်ရောင်လား၊ နှင်းမြူလား၊ မဝေခွဲနိုင်တဲ့ မှုန်မှုန်မွှားမွှား အလင်းအချို့ ဟိုတစ်ကွက်၊ သည်တစ်ကွက် တွေ့နေရတယ်...၊

သူတို့နောက်ကျောဘက်မှာက ချုံပုတ်လိုလို အရာတချို့ ရှိနေတဲ့ ကွင်းပြန့်ကျယ်တစ်ခုဆိုတာ သတိပြုမိတယ် . . .၊

မောင်မောင်အကြည့်တွေက ဇရပ်ကြီးထဲပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com


လာတယ်၊

ဇရပ်ကြီးက အကြီးကြီး၊ အကျယ်ကြီး၊

သစ်သားမျဉ်ချဉ်တွေ ခင်းထားတယ်၊ သွပ်တွေမိုးထား
တယ်

အကာအရံကတော့ လေးဘက်လေးတန်စလုံးမရှိဘူး၊

ဇရပ်ကြီးရဲ့ ကြမ်းပြင်က မြေပြင်ကနေ လူတစ်ထိုင်မက
လွတ်တယ်။

ဇရပ်ကြီးပေါ်ကို တက်ဖို့ အုတ်လှေကားထစ်တွေရှိ
တယ်။

ဇရပ်ကြီးတစ်ခုလုံးမှောင်မည်းပြီး တိတ်ဆိတ်ငြိမ်သက်
နေတယ်။

သူတို့အသက်ရှူသံတွေကိုပဲ သူတို့ပြန်ကြားနေရတယ်။

သူတို့ ငါးယောက်စုဝေးထိုင်နေတာက ဇရပ်ကြီးရဲ့
အနောက်ဘက်အစွန်းမှာဖြစ်တယ်၊

သူတို့ရှေ့ မလှမ်းမကမ်းဇရပ်ခြေရင်းမှာ မောင်မောင်နဲ့
သူရိန်အောင်တို့ရဲ့ ဆိုင်ကယ်နှစ်စီးထောင်ထားတယ်။

ဆိုင်ကယ်လက်ကိုင်နဲ့ ရှေ့မီးလုံးက နီကယ်ရောင်တွေ
လက်နေတာကို အမှောင်ထဲမှာ မြင်နေရတယ်။


www.burmeseclassic.com

www.burmeseclassic.com



" ဒီဇရုပ်ကြီးကို ငါတို့ အလာတုန်းက မတွေ့ခဲ့ဘူးကွ နော် . . . သူရိန် . . . "

မောင်မောင်၊ သူရိန်အောင်ကို တိုးတိုးလှမ်းပြောလိုက်တယ်။

" ဟုတ်တယ်ကွ၊ ငါလည်း သတိမထားမိခဲ့ဘူး . . . "

" ဒီနေရာက မန္တလေးနဲ့ တော်တော်ဝေးနေပြီ . . . "

မောင်မောင်ပြောလိုက်ပေမဲ့ သူရိန်အောင်ဆီက ဘာသံမှ ထွက်မလာတော့ဘူး။

" သူလည်း ဘယ်နေရာရောက်နေတယ်ဆိုတာ စဉ်းစားနေတာဖြစ်မယ် " လို့ တွေးပြီး မောင်မောင်စကားဆက်မပြောဘဲ ငြိမ်နေလိုက်တယ် . . . !

မောင်မောင်ရော သူရိန်အောင်ပါ ကြောက်တတ်တဲ့ စာရင်းထဲမှာ မပါဘူး၊

နှစ်ယောက်စလုံးက အသက်သုံးဆယ့်ငါးနှစ်ကျော် လူရွယ်တွေဖြစ်ပြီး လုပ်ငန်းရှင်တွေလည်းဖြစ်တယ်။

လက်အောက်ဝန်ထမ်း၊ တပည့်လက်သားတွေကို အုပ်ချုပ်နေရသူတွေ၊ ဆူတန်ဆူ၊ ဝေါက်တန်ဝေါက်လုပ်နေသူတွေ၊



www.burmeseclassic.com

www.burmeseclassic.com


နောက်ပြီး လုပ်ငန်းရှင်တွေ ပီပီ၊ အခြားသော စီးပွား ဖက်တွေနဲ့လည်း မျက်နှာရိပ်မျက်နှာကဲကြည့်ပြီး စကားပြော ရတယ်။

ပြောချင်တာက သူတို့နှစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ် သွေး၊ ခပ်ညံ့ညံ့မဟုတ်ဘူးဆိုတာပါ။

ဒါပေမဲ့ ဒီညဖြစ်ခဲ့တဲ့၊ လက်ရှိလည်းဖြစ်နေတဲ့ အငြိစ် အပျက်တွေက ဘာဖြစ်မယ်မှန်းမသိနိုင်တဲ့ အဖြစ်အပျက်မျိုး ဖြစ်နေတယ်၊

လောကတစ်ခွင်လုံး အမိုက်တိုက်ကြီးဖုံးလွှမ်းနေတဲ့ ညဥ့်နက်သန်းခေါင်အချိန်ကြီးမှာ . . . .

ဘယ်အရပ်ဘယ်ဒေသမှန်းမသိတဲ့နေရာတစ်ခုက လမ်းဘေးဇရပ်အိုကြီးတစ်ခုထဲ ရောက်နေရတဲ့အဖြစ်၊

လက်နက်ဆိုလို့လည်း ချွန်မြည့်နေအောင်ကျောက် စက်နဲ့သွေးထားတဲ့ ဝက်အူလှည့် တစ်ချောင်းကလွဲလို့ ဘာမှ မရှိတဲ့အဖြစ်၊ မြို့မနီး၊ ရွာဝေး နေရာစိမ်းမှာ လူစိမ်းတွေရဲ့ မမြင် နိုင်တဲ့ အန္တရာယ်ကလည်း ရှိသေးတယ်။

ဒါကြောင့် ဆိုင်ကယ်တွေကို မီးမဖွင့်ဘဲ ဇရပ်အနောင် ရိပ်မှာထိုးထည့်ထားရတယ်။


www.burmeseclassic.com

www.burmeseclassic.com


သူတို့ ကိုယ်တိုင်လည်း ညလူတွေကို အမှောင်နဲ့ တစ်သားတည်းဖြစ်အောင် ငြိမ်ဆိတ်နေရတယ် . . .။

" ဆေးလိပ်သောက်ချင်တယ်ကွာ၊

မီးခြစ်က မရှိတော့ဘူး . . . ။

ဆိုင်ကယ်မှောက်တဲ့နေရာမှာများ ကျကျန်ရစ်ခဲ့လားပဲ"

သူရိန်အောင်က မောင်မောင့်ကို တိုးတိုးလှမ်းပြောတယ်။

" အောင့်ထားဦးကွာ . . .၊

အခြေအနေက ဘယ်လိုမှန်းမသိသေးဘူး . . ."

မောင်မောင် ပြောလိုက်တာကြောင့် သူရိန်အောင်ငြိမ်ကျသွားတယ်။

ဟုတ်တယ်၊ သူတို့ ယောက်ျားသားနှစ်ယောက်အတွက်က တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်၊ ကိစ္စမရှိဘူး။

ကိစ္စရှိတာက ကောင်မလေးတွေ၊ သူတို့ ရှိနေမှန်းသိသွားလို့ အရေးရယ်အကြောင်းရယ် ပြဿနာဖြစ်ရင် သူတို့တိုင်ငဲ့ညှာနေရတာနဲ့ ကိုယ့်ဖက်က တစ်ပန်းရှုံးမယ်။

ဖေဖော်ဝါရီက သူ့ရဲ့ အအေးဓာတ်တွေနဲ့ အစွမ်းပြနေ


www.burmeseclassic.com

www.burmeseclassic.com



ညွှန်ရှိုးသွားတယ်။

ကောင်မလေးတွေဆီက မေးခိုက်သံ 'တဂတ်ဂတ်' ထွက်နေတယ်။

လက်ကလေးတွေ တင်းတင်းပိုက်၊ ကိုယ်လုံးလေးတွေကို အတတ်နိုင်ဆုံး ကျုံ့ပြီး အအေးဒဏ်ကို တွန်းလှန်နေကြတယ် . . .၊

ဇရပ်ကြီးတစ်ခုလုံး အခိုက်အတန့်မျှ တိတ်ဆိတ်ငြိမ်သက် သွားပြန်တယ် . . .၊

" ဟင် . . . ဘာသံလဲ . . . "

ကောင်မလေးတွေဆီက အသံထွက်လာတယ် . . .

မောင်မောင်သတိထားပြီး နားထောင်တယ်။

" ဖျပ် . . . ဖျပ် . . . ဖျပ် . . . ဖျပ် . . . "

လူတစ်ယောက်ရဲ့ ခြေသံ . . .

သူတို့အားလုံး ခေါင်းနပန်းတွေ ကြီးသွားသလို 'ဖျင်း' ခနဲ ဖြစ်သွားတယ် . . .။

ကြက်သီးမွေးညှင်းတွေလည်း ဖျန်းခနဲ ထသွားတယ်။

ခေါင်းတွေ ထောင်ပြီး အသံကြားရာဆီ ကြည့်လိုက်ကြတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်၊ ဟုတ်တယ်၊ လူတစ်ယောက်ဇရပ်ပေါ် တက်လာနေတယ်။

ဆံပင်ရှည်ဖားလျားချထားတဲ့ ပိုသဏ္ဌာန်ကြောင့်မိန်းမ တစ်ယောက်ဆိုတာကို မှန်းဆနိုင်တယ်။

ထင်ထင်ရှားရှားတော့မဟုတ်ဘူး၊ မည်းမည်းသဏ္ဌာန် ပဲ မြင်ကြရတယ် . . . ၊

“ ရှပ် . . . ရှပ် . . . ရှပ် . . .ရှပ် . . .ရှပ် . . .”

မိန်းမသဏ္ဌာန်က ဇရပ်ပေါ်လျှောက်နေတယ်။

ဒါပေမဲ့ ကိုမောင်မောင်တို့ လူစုရှိရာကို မလာဘဲ ဆန့် ကျင်ဘက်ဖြစ်တဲ့ အရှေ့ဘက်စွန်းကို လျှောက်သွားတယ် . ..။

ပြီးတော့ ဆောင့်ကြောင့်ထိုင်ချလိုက်တာကို ကောင်း ကင်အရောင် နောက်ခံနဲ့ တွေ့နေရတယ် . . . ။

“ ဟင် . . . ”

ထိုင်နေတဲ့ မည်းမည်းသဏ္ဌာန်မိန်းမဟာ ဆေးလိပ်ကို အဆက်မပြတ်ဖွာနေတယ့် ၊

သူဖွာလိုက်တိုင်း၊ ဖွာလိုက်တိုင်း ဆေးလိပ်မီးက ရဲခနဲ ရဲခနဲ ဖြစ်သွားတယ်။

တစ်ခါတစ်ခါ မီးပွားတွေ ဖွာဖွားဖွားကျလို့ . . .။

စီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



" မင်း ဘယ်သွားမလို့လဲ . . . "

ထမလိုတန်ပြင်နေတဲ့ သူရိန်အောင်လက်ကို လှမ်းဆွဲရင်း မောင်မောင်မေးလိုက်တယ် . . . "

" ဆေးလိပ်မီးသွားတောင်းမလို့ . . . "

မောင်မောင်၊ သူရိန်အောင်ကို အတင်းဆွဲပြီး ပြန်ထိုင်စေတယ် . . . ၊

" ခုကွရောက်ကုန်တော့မှာပဲ သူရိန်ရယ်၊
ဒီကောင်မကို ငါမသက်ာဘူးကွ . . . "

" မင်းကလည်း၊ ကြံဖန် ကြောက်နေပြန်ပြီ . . . "
သူရိန်အောင်က အတွန့်တက်တယ်။

" ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းမသွားနဲ့၊
ခဏစောင့်ကြည့် . . . "

မောင်မောင်ရဲ့ စကားတောင်မဆုံးသေးဘူး၊

ထိတ်လန့်စရာ အဖြစ်အပျက်တွေ ဇရပ်ကြီးပေါ်မှာ ဆက်တိုက်ဖြစ်ပေါ်လာတယ်။

မီးတရဲရဲနဲ့ ဆေးလိပ်ထိုင်ဖွာနေတဲ့မိန်းမ၊ ရုတ်ခြည်း ပျောက်ကွယ်သွားတယ် . . . ၊

တစ်ချိန်တည်းမှာပဲ ခြေသောင့်ပြီး တခုန်းခုန်း ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်လောင် လမ်းလျှောက်နေတဲ့ ခြေသံစည်းချက် ညီချက်ကျကျတွေ ထွက်ပေါ်လာတယ်၊

" သရဲခြောက်နေတာကွ . . . "

အကောင်အထည်မမြင်ရဘဲ ဆူညံနေတဲ့ ခြေသံတွေကြောင့် မောင်မောင်ရော၊ သူရိန်အောင်ရော ချွေးပြန်သွားတယ်...၊

စိုးရိမ်စိတ်တွေကလည်း ကြီးကြီးမားမား ဖိစီးလာတယ်။

ကောင်မလေးတွေ ခမျာ အကြောက်လွန်ပြီး အသားတွေ တဆတ်ဆတ်တုန်နေကြတယ် . . . ။

သူရိန်အောင်တို့အတွဲလည်း မောင်မောင်တို့ အုပ်စုနားကို တိုးလာတယ်။

သူတို့ ငါးယောက်တစ်သားတည်းဖြစ်အောင် ထိကပ်သွားတယ် . . . ။

နာနာဘာဝကောင်ရဲ့ ခြေသံက ဆယ်မိနစ်လောက်ကြာအောင်ကို ဇရပ်ပေါ်မှာ တဒုန်းဒုန်းမြည်အောင် လမ်းလျှောက်နေတယ်။

ပြီးမှ လှေကားကနေ ဆင်းသွားတယ်။

ခြေသံတွေ ပျောက်ကွယ်ပြီးနောက်မှာ တိတ်ဆိတ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



က ချောက်ချားစရာကောင်းအောင် ပြန်ပြီး ကြီးစိုးလာပြန်တယ်. . . . ၊

သူတို့ အားလုံးရဲ့ နှလုံးခုန်သံတွေကတော့ တဒိန်းဒိန်း ကျယ်လောင်နေတုန်းပဲ . . . ၊

" ဟား . . .ဟား . . .ဟား . . .ဟား . . ."

" ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . "

" **ခါမလေး . . .**"

ရုတ်တရက် ထွက်ပေါ်လာတဲ့ မိန်းမကြီးတစ်ယောက်ရဲ့ ကြောက်မက်ဖွယ်ရယ် သံကြီးတွေနဲ့အတူ ကောင်မလေးတွေရဲ့ စူးစူးဝါးဝါး ထိတ်လန့်တကြားအော်သံက တစ်ပြိုင်တည်းလိုလို ထွက်ပေါ်လာတယ်...။

အခြေအနေက တစ်စထက်တစ်စ ပိုပြီးဆိုးဝါးနေတယ်လို့ မှောင်မှောင်ခံစားနေရတယ်။

ထိတ်လန့်ချောက်ချားစရာ နာနာဘာဝတွေရှိတဲ့။

ဘာမှန်းမသိတဲ့ ဒီနေရာက သူအမြန်ဆုံးထွက်ခွါသွားချင်နေပြီ . . . ၊

ဒါပေမဲ့ ဆိုင်ကယ်နှစ်စီးမှာ သူရိန်အောင်ဆိုင်ကယ်က ပျက်သွားပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့် ဆိုင်ကယ်တစ်စီးပဲ စီးလို့ရတော့တယ်။

ဆိုင်ကယ်တစ်စီး သူကို့ငါးယောက်စီးဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ ဒီအခြေအနေမှာ –

အားကိုးရာက တစ်ခုပဲ ရှိတော့တယ် . . .။

မန္တလေးက သူတို့တည်းခိုမယ့်ဆီ ဖုန်းဆက်၊ လမ်းကြောင်းပြော ပြ၊ ကားနဲ့ လာကြိုဖို့၊

ခက်နေတာက ဖုန်းဆက်လို့ မရတဲ့ကိစ္စ၊

သူ့ရိန်အောင်ဆိုင်ကယ် အကဲဆီးအဖွဲ့ဖြစ်ဖြစ်ချင်း၊ သူတို့ ဇရပ်ဆီရောက်ရောက်ချင်း ဖုန်းနံပါတ်ကြိမ်ခေါ်ပြီးပြီ . . .၊

“ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေပါတယ် ” ချည်းဖြစ်နေတယ်။

မောင်မောင် သူ့ဖုန်းကို ထုတ်ပြီး တတိယအကြိမ် ဖုန်းခေါ်ပြန်တယ် . . .။

ဖုန်းဝင်သွားတယ်၊ ဒါပေမဲ့ တစ်ဖက်က မကိုင်သေးဘူး၊

“ တူ . . . . . . တူ . . . . . . . တူ . . . . . . . ” ဆိုတဲ့ အသံရှည်ကိုပဲ ကြားနေရတယ်၊ သတ်မှတ်ချိန်ပြည့်တဲ့ထိ ဖုန်း မကိုင်ဘူး။

“ ×××××× ဘယ်သွားနေလဲ မသိဘူး . . . ”

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် သူ့တပည့်ကို ဖျစ်ဖျစ်နှစ်နှစ် ဆဲပစ်လိုက်တယ် . . .”

အဲဒီအချိန်မှာ သရဲမရဲ့ ရယ်မောသံတွေပျောက်သွားပြီး ဇရပ်ကြီး တစ်ခုလုံး ကြောက်စရာကောင်းလောက်အောင် ငြိမ်ကျသွားပြန်တယ် . . .။

## “ အလည်လွန်ကြွ ချစ်သူများညာ ”

တကယ်တော့ ဒီနေ့ညဖြစ်ပျက်နေတဲ့ ထိတ်လန့်ချောက်ချားဖွယ်ဖြစ်ရပ်တွေ . . .

ဆင့်ကဲ၊ ဆင့်ကဲဆိုသလို အဆင်မပြေမှုတွေ ပြဿနာတွေ ဖြစ်အောင် ဇာတ်လမ်းစခဲ့သူက သူရိန်အောင်ပဲဖြစ် တယ်၊

သူရိန်အောင်က မောင်မောင့်သူငယ်ချင်း၊

မောင်မောင့်လိုပဲ ကားပစ္စည်းအရောင်းအဝယ်လုပ်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်ပဲ၊

သူငယ်ချင်းကလည်းဖြစ်၊ လုပ်ငန်းချင်းလည်း ဆက်စပ်နေတာကြောင့် သူတို့နှစ်ယောက် ဆက်ဆံရေးက ညီရင်းအစ်ကိုလို ဆက်ဆံရေး ဖြစ်တယ်။

ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



❀

မောင်မောင်က စီးပွားရေးကို ဂရုစိုက်တယ်၊ ပရဟိတ လုပ်ငန်းတွေမှာ ဝါသနာထုံတယ်။

သူရိန်အောင်ကျတော့ လုပ်ငန်းကို ဖိဖိစီးစီးလုပ်ပေမဲ့ ပျော်ချင်ပါးချင်တယ်။ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနေချင်တယ်။

ဒီနေ့ည ကြုံတွေ့နေရတဲ့ ပြဿနာတွေကလည်း သူရဲ့ အပျော်အပါးကနေပဲ စတင်ခဲ့တာဖြစ်တယ်။

သူရိန်အောင် စိတ်အပန်းဖြေဖို့ဆိုပြီး ကာရာအိုကေ သွားဆိုတယ်။

သူ သိချင်းသွားဆိုတဲ့ ကေတီဗွီက မန္တလေးမြို့လယ်က နာမည်ကြီး ကေတီ ွီ၊

အပြင်အဆင်သပ်ရပ်လှပတယ်၊ ဝန်ဆောင်မှုကောင်း တယ်၊ အစားအသောက်လိုတာရတယ်၊ နောက်ပြီး ညှို့ခံတဲ့ နတ်သမီးလေးတွေက အရမ်းလှတယ်။

သူရိန်အောင် အဲဒီကေတီဗွီက အလှနတ်သမီးလေး တစ်ပါးနဲ့ ငြိသွားတယ်။

ဒီအကြောင်းတွေကို မောင်မောင်သိတယ်။

အိမ်ထောင်သည် တစ်ယောက်အနေနဲ့ မဖြစ်သင့်တာ မဖြစ်ဖို့ သတိပေးစကားပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အချင်းချင်းစိတ်ဆိုးမှာကြောင့် ဒီထက် ပိုပြီးလည်း မပြောရဲခဲ့ဘူး။

ခုတော့ သူတို့နှစ်ယောက်ဇာတ်လမ်းထဲမှာ မောင်မောင် ကန့်လန့်ကန့်လန့်ပါနေရပြီ . . .၊

ည (၈) နာရီလောက်မှာ သူရိန်အောင် မောင်မောင့်ဆီ ဖုန်းဆက်တယ် . . .၊

" ကိုမောင်ရေ၊ ဒုက္ခပေးတယ် မအောက်မေ့ပါနဲ့၊ တစ်ခု ကူညီပါဦးဗျာ . . ."

" ညကြီးမင်းကြီး၊ အေးကလည်း အေး၊ ဘာအကူ အညီတွေ တောင်းဦးမှာလဲ မသိဘူး . . . "

မောင်မောင်စိတ်ထဲကတွေးရင်း၊ သူရိန်အောင်ကို ပြန် ပြောတယ် . . .၊

" အေး . . . အေး . . . ပြော . . . သူရိန်၊ ဘာ ကူညီရမလဲ . . . "

" ဒီလို ကိုမောင်ရေ၊ ဒီနေ့က ဖေဖော်ဝါရီ ၁၄ ရက် ချစ်သူများနေ့လေ . . .

ကျွန်တော့် ကောင်မလေးနဲ့ ကျွန်တော် လျှောက်လည် ဖို့ စီစဉ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သူက ဗေဒင်သွားမေးချင်တယ်တဲ့ဗျာ . . .၊

သူ့ သူငယ်ချင်းကောင်မလေးနှစ်ယောက်လည်း လိုက်မယ်။

အဲဒီ ကျွန်တော်တို့ကို ကိုမောင်ကားနဲ့ လိုက်ပို့ပေးပါဦး . . . ”

“ အေး . . . ရတယ်၊ မင်းတို့ကို ဘယ်မှာ လာခေါ်ရမလဲ . . . ”

“ . . . လမ်းထဲက မိုးနတ်သူဇာ ကေတီဗွီရှေ့ကို ည ၁၀ နာရီ ရောက်အောင်လာပေးပါ။

ကျွန်တော်တို့ ထွက်စောင့်နေမယ် . . . ”

“ အေး . . .အေး . . . ငါဆက်ဆက်လာခဲ့မယ် . . ”

မောင်မောင် ဖုန်းပိတ်လိုက်တယ်။

လောလောဆယ် သူ့ ‘ လိုက်ထရပ် ’ ကခရီးလွှန်နေတယ်၊ တပည့်ရင်းဝင်းကိုနဲ့ အော်ဒါ ပါသွားတယ်။

ကိုးနာရီလောက်ပြန်ရောက်မယ်။

မောင်မောင် စိတ်အေးလက်အေးပဲ နေလိုက်တယ်။

ဖြစ်ချင်တော့ ကားက ၉ နာရီကျော်တဲ့ အထိ ပြန်ရောက် မလာဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုဆီဖုန်းခေါ်တော့လည်း ဖုန်းကမဝင်ဘူး၊

ဒီလိုနဲ့ ကိုးနာရီခွဲသွားတယ်။

သူရိန်အောင်ချိန်းထားတဲ့အချိန် နီးလာတာကြောင့် မောင်မောင် ဆိုင်ကယ်နဲ့ပဲ ထွက်လာခဲ့တယ် . . .။

ဆယ်နာရီထိုးကာနီးပြီ၊ ညလည်း တော်တော်နက်နေပြီ . . .၊

ဒါပေမဲ့ မန္တလေးမြို့ကြီးကတော့ ရစ်သမ်မှန်နေတုန်း၊ လမ်းမီးတိုင်တွေ၊ ဆိုင်းဒီယမ်မီးလုံးတွေနဲ့ ညအမှောင်ကို အန်တုနေတယ် . . .၊

ကျယ်ပြန့်တဲ့ လမ်းတွေပေါ်မှာ ကားတွေ၊ ဆိုင်ကယ်တွေ မီးတဝင်းဝင်းနဲ့၊ ဟွန်းသံတညံညံနဲ့ ဟိုမှသည်၊ သည်မှဟို ရှုပ်ရှုပ်ထွေးထွေးပြေးလွှားနေတယ် . . .။

အထပ်မြင့်တိုက်ကြီးတွေပေါ်မှာ၊ အခြားတိုက်တာ အဆောက်အအုံတွေပေါ်မှာ မီးရောင်စုံဆိုင်းဘုတ်တွေက နီလိုက် စိမ်းလိုက်၊ ပြာလိုက်၊ ဝါလိုက်နဲ့ . . .၊

အတိတ်ခေတ်ဟောင်းအခြေအနေတွေနဲ့ လုံးဝကွဲပြား ခြားနားခဲ့ပေမဲ့ မန္တလေးအသစ်ကလည်း တစ်မျိုးတင့်ရှု လှပနေတုန်းပါပဲ . . .၊

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ဆိုင်ကယ်စီးကျွမ်းကျင်သူ ပီပီ အရှိန်ကို မြှင့်တယ်၊

ရှုပ်ထွေးနေတဲ့ ကားတွေ ဆိုင်ကယ်တွေကို ကျော်လိုက်၊ ဝိုက်လိုက်၊ တိမ်းလိုက်၊ ယိမ်းလိုက်နဲ့ မောင်းနှင်လာတယ် . . ။

မိုးနတ်သူဇာ ကေတီဗွီရောက်တော့ ဆယ်နာရီတိတိ။

သူ့ဆိုင်ကယ် ထိုးအရပ်၊ သူရိန်အောင်နဲ့ မချောလေးတွေကလည်း ဆိုင်ထဲက ထွက်အလာ အချိန်ကိုက်ပါပဲ။

မောင်မောင်က ကားခရီးလွန်နေတဲ့အကြောင်း ရှင်းပြတယ်။

" ဒါဆိုလည်း ရပါတယ်။

မီမီက ကိုယ့်ဆိုင်ကယ်နဲ့လိုက်၊

ညီမတို့ နှစ်ယောက်က ကိုမောင့်ဆိုင်ကယ်နဲ့ လိုက်၊

ကိုမောင် အဆင်ပြေတယ်မဟုတ်လား . . . "

သူရိန်အောင်က သူ့ဘာသာ အစီအစဉ်ချပြီး မောင်မောင့်ကို မေးတယ်၊

မောင်မောင် ခေါင်းညိတ်ပြလိုက်တယ်။

" အိုကေ . . . ကျွန်တော်ရှေ့ကသွားမယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



သူရှိန်အောင် သူ့ဆိုင်ကယ်ပေါ်တက်ခွပြီး စက်နှိုးတယ်။

မိမိဆိုတဲ့ သူ့ကောင်မလေး ဆိုင်ကယ်ပေါ်တက်၊ သူ့ ခါးကိုဖက်လိုက်တာနဲ့ ဝေါခနဲ ထွက်သွားတယ်။

မောင်မောင်၊ မချောလေးနှစ်ယောက်ကို တင်ပြီး သူရှိန် အောင့် ဆိုင်ကယ်နောက်က လိုက်လာခဲ့တယ်။

သူတို့ ဆိုင်ကယ်တွေက တစ်စတစ်စနဲ့ မန္တလေးမြို့ ပြင်ဘက်ရောက်လာတယ်။

မောင့်မောင်က သူ့ဆိုင်ကယ်ကို အရှိန်အနည်းငယ် လျှော့ချလိုက်တယ် . . .။

" သူတို့ ဘယ်ကိုသွားမယ်လို့ ပြောလဲ . . . "

ခေါင်းကိုစောင်းငဲ့ပြီး နောက်က မချောလေးတွေကို အော်မေးတယ် . . .၊

" သမီးတို့ မသိဘူး အစ်ကို . . . "

မောင်မောင်နဲ့ ကပ်လျက်ကောင်မလေးက ပြန်ပြော တယ်၊ ဆိုင်ကယ်အရှိန်ကြောင့် လေတဝူးဝူးတိုက်နေတယ်၊

အသံတွေကလည်း ကြားလိုက်၊ မကြားလိုက်မို့ မောင်မောင် ဘာမှမမေးတော့ဘဲ ဆိုင်ကယ်ကိုပဲ ဂရုစိုက် မောင်းလာခဲ့တယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး – ရန်ကုန် အမြန်လမ်းမကြီးပေါ်တက်ကာနီး ကျ သူရိန်အောင် သူတို့ကို စောင့်နေတယ်။

မောင်မောင်ဆိုင်ကယ်အရှိန်လျှော့ပြီး သူရိန်အောင် ဆိုင်ကယ်ဘေးမှာ ယှဉ်ရပ်လိုက်တယ် . . .။

မန်းရဲ့ခေါင်းက ရက်ရက်စက်စက် အစွမ်းပြနေတာ ကြောင့် ဂျာကင်ဇစ်ကို အဆုံးထိရောက်အောင် ဆွဲစေ့တယ်။

ခေါင်းစွပ်ကိုလည်း နားရွက်ဖုံးအောင် ဆွဲချလိုက်တယ်။

အအေးသည်းထန်လွန်းတာကြောင့် လက်အိတ်စွပ် ထားတာတောင် လက်ချောင်းတွေ ထုံကျဉ်နေတယ် . . .၊

ဆိုင်ကယ်မီးရောင်အောက်မှာ အားနာပြုံးပြုံးရင်း၊ သွားဖြဲပြနေတဲ့ သူရိန်အောင် မျက်နှာကို မြင်ရတယ် . . .၊

" တော်တော်ချမ်းနေလား၊ ကိုမောင် . . . "

" အေးကွာ၊ မင်းတို့တော့ မသိဘူး ၊ ငါတော့ တော်တော်ချမ်းတယ်ဟ . . . "

" ရောက်တော့မယ်နဲ့တူတယ် ကိုမောင်ရ၊ ကျွန်တော် လည်း မရောက်ဖူးဘူး၊ မိမိက တစ်ခေါက်ရောက်ဖူးတယ်တဲ့...။

ဒါ့ကြောင့် သူလမ်းပြတဲ့အတိုင်း မောင်းနေရတာ . . .၊

ရှေ့နားက မြို့လို့ ပြောတာပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ်ကွာ၊ ခုမှတော့ မထူးပါဘူး၊ ရောက်အောင်သာ သွားပေတော့ . . .၊ ဒါထက် ဗေဒင်ဆရာက ညနက်သန်းခေါင်မရှောင် ပေါတာပဲလား . . ."

" ကျွန်တော်လည်း အဲဒါကို မိမိမေးကြည့်သေးတယ်၊ ၂၄ – နာရီ လာချင်တဲ့အချိန်လာ အဆင်သင့်ပဲလို့ ပြောတယ်တဲ့. . ."

" ဒါဆိုလည်း ဆက်ပြီး ချီတက်ပေါ့ကွာ . . ."

သူတို့ ဆိုင်ကယ်နှစ်စီး အမြန်လမ်းမကြီးအတိုင်း ဆက်မောင်းလာကြတယ် . . .၊

တစ်နာရီလောက်ကြာတော့မှ မြို့ငယ်လေးတစ်မြို့ကို တွေ့တယ် . . .၊

မှုန်ပွားပွားလင်းနေတဲ့ လမ်းမီးရောင်တွေအောက်မှာ တစ်မြို့လုံးလိုလို အိပ်မောကျနေပြီ . . .၊

အသက်ဝင်လှုပ်ရှားနေတာဆိုလို့ ကားလမ်းနံဘေးက လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ပဲရှိတယ် . . .၊

လက်ဖက်ရည်ဆိုင်ရှေ့မှာ အဝေးပြေးကားကြီး နှစ်စီး ရပ်ထားတယ်။

လူအချို့ လက်ဖက်ရည်သောက်နေကြတယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တို့အုပ်စု ဆိုင်ကယ်တွေရပ်ပြီး လက်ဖက်ရည်ဆိုင်ထဲဝင်တယ်၊

လက်ဖက်ရည်နှင့် မုန့်တွေမှာပြီး စားကြသောက်ကြတယ် . . . ၊

" ဖေဒင်ဆရာအိမ်က ဘယ်နားမှာလဲ မိမိ . . . "

မောင်မောင် သူ့ရိန်အောင်ကောင်မလေးကိုမေးလိုက်တယ်။

" ဒီမြို့ထဲမှာတော့ မဟုတ်ဘူးအစ်ကို၊ ဒီကနေ တစ်ဆင့် ရွာလေးတစ်ရွာကို သွားရဦးမှာ . . . ၊

အရင်တစ်ခေါက်လာတုန်းက နေ့ဘက်ဆိုတော့ အခု မျက်စိလည်ပြီး မမှတ်မိဘူးဖြစ်နေတယ် . . . "

မိမိက လက်ဖက်ရည်ခွက်ကို စားပွဲပေါ်ပြန်တင်ရင်း ပြောတယ် . . . ၊

" ရွာနာမည်က ဘာတဲ့လဲ . . . "

" တမာမြိုင်တဲ့ အစ်ကို . . . "

မောင်မောင် ငွေရှင်းကောင်တာက ဆိုင်ရှင်အမျိုးသားဆီ သွားပြီး တမာမြိုင်ရွာသွားရမယ့်လမ်းကြောင်းကိုမေးတယ်။

တမာမြိုင်ရွာကိုသွားမယ်ဆိုတဲ့ စကားကြောင့် ဆိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားတယ်။

“ ခင်ဗျားတို့က ဒီအချိန်ကြီးကျမှ တမာမြိုင်ကို ဘာကိစ္စသွားကြမှာလဲ . . . ”

“ ဗေဒင်သွားမေးမလို့ပါ . . . ”

“ ရွာကိုတော့ လမ်းညွှန်လို့ ရပါတယ်၊

ဒါပေမဲ့ ခင်ဗျားတို့ မသွားသင့်ဘူးနော်၊

အရမ်းအန္တရာယ်များတယ်။

အခု မန္တလေးကို ပြန်၊ မနက်လင်းမှ ပြန်လာပြီး မေးရင် ကောင်းမယ် . . . ”

မောင်မောင် သူတို့ဝိုင်းကို ပြန်လာတယ်၊

ဆိုင်ရှင် ပြောတဲ့စကားအားလုံး၊ တစ်လုံးမကျန်ပြန်ပြော တယ်၊

“ ဒီရောက်နေမှတော့ အစ်ကိုရယ်၊ ဆက်သွားရ အောင်ပါ . . . ”

မိမိက သူရိန်အောင့်လက်ကို လှုပ်ယမ်းပြီး ချွဲချွဲနွဲ့နွဲ့ ပြောတယ် . . . ၊

“ ဟုတ်တယ် အစ်ကို၊ ညီမတို့လည်း သွားချင်တယ် ဗေဒင်က အရမ်းမှန်တယ်ဆိုလို့ ဆိုင်က မနည်းခွင့်တောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လာရတာ၊

နောက်ဆို ခွင့်ကလည်းရမှာ မဟုတ်လို့ပါအစ်ကိုရာ နော် . . .၊

ကောင်မလေးနှစ်ယောက်ကပါ ဝိုင်းပြီး ပူဆာတယ်၊

“ မိန်းမတွေများ သိပ်ခက်၊ ညကြီးမင်းကြီး အန္တရာယ်ရှိတဲ့လမ်းပေါ် ပြောတာတောင် အငမ်းမရ သွားချင်နေတယ်၊ ဖြစ်လာရင်၊ သူတို့ပဲ မျက်လုံးလေးကလယ်ကလယ်နဲ့ ”

မောင်မောင် စိတ်ထဲက ပြောပစ်လိုက်တယ်။

ဒါပေမဲ့ ခဏအကြာမှာတော့

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က “ မသွားသင့်ဘူး၊ အန္တရာယ်ရှိတယ် ” လို့ အတန်တန်တားတဲ့ကြားကပဲ . . .

တမာမြိုင်ရွာကို သွားရမယ့် လမ်းကြောင်းမေးပြီး သူတို့ ဆိုင်ကယ်နှစ်စီး ဆက်ထွက်လာခဲ့ရပြန်ပါတယ် . . .။

## “ အိမ်မည်းကြီးက မေခင်ဆရာ ”

မန္တလေး–ရန်ကုန် လမ်းမကြီးအတိုင်းဆက်ထွက်လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်မိုင်လောက်စီးမိတော့ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ညွှန်လိုက်တဲ့အတိုင်း မြောင်းကျော်တံတားတစ်ခုကို တွေ့တယ်။

မြောင်းက ဆည်ရေမြောင်း၊ လယ်တွေယာတွေကို ဆည်ရေလွှတ်ပေးဖို့ အစိုးရအမှ တည်ဆောက်ထားတဲ့ ကွန်ကရစ်မြောင်း၊

ဒီတော့မှ သူတို့ အမြန်လမ်းမကြီးပေါ်ကနေ ဘယ်ဘက်ကို ဖဲ့ဆင်းလိုက်တယ်။

မြောင့်တန်းနေတဲ့ မြောင်းပေါင်ဘောင်းမှာ မျှဉ်းဖြိုင်တစ်ကြောင်းလို ယှဉ်သွားနေတဲ့ မြေသားလမ်းတစ်လမ်းရှိနေတယ်...။

" ဟုတ်တယ်၊ ဟုတ်တယ် အစ်ကို၊ ဒီလမ်းက ဗေဒင်ဆရာကြီးနေတဲ့ ရွာကို သွားတဲ့လမ်း၊ မြောင်းပေါင်ဘောင်းက လမ်းအတိုင်း တည့်တည့်လိုက်သွားရတာ၊

ရွာဝင်ဝင်ချင်း လမ်းထိပ်နှစ်အိမ်ကျော်က ခြံဟာ ဗေဒင်ဆရာကြီးရဲ့ ခြံပဲ . . . "

တစ်ခေါက်ရောက်ဖူးတဲ့ မီမီက ရေမြောင်းပေါင်နဲ့ လမ်းကိုမြင်မှ သတိပြန်ရပြီး ပြောတယ်။

သူတို့ဆိုင်ကယ်နှစ်စီးရှေ့မီးကြီးတွေ အားကိုးပြီးမြောင်းပေါင်ဘောင်းလမ်းအတိုင်း ဆက်လိုက်လာခဲ့ကြတယ် . . ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီလောက် ဝင်လာရတယ်။

လမ်းအဆုံးမှာ ရွာတစ်ရွာကိုတွေ့တယ်။

ဆိုင်ကယ်အရှိန်လျှော့၊ မြို့တွေကြည့်စီးလာတယ် . .။

" ဒီမြို့ပဲ အစ်ကို . . . "

မီမီပြောတဲ့ မြို့ရှေ့မှာ ဆိုင်ကယ်တွေ ရပ်လိုက်ကြတယ်. . . ။

" ၂၄ နာရီ လာချင်တဲ့ အချိန်လာ၊ အဆင်သင့်ပဲ " ဆိုတဲ့ စကားအတိုင်းပါပဲ။

ညဆယ်နှစ်နာရီလောက် ဖြစ်နေပေမဲ့ မြို့တံခါး ပိတ်မထားဘူး။ ဖွင့်ထားတုန်း။

မြို့ကြီးထဲမှာ ရေနံချေးတွေ ဝအောင်သုတ်ထားတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်မည်းကြီး တစ်လုံးရှိနေတယ်။

မြို့ရှေ့ဆိုင်ကယ်ရပ်တာနဲ့ အရပ်ခပ်ပုပု လူတစ်ယောက်သူတို့ဆီ ရောက်လာတယ် ။

" ဆရာကြီးရှိလား ဦးလေး . . . ၊ သမီးတို့ ဗေဒင်မေးချင်လို့ပါ . . . "

မီမီက ရောက်ပူးသူပီပီ၊ နှုတ်သွက်လျှာသွက် ပြောလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



" အေး . . . အေး ဆရာကြီး ရှိတယ်၊ လာကြ
လာကြ . . . "

သူရိန်အောင်နဲ့ မချောလေးသုံးယောက် လာကြိုတဲ့
လူကြီးနဲ့ လိုက်သွားတယ်၊

မောင်မောင်ကတော့ လိုက်မသွားတော့ဘူး၊

" ငါမလိုက်တော့ဘူး သူရိန်၊ မြန်မြန်မေးပြီးသာ မြန်
မြန်ထွက်ခဲ့၊ အချိန်က တအားလင့်နေပြီ . . . "

မောင်မောင် သူရိန်အောင်ကို ပြောတယ်၊

ပြီးတော့ မြဲရှေ့အုတ်ခုံပေါ်မှာ ထိုင်၊ ဖုန်းကိုထုတ် ဂိမ်
ဆော့ နေလိုက်တယ် . . . ၊

ရွာလမ်းတစ်တန်းလုံးလမ်းမီးတိုင်တွေရှိတာကြော
အလင်းရောင်ရနေတယ်။

ဒါပေမဲ့ လမ်းမီးနဲ့ ဝေးတဲ့ ဘက်မှာတော့ အမှောင်က
နက်နက်ရှိုင်းရှိုင်းကြီးစိုးနေတုန်းပဲ။

နာရီဝက်လောက်ကြာတော့ သူရိန်အောင် ထွက်လ
တယ်။

" ကိုမောင်၊ အိမ်ပေါ်လိုက်ခဲ့ဦး ဆရာကြီးက အခေါ်ခိုင်
. . . "

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင် စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်တယ်၊ အချိန်က ညဉ့်နက်သန်းခေါင် ဖြစ်နေပြီ၊

ပေဖော်ဝါရီရဲ့ အအေးဓာတ်ကလည်း အရိုးခိုက်အောင် ပြင်းထန်နေတယ် . . .။

နောက်ပြီး၊ မရင်းနှီးတဲ့ ဒေသစိမ်း၊ နယ်မြေစိမ်း၊ လုံခြုံမှုမရှိဘူးလို့ စိတ်ထဲမှာ ခံစားနေရတယ်။

အိမ်ကြောင့် ပြန်ချင်နေတယ်။

သူရိန်အောင် ထွက်လာလို့ပြီးပြီ ပြန်ရတော့မယ် ထင်ပေမဲ့ ခုတော့ မဟုတ်ပြန်ဘူး။

ဗေဒင်ဆရာက သူ့ကို ခေါ်နေတယ်တဲ့၊

ဗေဒင်တွေ နတ်ပွဲတွေနဲ့ ပတ်သက်ရင် မောင်မောင်က စိတ်မဝင်စားဘူး။

စိတ်မဝင်စားပေမဲ့ မယုံဘူးတော့ မဟုတ်ဘူး၊ အဲ ယုံတယ်လည်း မဟုတ်ဘူး။

သူ့ဘာသာ ရှိချင်ရှိမယ်၊ ရှိချင်မှလည်း ရှိမယ်၊

ဘယ်လိုပဲဖြစ်ဖြစ်၊ ယုံယုံ၊ မယုံယုံ၊ မစော်ကားဘူး၊ မပုတ်ခတ်ဘူး။ ကိုယ့်ဘာသာနေမယ်ဆိုတဲ့ စိတ်မျိုးရှိတယ်...၊



www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်ကြောင့်လည်း ဗေဒင်ဆရာဆီကို သူလိုက်မသွားခဲ့တာ၊

ခုလို ခေါ်ခိုင်းလိုက်တယ်ဆိုတော့လည်း . . .၊

" မကောင်းပါဘူးလေ " ဆိုပြီး မောင်မောင်လိုက်သွားတယ်။

နှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်မည်းကြီးရဲ့ အောက်ထပ်ဟောခန်းထဲမှာ ဆရာကြီးကို တွေ့ရတယ်။

" မင်းတို့ ငါးယောက်စလုံးနဲ့ ပတ်သက်ပြီး အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လိမ့်မယ်လို့ ဆရာမြင်နေတယ် . . .၊

မင်းအနေနဲ့လည်း အပြင်မှာ အန္တရာယ်ရှိတယ်၊ ဒါ့ကြောင့် ငါ အခေါ်ခိုင်းလိုက်တာ . . . "

အမှန်အတိုင်းဝန်ခံရရင် နတ်ကတော်တွေ၊ ဗေဒင်ဆရာတွေရဲ့ လေသံကို မောင်မောင် သိပ်မကြိုက်ဘူး။

သူတို့ပဲ အတတ်၊ သူတို့ပဲအသိ၊ သူတို့ပဲအတော်၊ သူတို့ပဲ နားလည်၊ သူ့လိုလူ ဗမာပြည်မှာ မရှိဘူးဆိုတဲ့ အသံတွေနဲ့ အပေါ်စီးကနေ ပြောတတ်ကြတယ် . . .။

ခုလည်း ဒီလိုပဲ တော်ရုံတန်ရုံလူ သွေးပျက်သွားနိုင်တဲ့ စကားလုံးတွေနဲ့ မောင်မောင်ကို ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လိမ့်မယ်တဲ့၊

သူက ဘယ်လောက်တန်ခိုးရှိလို့ သိနိုင်တာလဲ။

ဗေဒင်ဆရာမှဟုတ်ရဲ့လား။ မှော်ဆရာကြီးလား။

မိမိအသေမဟုတ်တဲ့ အခြား။ တစ်ပါးရပ်ရွာမှာ ညဉ့်နက်

သန်းခေါင်မှောင်နဲ့ မည်းမည်းမှာ ရောက်နေရသူတွေကို

အန္တရာယ်ကျရောက်မယ်လို့ ပြောတာဟာ ခြိမ်းခြောက်တာပဲ။

မအီမသာ အတွေးတွေကြောင့် မောင်မောင်စိတ်ကသိ

ကအောင့် ဖြစ်သွားတယ်။

" ဒါ့ကြောင့် မင်းတို့အားလုံးမပြန်ကြနဲ့တော့ . . .၊

ဒီမှာပဲ ညအိပ်ကြ၊ ဘာမှမဖြစ်စေရဘူး။ ငါ တာဝန်ယူ

တယ် . . .၊ မနက်ကျမှ ထပြန်ကြပေါ့ . . . "

ဆရာကြီးက ထပ်ပြောတယ်။

မောင်မောင် သူရိန်အောင်ကို ကြည့်လိုက်တယ်။

သူရိန်အောင်ကလည်း မောင်မောင်ကို ကြည့်နေတယ်။

ကောင်မလေးတွေကတော့ မောင်မောင်ကို တစ်လှည့်

ရိန်အောင်ကိုတစ်လှည့် ကြည့်နေကြတယ် . . .။

မောင်မောင် သူရိန်အောင်ကို မသိမသာ ခေါင်းယမ်းပြ

လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူရိန်အောင်ကလည်း သူ့ကို ခေါင်းညိတ်ပြတယ်။

ကောင်မလေးတွေရဲ့ အမူအရာကလည်း ဘာပဲဖြစ်ဖြစ် မန္တလေးအရောက်မြန်မယ်၊ ဒီမှာ ညမအိပ်ချင်ဘူးဆိုတဲ့ အမူအရာရှိတယ် . . . ၊

ကောင်မလေးတွေမပြောနဲ့ မောင်မောင်တောင် ဒီအိမ်ကြီးမှာ ခဏနေရတာကို စိတ်ထဲက သရိုးသရီဖြစ်မိတယ်။

ကြည့်လေ၊ လျှပ်စစ်မီးရှိပေမဲ့ တစ်အိမ်လုံး လင်းလင်းကျင်းကျင်း ရှိအောင် ထွန်းမထားဘူး။

ဟောခန်းထဲမှာ မသဲမကွဲ မှုံရီဝိုးဝါးမြင်ရရုံ မီးလေးတစ်ပွင့်ပဲ ထွန်းထားတယ်။

ဗေဒင်ဆရာကြီးရဲ့ နောက်ကျောဘက်မှာလည်း ဘာမှန်းမသိတဲ့ အရုပ်တွေ ချထားတယ်။

အရုပ်တွေက မြင်နေတွေ့နေကျ နတ်ရုပ်မျိုးမဟုတ်ဘူး

အမြင့်တစ်ပေလောက်ရှိတဲ့ လူအရုပ်တွေ၊ အချို့အရုပ်တွေက ခေါင်းပြတ်တွေ . . . ၊

ဟောခန်းထဲ ဝင်လိုက်တာနဲ့ သာမာန်လူတစ်ယော က်ကို လိပ်ပြာငယ်သွားအောင်၊ ချောက်ချားစိတ်ဝင်လာအောင် တမင် ဖန်တီးထားတဲ့ ရိုက်ချက်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



" ငါက အလုပ်တွေရှိသေးတယ်၊ ညအိပ်လို့မဖြစ်ဘူး"

မောင်မောင် သုရိန်အောင်ကို ပြောတယ်။

" ဟုတ်တယ် ကျွန်တော်လည်းပြန်မယ် . . . "

" သမီးတို့လည်း ပြန်ချင်တယ် . . . "

အားလုံးက ပြန်ပဲပြန်ချင်ကြတယ်၊ ဒါ့ကြောင့် မောင်မောင်ကပဲ ကြည့်ကောင်းအောင် ပြောလိုက်တယ် . . .၊

" ကျေးဇူးတင်ပါတယ် ဆရာကြီး . . .၊

ဒါပေမဲ့ နောက်ပိုင်းမှာကလည်း အလုပ်တွေက တန်းလန်းနဲ့မို့ မအိပ်တော့ပါဘူး။

ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် . . . "

" ပြန်ချင်လည်း ပြန်ကြပေါ့ကွာ . . . "

ငါက တစ်ခုခု ဖြစ်မှာစိုးလို့ ပြောတာ . . .၊

မင်းတို့ အပေါ် အန္တရာယ်ကျမှာကို ငါ ကြိုတင်မြင်နေတယ် . . .၊

တားလို့မရတော့လည်း မတတ်နိုင်ဘူး။

သတိထားပြီး ပြန်ကြပေါ့ကွာ . . . "

ဆရာကြီးက အဆုံးစကားပြောတယ်။

မောင်မောင်တို့လည်း နှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်...၊



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာတော့ မှောင်မည်းနေတုန်း၊ ခိုက်ခိုက်တုန်အောင် ချမ်းနေတုန်း . . .၊

ဘယ်လိုပဲဖြစ်ဖြစ်၊

ရှုံ့စိတ်၊ ကြောက်စိတ်တွေ ဖြစ်အောင်၊ လိပ်ပြာငယ်အောင် ဖမ်းစားနေတဲ့

သည်အိမ်မည်းကြီးက ထွက်လာရတာကိုပဲ . . .

ပေပ်လက်ကလွှတ်သွားတဲ့ လမင်းကြီးလို . . .

အောက်လမ်းမှော်ဆရာလက်က လွတ်မြောက်ခဲ့ရသလို . . . မောင်မောင် ဝမ်းသာနေတယ် . . .၊

တစ်ခုတော့ ရှိတယ် . . .၊

"အန္တရာယ်ကျရောက်လိမ့်မယ်" လို့ တိတိကျကျကြီးပြောလိုက်တဲ့ ဗေဒင်ဆရာကြီးရဲ့ အသံနဲ့ . . .၊

"အရမ်းအန္တရာယ်များတယ်၊ ဒီည ဒီရွာကို မသွားသင့်ဘူး" လို့ မျက်လုံးပြူး မျက်ဆံပြူး တားမြစ်ခဲ့တဲ့ လက်ဖက်ရည်ဆိုင် ပိုင်ရှင်ရဲ့ အသံတွေက မောင်မောင့်နားထဲ တစ်လှည့်စီ ဝင်လာနေတယ် . . .၊

ကြောက်စရာအရိပ်မည်းကြီးလို လွှမ်းမိုးနေတယ်...၊

"ဒီ . . . ဘာစကားတွေလဲ . . .၊



www.burmeseclassic.com

www.burmeseclassic.com


ဘာလို့ ပြောကြတာလဲ . . .၊

ဒီလမ်းခရီးမှာ အန္တရာယ်ပြုနိုင်တဲ့ တစ်စုံတစ်ခုရှိတာကို အသေအချာ သိနေကြတာလား . . .၊

အဲဒီတစ်စုံတစ်ခု ဆိုတာကရော ဘာလဲ . . .၊

လူဆိုး သူခိုး တွေလား . . .၊

ဒါမှမဟုတ် . . .၊

နာနာဘာဝ တစ္ဆေသရဲလား . . .”

အဲတွေးမျိုးစုံက သူ့နောက်ကို ကပ်ငြိလိုက်ပါလာကြတယ် . . .၊

အမှန်တော့ သူတို့သွားမယ့် လမ်းမှာ သရဲခြောက်တယ်လို့ အလွန်နာမည်ကြီးတဲ့ သင်္ချိုင်းကုန်းတစ်ခုရှိတယ် . . .၊

နေ့ခင်းကြောင်တောင်တောင် ခြောက်တတ်လို့ သင်္ချိုင်းကုန်းအနီးကို ဘယ်သူမှ အဖော်မပါဘဲ မသွားရဲကြဘူး . .

ဒီသင်္ချိုင်းကုန်းရဲ့ သရဲအလွန်ခြောက်တယ်ဆိုတဲ့ သတင်းက ရွာနီးချုပ်စပ်မှာ သတင်းကြီးနေတယ်။ လူပြောသူပြော များနေတယ် . . .၊

ဒီသတင်းတွေကြောင့် ဒီလမ်းခရီးကို မသွားဖို့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကရော၊ ဖေခင်ဆရာကြီးကပါ တားကြ


www.burmeseclassic.com

www.burmeseclassic.com



ကြတာပါ။

ဒီအကြောင်းကို လူစိမ်းတွေဖြစ်တဲ့ မောင်မောင်တို့ တစ်ဖွဲ့လုံးက မသိကြဘူး။

ဒါ့ကြောင့်လည်း မျက်ကန်းတစ္ဆေမကြောက်၊ အကြောက်အလန့်မရှိသွားနေကြတာဖြစ်တယ် . . .

အဲဒီသချိုင်းကုန်းက သူတို့သွားနေတဲ့ လမ်းဘေးမှာ ကပ်ပြီး ရှိနေတယ် . . .၊

အခု သူတို့ကို စောင့်နေလေရဲ့ . . . ”

## “ ထူးခြားတဲ့ အဖြစ်အပျက် ”

မောင်မောင်တို့ ဆိုင်ကယ်နှစ်စီး ရှေ့မီးကြီးတွေ အား ကိုးပြီး အမှောင်ထဲ တိုးဝင်ခဲ့ကြတယ် . . .။

စူးပြီးလင်းထိန်နေတဲ့ မီးရောင်ကြောင့် လမ်းကို ကောင်းကောင်းမြင်ရတယ် . . .၊

လမ်းက ဆည်ရေပေး ကွန်ကရစ်မြောင်းဘေးမှာ ကပ် လျက်အတိုင်း တစ်ဖြောင့်တည်း ဖြစ်တယ် . . .၊

မြေသားလမ်းပေမဲ့ ကျောက်စရစ်၊ သဲရောမြို့လမ်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်မှာတယ်။

လမ်းဖြတ်ကြောင်းငယ်တွေ၊ လူကူးတံတားတွေမရှိတဲ့အတွက်လည်း ကောင်းမွန်ချောမွေ့တဲ့ လမ်းလို့ ဆိုနိုင်တယ်...၊

လမ်းကောင်းပေမဲ့ ညဖြစ်နေတာရယ်၊ လေတိုးပြီးအရမ်းအေးတာရယ်ကြောင့် မောင်မောင်၊ သူ့ဆိုင်ကယ်ကို ရှေ့က မှန်မှန်လေးပဲ မောင်းလာတယ်။

လမ်းတစ်နေရာရောက်တော့ သူရိန်အောင်ဆိုင်ကယ်က အရှိန်မြှင့်လိုက်လာပြီး မောင်မောင့် ဆိုင်ကယ်ကို ကျော်တက်သွားတယ်။

မောင်မောင်လည်း သူ့ဆိုင်ကယ် ကျန်မနေရစ်အောင်အရှိန်ထပ်မြှင့်တယ်။

ဝါးနှစ်ပြန်အကွာလောက်ကပဲ ခွါပြီးလိုက်ခဲ့တယ်။

သူ့ဆိုင်ကယ်ရဲ့ မီးရောင်အောက်မှာ သူရိန်အောင်ဆိုင်ကယ်က ကျားသစ်ရိုင်းတစ်ကောင်လို ပြေးနေတယ်။

မိမိက အေးတစေင်းထိုင်ပြီး သူရိန်အောင် ခါးကို ဖက်ထားတယ်။

သူမရဲ့ကိုယ်လုံးလေးကို သူရိန်အောင် ကျောနှင့်အောင်လေကွယ်ပြီး လိုက်လာတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်စီးဦးထုပ်အပြင်ဘက်က ဆံနွယ်တွေက နောက်ဘက်ကို တလွင့်လွင့် လွင့်နေကြတယ်။

ရုပ်ရှင်၊ ဗီဒီယိုတွေထဲက မင်းသားနဲ့ မင်းသမီး ဆိုင်ကယ် စီးလာတဲ့အတိုင်းပဲ . . .။

မောင်မောင်၊ သူရိန်အောင်တို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးလိုက်မိတယ် . . .။

ဒါပေမဲ့၊ သူ့အပြုံးတောင် မဆုံးလိုက်ဘူး . . .။

" ဟာ . . . "

" ဒုန်း . . . "

" ဝုန်း . . . "

" အား . . . "

" အမလေး . . . "

သူရိန်အောင်ရဲ့ ဆိုင်ကယ်တစ်စုံတစ်ခုကို တိုက်မိလေရဲ့ အလျင်နဲ့ တစ်ဟုန်ထိုး ပြေးလာတဲ့မြင်းကို ရုတ်တရက် ဇက်ကြိုးဆောင့်ဆွဲလိုက်သလို ဆိုင်ကယ်တို့ခနဲ ရပ်၊ လဲကျ၊

မောင်းလာတဲ့ အရှိန်နဲ့ သူရိန်အောင်ရော သူ့ကောင်မလေး ဗီဗီပါ လေထဲ မြောက်တက် ဆိုင်ကယ်ရဲ့ ရှေ့သိမ်းပေါ် ပစ်ကျသွား . . .၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာက လျှပ်ပြက်သလောက်ပဲ ကြာတယ်၊ တကယ့်ခဏလေး၊

မောင်မောင့် မျက်စိထဲမှာတော့ ဆိုင်ကယ်မီးရောင်အောက်က မြင်ကွင်းကို ရုပ်ရှင်အနှေးပြနေသလို ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်းမြင်လိုက်ရတယ်။

မောင်မောင်ဆိုင်ကယ်ကို အမြန်ထိုးရပ်ပြီး သူရိန်အောင်တို့ဆီ ပြေးသွားတယ်။

ကောင်မလေး နှစ်ယောက်ကလည်း သူ့နောက်က ပြေးလိုက်လာကြတယ်။ သူတို့က သူတို့ သူငယ်ချင်း မိမိကို ပြေးထူကြတယ်၊

" သူရိန် . . . သူရိန် . . . ဘာဖြစ်သွားသေးလဲ ..."

မောင်မောင် သူရိန်အောင်ကို တွဲထူရင်း စိုးရိမ်တကြီး မေးလိုက်တယ် . . .

သူရိန်အောင် ကကျွတ်ကျွတ် စုပ်သပ်ညည်းတွားရင်း ထလာတယ် . . ၊

ပြီးတော့ ဘာမှမပြောဘဲ သူ့ဆိုင်ကယ်လဲကျနေတဲ့ဆီ ပြေးသွားတယ် . . ၊

မောင်မောင်လည်း သူရိန်အောင်နောက်က လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com


တယ် . . .။

" လူ . . .လူ . . . လူ ဘယ်ရောက်သွားပြီလဲ. . ."

" ဘယ်က လူလဲကွ . . ."

သူရိန်အောင်ရဲ့ အလန့်တကြား ပြူးတိပြူးကြောင် အရ

အရာကို ကြည့်ပြီး မောင်မောင်မေးလိုက်တယ် . . .။

" ကျွန်တော် . . . ကျွန်တော် တိုက်မိလိုက်တဲ့ လူ

လေ . . .၊ အသက်ငါးဆယ်လောက် မိန်းမကြီးတစ်ယော

ဗျ . . . "

မောင်မောင် လန့်သွားတယ် . . .

" ဟာ . . . မင်း၊ အဲဒီမိန်းမကြီးကို တိုက်မိတာ

လား . . . "

" ဟုတ်တယ် ကိုမောင်၊ ကျွန်တော်လည်း ဂရုတစိုက်

ကြည့်ပြီး မောင်းလာတာပဲ . . .၊

အနီးရောက်တော့မှ ကပ်တွေ့လိုက်တာ၊

ဘယ်လိုမှ မရှောင်နိုင်တော့ဘူးဖြစ်သွားတယ် "

သူကလည်း ဆိုင်ကယ်လာနေတာ သိလျက်နဲ့ ရှေ့

အတင်းဖြတ်ဝင်တာကိုး . . . "

မောင်မောင်နဲ့ သူရိန်အောင် ဆိုင်ကယ်တိုက်မိတယ်


www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းမကြီးကို ရှာကြတယ် . . .၊

ဒါပေမဲ့ မတွေ့ဘူး၊ ရှိကို မရှိဘူး၊

“ မင်းဟာက ဟုတ်ကောဟုတ်ရဲ့လား သူရိန် . . .၊ မိန်းမကြီးကို တိုက်မိတာဆိုရင် ရှိရမှာပေါ့ . . . ”

သူရိန်အောင် ခေါင်းကုပ်တယ်။

“ တိုက်မိတာတော့ အမှန်ပဲ ကိုမောင် . . .၊ ဒါကြောင့် ကျွန်တော့်ဆိုင်ကယ် လဲသွားတာပေါ့၊ နို့မို့ဆို ဘာမှဖြစ်စရာ အကြောင်းမရှိဘူး၊ လမ်းက ဒီလောက်ကောင်းနေတာကို ...”

လက်ငင်းကြုံတွေ့တဲ့ အခြေအနေက စိတ်ရှုပ်ထွေးစရာ ကောင်းနေတယ် . . . ”

သူရိန်အောင်က မဟုတ်တာကို အဟုတ်လုပ်ပြီး ပြော မယ့်လူစား မဟုတ်ဘူး၊

နောက်ပြီး သူရိန်အောင်ရဲ့ ဆိုင်ကယ်ရှေ့ဘီး၊ မုံ့ကြိုး လိမ်လို တွန့်ခွေသွားတယ်။

ဒီအာဂနေအထားက အရှိန်နဲ့ တစ်ခုခုကို တိုက်မိလို့

အမှမဟုတ်၊ ချိုင့်ထဲ ကျင်းထဲကျလို့ဖြစ်တဲ့အနေအထား လမ်းပေါ်မှာက ဖြောင့်ဖြူးနေတယ်၊ ဘာကျင်း၊ ဘာချိုင့်မှ မရှိဘူး၊

ဒါကြောင့် တစ်ခုခုကို တိုက်မိလို့သာ ဆိုင်ကယ်ခေါင်းခွေ



www.burmeseclassic.com

www.burmeseclassic.com



ဖေါက်သွားတာလို့ တွတ်ဆနိုင်တယ် . . .၊

ခက်နေတာက လမ်းပေါ်မှာ တိုက်စရာရယ်လို့ ဘာမှ မတွေ့ရဘူး၊

သူရိန်အောင် တိုက်မိလိုက်တယ်ဆိုတဲ့ မိန်းမကြီးက ရော ဘယ်ပျောက်သွားတာလဲ . . .၊

မောင်မောင် စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကို ကုပ်လိုက်တယ်…

" မင်းတို့ အပေါ် အန္တရာယ်ကျရောက်မှာကို ငါမြင်ရ တယ် . . . "

" ခင်ဗျားတို့ မသွားသင့်ဘူး၊ အရမ်းအန္တရာယ်များ တယ် . . ."

မောင်မောင့်နားထဲကို ဗေဒင်ဆရာကြီးရဲ့ အသံနဲ့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ရဲ့ အသံတွေ တိုးဝင်လာတယ် . .

" ဘုရား၊ ဘုရား သူတို့ပြောတဲ့ ဘေးအန္တရာယ်တွေ မယ်ဆိုတာ ဒါများလား . . . "

ကံကြီးလို့ နည်းနည်းပါးပါး ပွန်းရုံပဲ့ရုံလေးပဲ ဖြစ်လို့ မောင်မောင် ဘုရားတလိုက်မိတယ် . . .၊

" အန္တရာယ်က ဒီလောက်နဲ့ ပြီးဆုံးသွားတာ ဟုတ် မှ ဟုတ်မယ် . . . "



www.burmeseclassic.com

www.burmeseclassic.com


အခုမှ နိဒါန်းပျိုးတာလည်း ဖြစ်နိုင်တယ် . . . ” ဆိုတဲ့ အတွေးက သူ့ခေါင်းထဲရောက်လာတယ် . . . ”

ဘယ်လိုအရပ်ဒေသမှန်းမသိတဲ့၊ ထူးခြားတဲ့ ဒီနေရာက အမြန်ခွါမှ ဖြစ်မယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ သူ့ရဲ့ဆုံးဖြတ်ချက်က ချက်ချင်းဆိုသလို ပျောက်ကွယ်သွားတယ်။

သူရိန်အောင်ရဲ့ ဆိုင်ကယ်က စီးမဖြစ်အောင် ပျက်စီးသွားတယ်။

ဒုက္ခခံပြီး တွန်းသွားရင်ရပေမဲ့ ရောက်နေတဲ့နေရာက မန္တလေးနဲ့ ဘယ်လောက်ဝေးတယ်ဆိုတာတောင် မခန့်မှန်းနိုင်တော့တဲ့အတွက် လက်လျှော့လိုက်တယ် . . . ၊

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း လောကတစ်ခွင်တစ်ပြင်လုံးက မိန်းပိတ်အောင် မှောင်မည်းနေတယ်။

“ ရှေ့နားမှာ အိမ်လား၊ ဇရပ်လားမသိဘူး၊ တမ်ခုတွေ့တယ် . . . ”

သူရိန်အောင်က အိမ်လိုလို အရာတစ်ခုကို မှောင်ကြီးမည်းကြီးထဲမှာ ကောင်းကင်အရောင်နဲ့ တွေ့လိုက်တယ်။

ဆိုင်ကယ် ကိုယ်စီတွန်းပြီး သူတို့အားလုံး အဲဒီ


www.burmeseclassic.com

www.burmeseclassic.com



ခဆောက်အအုံဆီကို သွားကြတယ် . . .။

အနီးရောက်မှ တိုင်လုံးအကြီးကြီးတွေနဲ့ ဆောက်ထ

တဲ့

အကာအရံလုံးဝမရှိတဲ့ ပျဉ်ခင်းသွပ်မိုး ဇရပ်ကြီး ဟ

ဆောင်ဆိုတာ သိကြတယ် . . .။

ဆိုင်ကယ်တွေကို အောက်မှာ ရပ်ထားခဲ့ပြီး ဇရပ်

တက်ခဲ့တယ်။

အရေးအကြောင်းရှိရင် ရှောင်လို့တိမ်းလို့လွယ်အေ

အနောက်ဘက်အစွန်မှာ စုထိုင်လိုက်ကြတယ် . . .။

ဘာမှန်းမသိတဲ့ ဒီနေရာက ထွက်ဖို့ နည်းလမ်းတ

ခုပဲ ရှိတယ်၊ အိပ်ကို ဖုန်းဆက်ပြီး ကားခေါ်တဲ့နည်းလမ်း

သူရိန်အောင့် ကားကိုတော့ ခေါ်လို့မဖြစ်ဘူး။

သူရိန်အောင် မီမီနဲ့ လျှောက်လိမ့်နေတာ သူ့မိန်းမ

သွားမယ်။

သိရင် မိုးမီးလောင်မယ်။

ဒီ့ကြောင့် မောင်မောင် တပည့်ကျော်ဝင်းကိုဆက်ဖုန်း

တယ် . . .။

“ ဆက်သွယ်မှု ဧရိယာပြင်ပရောက်နေပါတယ်



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ကြိမ် ထပ်ခေါ်တယ်။

ဆက်သွယ်မှု ရှိသေးပုံပပဲ။

" ဒီကောင်က ဘယ်ချောင်ထဲသွားနေလို့ ဖုန်းခေါ်မရတာလဲ . . . "

မောင်မောင်း စိတ်ပျက်လက်ပျက်နဲ့ ဖုန်းခေါ်တဲ့ အလုပ်ကို ရပ်ပစ်လိုက်တယ် . . . ၊

ဒီအချိန်မှာပဲ သူတို့တစ်ဖွဲ့လုံး သရဲခြောက် ခံလိုက်ရတာဖြစ်တယ် ။

ဇရပ်ပေါ်ကို သရဲမတစ်ကောင်တက်လာတယ်။

သူရိန်အောင် ဆေးလိပ်သောက်ချင်တယ်ပြောတာကို ကြားလို့နဲ့တူရဲ့။

ဇရပ်ရဲ့ တစ်ဘက်စွန်းသွားထိုင်ပြီး မီးတရဲရဲနဲ့ ဆေးလိပ်ဖွာပြတယ် . . ။

ပြီးတော့ ဇရပ်ပေါ်မှာ ခြေသံတရှပ်ရှပ်နဲ့ လမ်းလျှောက်ပြတယ် . . ။

နောက်တစ်ခါ ခြေထောက်တဒုန်းဒုန်းဆောင့်နင်းပြီး သောင်းကျန်းပြပြန်တယ် . . ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေခမျာ ကြောက်ရွံလွန်းလို့ တဆတ်ဆတ်တုန်နေကြတယ်။

သူတို့ မပြောနဲ့ သတ္တိကောင်းလှပါတယ်ဆိုတဲ့ မောင်မောင်တို့ ယောက်ျားရင့်မာကြီးနှစ်ယောက်စလုံးတောင် ကြက်သီးဖြန်းဖြန်းထပြီး ချွေးတွေရွှဲနစ်နေကြတယ် . . .၊

" မဖြစ်ဘူး၊ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး...၊ မြန်မြန်ထွက်မှ ဖြစ်မယ် . . . "

မောင်မောင်ပုန်းထုတ်ပြီး ဝင်းကိုဆီထပ်ခေါ်တယ်၊

ဒီတစ်ခါတော့ ဖုန်းလိုင်းဝင်သွားတယ်၊

ဒါပေမဲ့ တစ်ဖက်က မကိုင်ဘူး၊

မောင်မောင် နောက်တစ်ကြိမ်ထပ်ခေါ်ပြန်တယ်။

ဖုန်းဝင်သွားတယ်။ တစ်ဖက်က ဝင်းကိုရဲ့အသံ ထွက်လာတယ် . . .။

" ဆရာ . . . ဆရာ . . . ဘယ်ရောက်နေလဲ . . .၊ ဖုန်းအဆက်အသွယ်မရလို့ တပည့်အရမ်းစိတ် . . . "

" တော်ကောင်၊ တော်တော့ ငါပြောတာပဲ သေသေချာချာ နားထောင် . . . "

ဒီမှာ သေရေးရှင်ရေး အရေးကြီးနေပါတယ်ဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



င်းကိုက လေကြောရှည်နေတယ်၊

အဲ့ကြောင့် ဝင်းကိုစကားမဆုံးမီ ' ဟောက် ' လိုက်ရ
တယ်။

ပြီးတော့ တွင်ခုံအလုပ်သမားတွေထဲက ရသလောက်
ခေါ်လာခဲ့၊

ရေနဲ့ အစားအသောက်တွေ ယူလာ . . .

ကားထဲ ဆီအပြည့်ဖြည့်ပြီး အပိုယူလာခဲ့ . . .၊

ခုချက်ချင်းထွက်ခဲ့။

အမြန်ဆုံးရောက်အောင်လာ . . . ၊

မကြာခဏ ဖုန်းဆက်၊ စတာတွေးကို အရေးတကြီးမှာ
ကြားတယ်။

လာရမယ့်လမ်းကြောင်းကို ပြောလိုက်တယ် . . . ၊

သူ ဖုန်းပြောနေတုန်းမှာပဲ ကောင်မလေးတွေရဲ့ ငယ်
သံပါအောင် စူးစူးဝါးဝါး အလန့်တကြားအော်သံကို ကြားလိုက်
ရတယ်။

" ဆရာ ၊ ဆရာ၊ ဘာဖြစ်တာလဲ ဆရာ . . . ၊

ကောင်မလေးတွေ အော်သံကြားလိုက်ရတယ် . . . "

ဝင်းကို အော်မေးတယ် . . . ။

www.burmeseclassic.com

www.burmeseclassic.com



သူဆက်မပြောတော့ဘူး။ ဖုန်းကို ပိတ်လိုက်တယ် သူသိတယ် . . .၊

ဒီလောက်ဆိုရင် ဝင်းကိုတစ်ယောက် သူ့ဆရာအတွက် အစိုးရိမ်ကြီး စိုးရိမ်နေပြီ . . .။

ဗျာယာခတ်နေလောက်ပြီ . . . ။

## " သချိုင်းဇရပ်ကြီး "

" ဟိုမှာ . . . ဟိုမှာ . . . "

သရဲ . . . သရဲ . . . သရဲ . . . "

ကောင်မလေးတွေ အရမ်းကို ကြောက်နေကြပြီ . . .

ဇရပ်ကြီးရဲ့ အနောက်ဘက်ကို လက်တွေ ထိုးပြီးပြနေပေမဲ့ မကြည့်ရဲကြဘူး။ ခေါင်းတွေက သုံးယောက်စလုံး ငုံ့ထားကြတယ်။

ပါးစပ်ကလည်း "ကြောက်တယ် . . .ကြောက်တယ်" နဲ့ အော်သူကအော် . . .

တဟင့်ဟင့်နဲ့ ငိုသူက ငိုလို့ . . .၊



www.burmeseclassic.com

www.burmeseclassic.com


မောင်မောင် သူတို့ပြတဲ့ဘက်ကို ကြည့်လိုက်တယ်…။

ဖြူဖြူကောင်ကြီး . . .၊

ညအမှောင်ထဲမှာ လူပုံသဏ္ဌာန်ဖြူဖြူကောင်ကြီး တစ်ကောင်ကို ထင်ထင်ရှားရှားတွေ့ရတယ်၊

အဲဒီ ဖြူဖြူကောင်ကြီးဟာ ခြုံဖုတ်မည်းမည်းတွေကြားမှာ အငွေ့တွေ လွင့်သလို လွင့်ပြီး သွားနေတယ် . . .။

တော်တော်လှမ်းလှမ်းသွားပြီးတော့ တစ်ခါနောက်ကြောင်း ပြန်လှည့်လာတယ် . . .။

ဖြူဖြူကောင်ကြီးလုပ်နေတာက သူ့ကိုမမြင်၊ မြင်အောင်ပြနေ၊ ခြောက်လှန့်နေတဲ့ သဘောလုပ်နေတာ၊

ဖြူဖြူသရဲကောင်ကြီးဟာ သူတို့ရှိရာကိုတော့ မလာဘူး။ မလှမ်းမကမ်းကပဲ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ပြနေတယ် . . .၊

နောက်တစ်ခါ ထူးခြားတာက အပုပ်နံ့ကြီး . . .၊

အဲဒီ သရဲကောင်ကြီးပေါ်လာတဲ့ အချိန်ကစပြီး အပုပ်နံ့ကြီးတစ်ခု မခံမရပ်နိုင်အောင် နံနေတယ်၊

အပုပ်နံ့က အရမ်းအော်ဂလီဆန်စရာကောင်းတဲ့ လူသေကောင်ပုပ်နံ့ကြီး . . .၊


www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တို့အားလုံး ဖျံချင်အန်ချင်စိတ်ကို မနည်းအောင့်ထားကြရတယ် . . .।

အခြေအနေက အရမ်းဆိုးဝါးနေပြီဆိုတာ မောင်မောင် သတိထားမိလိုက်တယ် . . .।

ဗေဖော်ဝါရီဆောင်းညရဲ့ သန်းခေါင်ယံမှာ ဘာမှန်းမသိတဲ့ အရပ်ဒေသက ဇရပ်ကြီးတစ်ခုပေါ် သူတို့ ရောက်နေကြတယ်. . .।

သွေးပျက်ချောက်ချားစရာကောင်းအောင် သရဲခြောက်ခံနေရတယ် . . .।

ဖြစ်နိုင်ရင် ဆိုးဝါးလှတဲ့ ဒီနေရာကနေ လွတ်ရာကို သူထွက်ပြေးချင်နေတယ် . . .।

အားလုံးအတွက် စိုးရိမ်စိတ်နဲ့ သူ့ရင်တစ်ခုလုံး ပူလောင်နေတယ် . . .।

အဲဒီအချိန်မှာ သူ့ဖုန်းက တုန်ခါလာတယ် . . .।

ရုတ်တရက် ဖုန်းမြည်လာရင် လန့်သွားမှာစိုးလို့ 'ရင်းတုံး ' အသံကို ပိတ်ပြီး ဗိုင်ဘရေးရှင်း(န်) တုန်ခါအောင် လုပ်ထားတာဖြစ်တယ်။

“ ဆရာ ကျွန်တော်တို့ ကျောင်းကျော်တံတားနေရာ


www.burmeseclassic.com

www.burmeseclassic.com


ရောက်နေပြီ . . . ”

တပည့်ကျော်ဝင်းကိုရဲ့ အသံကြောင့် မောင်မောင် ဝမ်းသာသွားတယ် . . .၊

“ အေး . . .အေး . . .၊ လမ်းဘယ်ဘက်ကို ဖဲ့ဆင်း လိုက် ကွန်ကရစ်ရေမြောင်းပေါင်အတိုင်း အဖြောင့်ဖောက်ထား တဲ့ လမ်းကို တွေ့လိမ့်မယ်၊

အဲဒီလမ်းအတိုင်း လိုက်လာခဲ့၊

အမြန်သာလာခဲ့ကြ၊ ဒီမှာ အခြေအနေအရမ်းဆိုးနေ တယ် ဟေ့ . . . ”

မောင်မောင် ဖုန်းပိတ်လိုက်တယ်။

လာကြိုတဲ့ကား မကြာခင် ရောက်လာတော့မယ့် အကြောင်း ပြောလိုက်တယ် . . .၊

ဇရပ်အနောက်ဘက် အမှောင်ထဲမှာတော့ သရဲကောင် ကြီးကခေါက်တုံ့ခေါက်ပြန် သွားနေတုန်း . . .

အော်ဂလီဆန်ဖို့ ကောင်းလှတဲ့ လူသေကောင်ပုပ်နံ့ ကြီးကလည်း ထောင်းထောင်းထနံဟောင်နေတုန်းပဲ . . .။

ဘယ်လိုပဲဖြစ်ဖြစ် ကြောက်စိတ်လန့်စိတ်ကတော့ အနည်းငယ်လျော့ပါးသွားတယ် . . .။


www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တို့ အားလုံး ရန်သူနဲ့ အသည်းအသန် တိုက်ခိုက်နေရတုန်းမှာ စစ်ကူတွေ ရောက်လာတဲ့အသံကြားတဲ့ စစ်သားတွေလို ခံစားနေရတယ် . . . ။

မောင်မောင်တို့ တစ်ဖွဲ့လုံးရဲ့ အကြည့်က ကားလာမယ့် ဘက်က အမှောင်ထဲကိုပဲ ကြည့်နေကြတယ် . . . ၊

ကားကို စောင့်မျှော်ရတဲ့အခိုက်အတန့် အချိန်လေးဟာ သူတို့အတွက် ကြာလွန်းနေသလို ထင်ရတယ် . . . ၊

နာရီဝက်လောက်ကြာတော့ ကားမီးရောင်ကို စမြင်ရ ပြီ. . . ၊

မီးရောင်မြင်တာနဲ့ သူ့ကားဆိုတာ မောင်မောင်သိလိုက် တယ် . . . ၊

ဝင်းကိုဆီ ဖုန်းခေါ်ပြီး ကားမီးရောင် တွေ့တဲ့အကြောင်း ပြောတယ် . . .

ကားမီးအလင်းတန်းကြီးက တဖြည်းဖြည်း နီးကပ်လာ တယ်၊

ကားစက်သံကြားရချိန်မှာတော့ သူ့ကားဆိုတာ ပိုပြီး စိတ်ချလက်ချဖြစ်သွားတယ်။

အဲဒီအချိန်မှာ ဖြူဖြူကောင်ကြီးဟာ ဖျတ်ခနဲ ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားတယ်။

သရဲကောင်ကြီးမရှိတော့တာနဲ့ နံဟောင်နေတဲ့ လူသေကောင်ပုပ် နံ့ကြီးလည်း မနံတော့တာ သတိပြုမိလိုက်တယ်...၊

ဇရပ်အနီး ကားရောက်လာတာနဲ့ သူတို့ ငါးယောက်စလုံး လူလုံးထွက်ပြလိုက်တယ် . . . ၊

ကားပေါ်က ဝင်းကို ဦးဆောင်ပြီး တုတ်တွေကိုယ်စီကိုင်ထားတဲ့ လူဆယ်ယောက်လောက် ဆင်းလာတယ်။

လက်နှိပ်ဓာတ်မီးတွေလည်း ကိုယ်စီကိုယ်ငှ ကိုင်ဆောင် ထားကြတယ် . . . ၊

လူအုပ်စု အင်အားနဲ့ ဓာတ်မီးတွေ ထိုးပြီး လျှောက်ကြည့်တယ် . . . ၊

" ဟာ . . .ဆရာတို့က တကယ့်နေရာကို ရောက်နေတာပဲ . . . "

ဝင်းကိုအသံကြောင့် ဓာတ်မီးထိုးထားတဲ့နေရာကို လှမ်းကြည့်လိုက်တယ် . . . ၊

မောင်မောင် ဟာခနဲဖြစ်သွားတယ်၊

ခေါင်းနပန်းကြီးပြီး ဆံပင်တွေ ထောင်သွားတယ်၊

ကြက်သီးမွေးညှင်းတွေလည်း တဖြန်းဖြန်းထသွား

www.burmeseclassic.com

www.burmeseclassic.com



တယ် . . .၊

သူတို့ရောက်နေတာ သချိုင်းကုန်းကြီးဖြစ်နေတယ်...၊

စောစောတုန်းက မြူပုတ်မည်းမည်းလို့ထင်တဲ့ အရာ တွေက လူသေအလောင်းတွေ မြှုပ်နှံသင်္ဂြိုဟ်ရာ အုတ်ဂူတွေ မြေပုံတွေ ဖြစ်နေတယ် . . .၊

တစ်ညလုံး သူတို့ရောက်ရှိနေတဲ့ ဇရပ်ကြီးကလည်း အသုဘတရားနာရာ ဇရပ်ကြီးဆိုတာ သိလိုက်ကြရတယ် . .၊

ဒီတော့မှ သူတို့ကို ခြောက်လှန့်နေတဲ့သရဲမဟာ သူတို့ ရောက်နေရှိနေတာကို မလိုလားတဲ့ သချိုင်းဇရပ်က သရဲမ တစ်ကောင်ပဲလို့ တွေးမိလိုက်ကြတယ် . . .၊

ဆိုင်ကယ်တွေကို ကားပေါ်တင်ပြီး သူတို့ပြန်လာခဲ့ကြ တယ်၊ ကောင်မလေးတွေကို ပြန်ပို့ပေးလိုက်တယ်။

စောစောတုန်းက ထိတ်လန့်စရာကောင်းတဲ့ အခြေ အနေတွေဟာ ခုတော့ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ် ကုန်ကြပါပြီ . . .။

အကြောက်တရားတွေကလည်း သူတို့ရင်ထဲမှာ တစ်စိုးတစ်စိမျှ မရှိတော့ပါဘူး . . .၊

ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ချစ်သူများညမှာ အလည်လွှန်ရင်း ကြုံတွေ့ခဲ့ရတဲ့ ချောက်ချားစရာအဖြစ်အပျက် တစ်ခုကိုတော့

မောင်မောင်ရော၊ သူ့ရှိန်အောင်ရော၊ မီမီရော၊ သူ့သူငယ် ချင်းမနုစ်ယောက်ရော ဘယ်တော့မှ မေ့နိုင်လိမ့်မယ် မဟုတ် တော့ပါဘူး ။ ။

* * * * *





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# " ထူးဆန်းသော အမယ်အို "

အမယ်အိုဟာ

အစကလေမ်း ဝိုက်းဝင်တစ်ဦးဖြစ်နိုင်သလို –

အောက်လမ်းပညာသည် ရှာသူတစ်ယောက်လည်းဖြစ်နိုင်တယ်။ ဒါပေမဲ့ . . .

အမယ်အိုနဲ့ ပတ်သက်ပြီး ဘယ်လိုဝေဖန်ချက်၊ ထင်မြင်ယူဆချက်ကိုမှ ကိုမောင်မောင် တိတိကျကျမပြောနိုင်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် –

သူလက်တွေ့ ကြုံခဲ့ရတဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေကြောင့် –

" ထူးဆန်းတဲ့ အမယ်အို " ဆိုတာကိုတော့

ကိုမောင်မောင်၊ လုံးဝယုံကြည်လက်ခံလိုက်မိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# " ထနောင်းကုန်းသို့ ခရီးထွက်ခြင်း "

" ကိုမောင်မောင်ရေ ဒုက္ခပေးတယ်တော့ မအောက်မေ့နဲ့၊ အရေးတကြီး အကူအညီတစ်ခုလောက်တောင်းချင်လို့ဗျာ . . . "

၂၀၁၅ ရဲ့ ဇန္နဝါရီပထမပတ်ထဲမှာ ကိုမောင်မောင့်အိမ်ကို ကိုဝင်းထွန်းဆိုင်ကယ်နဲ့ ရောက်လာတယ်၊

ကိုဝင်းထွန်းဆိုတာက ကားဆေးမှုတ်လုပ်ငန်းလုပ်ကိုင်နေတဲ့သူ၊

ကိုမောင်မောင်က ကားပစ္စည်းရောင်းသူ၊ တွင်ခုံလုပ်ငန်းလည်း ရှိတယ်။

ဆက်နွယ်နေတဲ့လုပ်ငန်းသဘာဝကြောင့် ကိုင်းကျွန်းမှိုကျွန်းကိုင်းမှီ စီးပွားဖက်တွေ၊

ဒါ့ကြောင့် ပြောမနာ၊ ဆိုမနာ၊ ရင်းနှီးခင်မင်တဲ့ ဆက်ဆံရေးရှိသူတွေဖြစ်တယ် . . . ၊

" ဒုက္ခပေးတယ်၊ မအောက်မေ့ပါဘူး ကိုဝင်းထွန်းရဲ့ ဘာကူညီရမလဲသာပြောစမ်းပါ၊

ကျုပ်က အကူအညီပေးချင်လို့စောင့်နေတာပါ . . "



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်၊ ကိုဝင်းထွန်းကို ပြောလိုက်တယ်၊

"ဒီလိုဗျ . . . လာမယ့်တနင်္ဂနွေမှာ ကျွန်တော့် တပည့်လေးတစ်ယောက် မင်္ဂလာဆောင်ရှိတယ်၊

အဲဒီ ကားအကူအညီတောင်းချင်လို့ . . . "

" ဒါလေးများ၊ ယူသွားကိုဝင်းထွန်း၊ ကြိုက်သလိုသုံးဆီပါအပြည့်ဖြည့်ထားပေးလိုက်မယ် . . . "

" နေဦး ကိုမောင်မောင်ရဲ့ . . . ၊ ကားတင်မဟုတ်ဘူး ခင်ဗျားပါလိုက်ရမှာ . . . "

" ရတယ်ဗျာ၊ ကျုပ်ပါလိုက်မယ် . . . "

" ကျေးဇူးပဲ ကိုမောင်မောင်ရေ၊ ခင်ဗျားက ရပ်ကွက်ထဲမှာလည်း ရပ်မိရပ်ဖ၊ သာရေးနာရေးပရဟိတအဖွဲ့မှာလည်း ဦးဆောင်သူဆိုတော့ ပြောတတ်ဆိုတတ်တယ်၊

ဒါကြောင့် ခေါ်ရတာပါ . . . "

" ဖြစ်တယ် ကိုဝင်းထွန်း မပူနဲ့၊

ဒါထက် မင်္ဂလာဆောင်က ဘယ်မှာလုပ်မှာလဲ . . . "

" ထနောင်းကုန်းတဲ့၊

ရွှေဘိုနယ်ထဲက ရွာလေးတစ်ရွာပေါ့ "

မန္တလေးမှာပဲထင်ပြီး တက်တက်ကြွကြွကူညီချင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



၊ကိုမောင်မောင် တစ်ယောက် စက္ကန့်ပိုင်းလောက်တော့ စဉ်းစ
သွားတယ် . . .၊

ဒါပေမဲ့ ချက်ချင်းပဲ၊

" ရတယ် ကိုဝင်းထွန်း၊ ခင်မျှားနဲ့ ပတ်သက်နေ
တော့ ဘယ်ပဲဖြစ်ဖြစ် လိုက်မယ်ဗျာ . . . "

" ကျေးဇူးပဲ ကိုမောင်မောင်

စနေနေ့မနက်ပိုင်း ခင်မျှားအိမ်ကို ကျွန်တော်တို့ လာ
မယ် . . .၊

မနက်စောစောထွက်ရင် ထနောင်းကုန်း
ညနေစောင်းရင် ရောက်ပြီ။

နောက်နေ့ မင်္ဂလာအခမ်းအနားပြီးလို့ ညနေဘက်
မှ မန္တလေးကို ပြန်လာကြမယ် . . . "

" ရပြီ ကိုဝင်းထွန်းရေ၊ စနေနေ့မနက်မှာ ကျွန်တေ
ဘက်က အားလုံးအဆင်သင့်ဖြစ်နေရမယ်ဗျာ . . . "

စကားပြောပြီးကိုဝင်းထွန်းပြန်သွားတယ်၊

ကိုမောင်မောင် တပည့်ဖြစ်သူ ဝင်းကို ကိုခေါ်
စနေနေ့ခရီးဝေးသွားစရာ ရှိတဲ့အတွက် ကား
အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားဖို့ မှိုင်းတယ် . . .၊

www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနဲ့ စနေနေ့ နံနက်ခင်းကို ရောက်လာတယ်။

မနက်လင်းအားကြီး ငါးနာရီထိုးချိန်မှာ ကိုမောင်မောင် အဝတ်အစားလဲပြီး အဆင်သင့်ဖြစ်နေပြီ . . . ၊

ကားကိုလည်း ဆီ၊ ရေ၊ လေ၊ ဝိုင်ပြည့်စုံအောင် ဖြည့်ဆည်းပြီး အိမ်ရှေ့မှာ အသင့်ရပ်ထားပြီးပြီ၊

ငါးနာရီခွဲတိတိမှာ ကိုဝင်းထွန်းနဲ့ သူ့အဖွဲ့ရောက်လာတယ်။

ကိုဝင်းထွန်းပါ စုစုပေါင်း (၆) ယောက်။

ကိုဝင်းထွန်းက သတို့သားကောင်လေးနဲ့ မိတ်ဆက်ပေးတယ်။

သတို့သားနာမည်က မောင်ဇော်လွင်ဦးတဲ့၊ အသက်နှစ်ဆယ်လောက်ရှိပြီ၊ မြို့သစ်ဘက်မှာနေတယ်။

ကိုဝင်းထွန်းဆီမှာ ဆေးမှုတ်အလုပ်လာလုပ်ရင်း သူ့ကောင်မလေးနဲ့ တွေ့တာ။

သူ့ကောင်မလေးနာမည်က ဝင်းဝင်းမြင့်တဲ့၊

ရွှေဘိုနယ်၊ ထနောင်းကုန်းရွာလေးက၊

မန္တလေးစက်မှုဇုံက စက်ရုံတစ်ရုံမှာ အလုပ်လာလုပ်ရင်း ဇော်လွင်ဦးနဲ့ ဆုံမိကြတာ။


www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး ဇော်လွင်ဦးတို့ဘက်က သတို့သမီးဝင်းဝင်းမြင့်တို့ဘက်ကို ငွေပုံပေးလိုက်တယ်။

သတို့သမီးဘက်က စိတ်တိုင်းကျလုပ်ပါလို့လည်း သဘောတူခွင့်ပြုလိုက်တယ် . . .။

သတို့သားရဲ့ မိဘနဲ့ ဆွေမျိုးသားချင်းတချို့ကတော့ လွန်ခဲ့တဲ့ ၄ – ၅ ရက်ကတည်းက ထနောင်းကုန်းကို ကြိုသွားနှင့်ပြီ . . .။

သတို့သားက သူ့ဆရာဝင်းထွန်းကို စောင့်ပြီး အတူသွားတာဖြစ်တယ် . . .။

မင်္ဂလာဆောင်လိုက်လာကြတဲ့ ကျန်တဲ့လူလေးယောက်ကလည်း ကိုဝင်းထွန်းတပည့်တွေချည်းပဲ။ သူတို့လည်း သတို့သား နဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေ။

ကားပေါ်မှာ ကိုမောင်မောင်၊ ကိုဝင်းထွန်း၊ သတို့သား ဇော်လွင်ဦးနဲ့ အခြားသူ (၄) ယောက်

စုစုပေါင်း ခုနစ်ယောက်ရှိတယ်။

ကိုမောင်မောင် ဒရိုင်ဘာထိုင်ခုံဝင်ထိုင်လိုက်တယ်၊ ကိုယ်တိုင်မောင်းမယ်။

သူ့ဘေးမှာ ကိုဝင်းထွန်းထိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ ငါးယောက်က လိုက်ထရပ် နောက်ခန်းမှာ သိုးအယားဖျာခင်းပြီး ထိုင်ကြတယ် . . .၊

အားလုံးအဆင်သင့်ဖြစ်နေပြီ၊ ကားထွက်ဖို့ပဲကျန်တော့တယ်. . .၊

ကားစက်မနှိုးမီမှာ ကိုမောင်မောင်က ရတနာသုံးပါးနဲ့ မိဘ၊ ဆရာတို့ကို လက်အုပ်ချီမိုးပြီး ကန်တော့တယ်။

အနန္တော၊ အနန္တငါးပါးဂုဏ်ကျေးဇူးတော်ကြောင့် သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ၊ ဘေးဒုက္ခအန္တရာယ်အပေါင်းမှ ကင်းဝေးရပါလို၏လို့ ဆုတောင်းတယ်။

ပြီးမှ ကားစက်နှိုးတယ်။

အဲဒီအချိန်မှာပဲ ကားပစ္စည်းဝယ်နေကျ နယ်က ဖောက်သည်တစ်ယောက် ရောက်လာတယ်။

ကိုမောင်မောင် စက်နှိုးထားတာကို သော့ပြန်ပိတ်ပြီး ဖောက်သည်နဲ့ စကားခဏပြောတယ်။

အရောင်းအဝယ်ကိစ္စအတွက် ဝင်းကိုနဲ့ အပ်ပေးတယ်. . . .၊

ဖောက်သည်က အရင်တစ်ခေါက်က ကျန်သွားတဲ့ ငွေငါးသိန်းခွဲ ကိုမောင်မောင်ကိုပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်မယ့်ဆဲဆဲမို့ ကိုမောင်မောင် ငွေတွေကို အိမ်ပေါ်တက် မသိမ်းတော့ဘူး။

“ ခရီးသွားတဲ့အခါ ငွေများများပါလေ၊ ကောင်းလေပဲ ” လို့ တွေးပြီး ကားအက်ရှ်ဘုတ်ထဲမှာ ထည့်တယ်။

ပြီးတော့ ကားစက်နှိုးပြီး ထွက်လာခဲ့ကြတယ် . . ။

မန္တလေး အမရပူရ၊ ရောဝတီတံတား၊ ပြီးတော့ စစ်ကိုင်း . . . ၊

လမ်းက မကြာခဏဆိုသလို သွားနေကျလမ်း၊ မောင်းနေကျလမ်းမို့ ကိုမောင်မောင်အတွက် အခက်အခဲမရှိဘူး။

စစ်ကိုင်းလွန်ပြီး အုန်းတောအရောက်မှာ လမ်းက နှစ်ခွခွဲသွားတယ် . . . ၊

တစ်လမ်းက မြင်းမူ၊ ချောင်းဦး၊ မုံရွာလမ်း၊ နောက်တစ်လမ်းက ရွှေဘို၊ ရေဦး၊ မုံရွာလမ်း

အုန်းတောလမ်းဆုံက စားသောက်ဆိုင်ကြီးတွေနဲ့ စည်ကားနေတယ်။

သူတို့ အဖွဲ့ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ကားရပ်ပြီး ထမင်းစားကြတယ်။

စားသောက်ပြီးတော့ ဆက်ထွက်တယ် . . ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုကို တော်တော်ကြီးကျော်မိမှ ထနောင်းကုန်း လမ်းခွဲကို တွေ့ရတယ်။

အဲဒီလမ်းခွဲအတိုင်း ဆက်မောင်းလာခဲ့ပြန်တယ် . . .၊

လမ်းက ကျေးရွာနဲ့ လမ်းမကြီးကို ဆက်သွယ်ထား တဲ့ မြေသားလမ်းမို့နည်းနည်းကြမ်းတယ် . . .၊

လမ်းခွဲအတိုင်း လေး–ငါးမိုင်လောက် လိုက်လာပြီးမှ ထနောင်းကုန်းရွာကို ရောက်တယ် . . .၊

ရွာဝင်ကတည်းက တခုန်းခုန်းထုနေတဲ့ ဆောင်း ဘောက်သံကို စပြီးကြားနေရပြီ . . .၊

" အခါတော်ပေးတာက × × × × × နတ်ရေးငယ် ရွှေတာ × × × ×" တဲ့ . . .

မင်္ဂလာသီချင်းက ကြည်နူးဖွယ်ပျံ့လွင့်လို့ပေါ့ . . .

## " ငွေငါးသိန်းခွဲ ပျောက်သွားပြီ "

သူတို့ ရွာကိုရောက်တဲ့အချိန်က ညနေ (၆) နာရီ လောက်ရှိပြီ မှောင်ရည်သန်းစပြုနေပြီ။

မြဝင်းကျယ်ကြီး တစ်ခုရဲ့ အိမ်ရှေ့မှာ မင်္ဂလာမဏ္ဍပ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ထားတယ် . . .၊

ကိုမောင်မောင်တို့ ကားရပ်လိုက်တာနဲ့ သတို့သားရဲ့ အဖေ၊ အမေနဲ့ လူအချို့စောင့်ကြိုနေတယ် . . .၊

အဲဒီအထဲမှာ သတို့သမီးလောင်း ဝင်းဝင်းမြိုင်လည်း ပါတယ်၊

သတို့သမီးလောင်းက ကျေးရွာသူပေမဲ့ မန္တလေးမှာ အနေကြာလို့ ဆင်တတ်ပြင်တတ်တယ်။

အဝတ်အစားဝတ်တာကလည်း မန္တလေးသူတွေလို ယဉ်ယဉ်လေးနဲ့ လှအောင် ဝတ်တတ်တယ်၊ အသားလည်းဖြူ တယ်၊

ပြောရရင် သိပ်မဆိုးဘူး၊ လှတယ်လို့ ဆိုနိုင်တယ်၊

ကိုမောင်မောင် ကားခေါင်းခန်းက တံခါးမှန်တွေကို တင်တယ်၊ ‘ သော့ ’ ချတယ်။

ပြီးမှ အဝတ်အစားအိတ်ယူပြီး အိမ်ပေါ်တက်ကြတယ်။

ကိုမောင်မောင်တို့ကို မင်္ဂလာဆောင်အိမ်နဲ့ တစ်ခြံကျော် က ပျဉ်ထောင်အိမ်ကြီးမှာ ညအိပ်တည်းခိုဖို့ နေရာချထားပေး တယ်။

အဲဒီအိမ်မှာ ကိုမောင်မောင်တို့ ခြောက်ယောက်အပြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

သတို့သားလောင်းဇော်လွင်ဦးကတော့ မင်္ဂလာဆောင်အိမ်မှာပဲ အိပ်တယ်။

ကိုမောင်မောင်တို့လည်း အိပ်တယ်သာပြောတာပါ၊ တစ်ညလုံး အိပ်လို့မရဘူး။

တောရွာသဘာဝအတိုင်း ညဆယ်နာရီလောက်ထိ ဆောင်းဘော့ကဲကသီချင်းတွေ တခုန်းခုန်းဖွင့်ကြတယ်။

သီချင်းဖွင့်တာတွေလည်း ရပ်သွားရော၊ ဝါသနာရှင်ကာသာ။ ကာလသမီးတွေ မဏ္ဍပ်ကို ရောက်လာတယ်။

ကာရာအိုကေ ဆိုကြတယ်။

အသံကောင်းတဲ့သူ၊ ပိုင်ပိုင်နိုင်နိုင်၊ ဌာန်ကရိုဏ်းကျကျ ဆိုနိုင်တဲ့သူနှစ်ယောက်၊ သုံးယောက်လောက်ပါပေမဲ့ . . . ၊

အများစုကတော့ သံသေးသံကြောင်နဲ့ စည်းမကိုက် ဝါးမကိုက်၊ စိတ်ပျက်စရာကောင်းအောင်ဆိုနေကြတယ်။

ညနာရီပြန် နှစ်ချက်လောက်မှ သိမ်းတယ်၊ ဒီတော့မှ အနှောင့်ရောက်တာလည်း သက်သာရရသွားတယ်၊

ဒါပေမဲ့ မနက်မှာ မင်္ဂလာပွဲလာတဲ့ ဧည့်ပရိသတ်ကို ဧည့်ခံကျွေးမွေးဖို့ ချက်ကြပြုတ်ကြမယ့်အဖွဲ့တွေ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com


ကြပြန်တယ်။

ဆူဆူညံညံနဲ့ ချက်ကြပြုတ်ကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ အဲဒီအခိုက်အတန့်လေးမှာတော့ ခရီးပန်းလာတဲ့အရှိန်ကြောင့် ကိုမောင်မောင်တို့အဖွဲ့ အိပ်ပျော်သွားကြတယ်။

ဒါပေမဲ့ သိပ်မကြာလိုက်ဘူး . . .

မနက်လေးနာရီတိတိအချိန်မှာ ဆောင်းဘောက်က "အခါတော်ပေး . . ." သီချင်းတွေ ထဖွင့်တာကြောင့် အိပ်ရာက နိုးကြရပြန်တယ်။

အဲဒီနောက်မှာတော့ လုပ်ကိုင်ကူညီသူတွေ၊ အကျွေးအမွေးတာဝန်ကျသူတွေ အလျှိုအလျှို ရောက်လာကြတယ်၊

ဆောင်းဘောက်သံ၊ လူသံဆူသံတွေနဲ့ မြိုင်ဆိုင်တာထက် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာတယ် . . .၊

ဒီလိုနဲ့ နံနက်မိုးသောက်အလင်းရောက်လာတော့ မောင်ဇော်လွင်ဦးနဲ့ မဝင်းဝင်းမြိုင်တို့ရဲ့ မင်္ဂလာနေ့သစ်နှိုးအိန်းကို စတင်ဖွင့်လှစ်လိုက်တယ် . . .။

ကိုမောင်မောင်က ရပ်ကွက်ထဲမှာ ပရဟိတအဖွဲ့ရဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်လို့ ထနောင်းကုန်းရွာရဲ့ ရပ်ရေး


www.burmeseclassic.com

www.burmeseclassic.com


ရှာမ‌ေလှကို တော်တော်သဘောကျမိတယ်။

ရှာသူရှာသားတွေ အရမ်းညီညွတ်တာကို တွေ့ရတယ်။

မင်္ဂလာဆောင်မှာ ဝက်သားကို ဘာနဲ့မှ မရောဘဲ ကြော်ကျွေးတယ်။

ဟင်းရံတွေက၊ အချဉ်သုပ်၊ အငန်ကျော်၊ ဟင်းချိုနဲ့ ရှာမှာတော့ အဆင့်အတန်းမြင့်တဲ့၊ ဂုဏ်တင့်တဲ့ ညှော်ခံ အကျွေး အမွေးပါပဲ။

ချက်တဲ့ပြုတ်တဲ့သူတွေက တက်ညီလက်ညီချက်ပြုတ်ကြတယ် . . .၊

အကျွေးအမွေးတာဝန်ကျတဲ့ သူတွေကလည်း ဧည့်သည်တွေ ဘယ်လောက်ပဲ စုပြုံပြီးကျလာကျလာ သူတို့တာဝန် မလစ်ဟင်းအောင် ဆောင်ရွက်ကြတယ်။

ဧည့်ကြိုတဲ့သူ၊ နေရာချထားပေးသူ၊ ထမင်းလိုက်သူ၊ ဟင်းလိုက်သူ ဘာမှလိုလေသေးမရှိဘူး။

ထမင်းစားပြီးလို့ ဧည့်သည်ထရင်လည်း လက်ဆေးမယ့်နေရာမှာ ရေ၊ ဆပ်ပြာ‌ေ‌‌‌းအဆင်သင့်၊

လက်သုပ်ပုဝါတွေကို မီးပူတိုက်ပေးနေတဲ့ ကာလသမီးလေးတွေက အဆင်သင့်၊


www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာက မင်္ဂလာဆောင်မှာ ကလေးတစ်ယောက်၊ နှစ်ယောက်ပဲ တွေ့ရတယ်။

ဒါနဲ့ပတ်သက်ပြီး ရွာက ကာလသားခေါင်းကို မောင်မောင် မေးကြည့်တယ် . . .၊

“ ဒီရွာမှာက စည်းကမ်းထုတ်ထားတယ်ဗျ၊

နာရေးနဲ့ မင်္ဂလာဆောင်ဆိုရင် တစ်အိမ်တစ်ယောက်ပဲ လာရမယ်၊ လူပိုခေါ်မလာရဘူး၊ ကလေးမခေါ်ရဘူး၊

လူပိုပါလာရင်၊ ကလေးခေါ်လာရင် ဒဏ်ရိုက်ခံရတယ်။

တစ်ယောက်စ၊ နှစ်ယောက်စ လာတဲ့ကလေးက လူကြီးတွေမအားလပ်လို့ လက်ဖွဲ့ငွေနဲ့ လာတာ၊ အမျိုးဆိုရင်တော့ ရတယ် . . .၊

အလှူအတန်းဆိုရင်တော့ အိမ်ရှိလူကုန်လာစားလှည့်ရတယ်။

ဒါလည်း ဖိုက်ဟစ်ပြီး ဖိတ်မှဗျ၊

ဖိတ်စာနဲ့ ရွေးပြီး ဖိတ်တဲ့ အလှူဆိုရင်လည်း သွားလို့ မရဘူး၊

ဒါက ကာယကံရှင်တွေ မကုန်သင့်တာမကုန်ရအောင်၊ မနစ်နာရအောင် လုပ်ထားတဲ့စည်းကမ်းပါ။

စိုးစာပေ
www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး လက်ဖွဲ့ငွေ၊ အလှူငွေ၊ ကူငွေတွေကိုလည်း ထည့်မနေရထည့်ရတယ်။

အနည်းဆုံးထည့်ဖို့နှုန်းကို ခေတ်ကာလအခြေအနေအရ သတ်မှတ်ပေးထားတယ်၊

သတ်မှတ်ထားတဲ့ နှုန်းထက်မနည်းရဘူး၊ များချင်ရင်တော့ ကြိုက်သလောက်များလို့ရတယ် . . . ။

ဒီလို စည်းကမ်းသတ်မှတ်ထားတဲ့အတွက် ဘယ်လိုဒီစွမ်းမျိုးမှာမဆို ကုန်ကျငွေကို ပြန်ရတယ်။

အဲ့ကြောင့် သာရေးပဲဖြစ်ဖြစ်၊ နာရေးပဲဖြစ်ဖြစ် တင့်တောင်းတင့်တယ် လုပ်နိုင်ကြတယ်။

ကူညီလုပ်ကိုင်မယ့်အဖွဲ့တွေလည်း သူ့အဖွဲ့နဲ့သူ ဖွဲ့ထားတော့ လိုလေသေးမရှိအောင် အကူအညီပေးနိုင်ပါတယ် . ..”

တောရွာလေးတစ်ရွာဖြစ်ပေမဲ့ စည်းလုံးညီညွတ်မှုနဲ့ မိရွာသူရွာသားတွေအပေါ် မိမိစောင့်ရှောက်လိုစိတ်ရှိမှု ပရဟိတ နှလုံးသားတွေကို ကိုမောင်မောင် အားကျအတုယူမိပါတယ်. . . ၊

ဒီလိုနဲ့ မင်္ဂလာအခမ်းအနားက မွန်းတည့် (၁၂) နာရီမှာ ပြီးဆုံးသွားတယ် . . . ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးပြီဆိုတာနဲ့လည်း မင်္ဂလာမဏ္ဍပ်ကို ဖျက်ကြ သိမ်းကြ၊

ငှားရမ်းထားတဲ့ ပစ္စည်းတွေကို ပြန်ပို့ကြနဲ့ ကာယကံ ရှင်တွေ နောက်ဆံမတင်းအောင် ရှာသူရှာသားတွေက အပြီး အစီး ဆောင်ရွက်ကြတယ် . . ..၊

ညနေပိုင်းလောက်မှာ မင်္ဂလာကိစ္စအဝဝပြီးဆုံးတယ်၊

ကိုမောင်မောင်တို့ အဖွဲ့လည်း ပြန်ပို့ပြင်ဆင်ကြတယ်၊

မပြန်ခင် နာရီဝက်လောက်အလိုမှာ ကိုမောင်မောင် ကားဆီကို ဆင်းလာတယ် . . .၊

ကားရဲ့ ကြံ့ခိုင်ရေးကို စစ်ဆေးတယ်။

ဒီလို စစ်ဆေးရင်းက ဒက်ရှ်ဘုတ်ထဲထည့်ထားတဲ့ ငွေ ဝါးသိန်းခွဲကို သတိရလိုက်တယ်။

သူ ဒက်ရှ်ဘုတ်ကို ဖွင့်ကြည့်တယ်။

အံ့ဩသွားတယ် . . .၊

မန္တလေးက ထွက်လာကာနီး ဖောက်သည်တစ် ယောက် ရောက်လာပြီးပေးတဲ့ ပိုက်ဆံ၊

အိမ်မှာ မ...ခဲ့တဲ ယူလာခဲ့တာ၊ ဒက်ရှ်ဘုတ်ထဲထည့် တာကို သူကောင်းကောင်းမှတ်မိနေတယ် . . .၊



www.burmeseclassic.com

www.burmeseclassic.com



အခု အဲဒီပိုက်ဆံတွေ မရှိတော့ဘူး၊

သိမ်းထားတဲ့ နေရာမှာ မရှိတော့ဘူး၊

တစ်စုံတစ်ယောက်ရဲ့ လက်ချက်မိသွားပြီဆိုတာ သူနားလည်လိုက်တယ် . . .၊

အဲဒီအချိန်မှာ သူ့အနီးကို ကိုဝင်းကွန်းရောက်လာတယ် . . .၊

မျက်နှာအနေအထား တစ်မျိုးထူးခြားနေတဲ့ ကိုမောင်မောင်ကို " ဘာဖြစ်လို့လဲ " လို့ မေးတယ်။

" ကိုဝင်းထွန်းရေ ဒက်ရှ်ဘုတ်ထဲ ထည့်ထားတဲ့ ငွေတွေတော့ မရှိတော့ဘူး . . . "

" ဖြစ်မှဖြစ်ရလေ ကိုမောင်မောင်ရာ . . .၊

ဒီကို လာကာနီး ခင်ဗျားမိတ်ဆွေတစ်ယောက်လာပေးတဲ့ ငွေတွေ ဒက်ရှ်ဘုတ်ထဲ ထည့်လိုက်တာ ကျွန်တော်လည်း သိတယ် . . .၊

ကျွန်တော်တို့ အဖွဲ့ထဲက လူလား . . .၊

ဒါမှမဟုတ် . . .၊

ရှာသားတွေထဲက တစ်ယောက်ယောက်များ ယူသွားတာလား . . . "



www.burmeseclassic.com

www.burmeseclassic.com



" စဉ်းစားမနေပါနဲ့တော့ ကိုဝင်းထွန်းရေး

ငွေကလည်း ငါးသိန်းခွဲထဲပါ၊

ဥစ္စာပျောက် ရဲရောက်ပါတယ်၊

နောက်ပြီး ရှာသားတွေသိရင်လည်း မကောင်းဘူး

သူတို့ရွာကို သိက္ခာချတယ်ထင်နေဦးမယ် . . .၊

ဒီကိစ္စအတွက် စိတ်မကောင်းမဖြစ်နဲ့၊ စိတ်ထဲလည်း

မထားနဲ့ ပြောလည်း မပြောနဲ့တော့ဗျာ၊

ကိုမောင်မောင်၊ ကိုဝင်းထွန်းကို အကျိုးအကြောင်း

ရှင်းပြပြီး စိတ်ထဲမထားဖို့ ပြောလိုက်တယ် . . .။

ကိုဝင်းထွန်းလည်း စိတ်မကောင်းပေမဲ့ ဘာမှမပြော

တော့ဘူး။

ကိုမောင်မောင် အနေနဲ့လည်း ဒီငွေလောက်က သိပ်ပြီး

မပြောပလောက်တာမို့ ကံအကြောင်းတရားလို့ပဲ နှလုံးသွင်း

လိုက်တယ် . . . .၊

ပြဿနာက ဒီလောက်နဲ့ ပြီးသွားတယ်၊

ဒါက ကိုမောင်မောင်ရဲ့ ထင်မြင်ချက်ပါ။

အမှန်တော့ ပြဿနာက ပြီးမသွားဘူး၊

မကြာခင်မှာပဲ အကျယ် အကျယ် မင်္ဂလာဖွယ် ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

သတို့သားဇော်လွင်ဦး ရွာမှာ ကျန်ရစ်တာကြောင့် ကိုမောင်မောင်တို့ ခြောက်ယောက်ပဲ ကားနဲ့ ပြန်လာခဲ့ကြတယ်။

ရွာကထွက်ပြီး ငါးမိနစ်လောက်ပဲရှိမယ်။

သူတို့ကားရှေ့မှာ တုတ်တွေ၊ ဓားတွေ ကိုင်ထားတဲ့ လူအယောက်နှစ်ဆယ်လောက် လမ်းပိတ်ပြီး ရပ်နေတာ တွေ့ ကြရတယ် . . . ။

လူအုပ်ထဲက တစ်ယောက်က ပြောလိုက်တယ် . . .

" ခင်ဗျားတို့ ဒီရွာကပြန်လို့ မရသေးဘူး "တဲ့၊

ဒီလောက်ထိ ဆိုးဆိုးဝါးဝါး ဖြစ်သွားတာ ကောင်းတဲ့အနေ အထား မဟုတ်ဘူးလို့ ကိုမောင်မောင် တွေးမိတယ်။

ဒါပေမဲ့

ဒီအခြေအနေက သူတို့ကို " ထူးဆန်းတဲ့အမယ်အို" နဲ့ တွေ့ခွင့်ရအောင် ဖန်တီးလိုက်တယ်ဆိုတာ နောင်မှာ ကိုမောင်မောင် တွေးမိသွားခဲ့ပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## “ ရှင်းမရတဲ့ပြဿနာ ”

“ဦးမောင်မောင်တို့ ဦးဝင်းထွန်းတို့ အားလုံးကို စိတ်အနှောင့်အယှက် ပေးသလိုဖြစ်တဲ့အတွက်တော့ တောင်းပန်ပါတယ်၊

ကျွန်တော့် ရွာသူရွာသားတွေရဲ့ ရည်ရွယ်ချက်က ဦးမောင်မောင်တို့ကို ရန်ပြုချင်လို့ မဟုတ်ပါဘူး၊

ရွာကိုလာတဲ့ ဧည့်သည်တွေရဲ့ ပိုက်ဆံပျောက်သွားတယ်။

ပိုက်ဆံယူတဲ့ လက်သည်တရားခံမပေါ်ဘဲ ပြန်သွားရင် ရွာသားတွေလည်း ယူနိုင်တယ်လို့ ထင်ကြမယ်၊ ရွာသိက္ခာကျမယ်၊

ဒါကြောင့် ပိုက်ဆံပျောက်တဲ့ကိစ္စ ရှင်းရှင်းလင်းလင်း ဖော်ထုတ် ပြီးတော့မှ ပြန်ကြဖို့ တားမြစ်ရခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရွာသားတွေ လွန်တာရှိရင်လည်း ခွင့်လွှတ်စေချင်ပါတယ်. . .”

ကိုမောင်မောင်တို့ရောက်နေတာ ထနောင်ကုန်းရွာထဲ



www.burmeseclassic.com

www.burmeseclassic.com



ာ အုပ်ချုပ်ရေးမှူး၊ ရွာလူကြီးအိမ်မှာပါ . . . ၊

ရွာအထွက်မှာ ရွာသားနှစ်ဆယ်လောက် တုတ်၊ ဓား
တွေ ကိုယ်စီကိုင်ပြီး သူတို့ကားကိုတားတယ်။

လူအုပ်ထဲက တစ်ယောက်က “ ပိုက်ဆံပျောက်တဲ့
ကိစ္စ ရှင်းရှင်းလင်းလင်းမဖြစ်ဘဲ ပြန်သွားရင် ရွာသိက္ခာကျတယ်၊
အဲဒါကြောင့် ပြန်ခွင့်မပြုနိုင်ဘူးလို့ ပြောတယ်၊

ကိုမောင်မောင်တို့က “ ကိစ္စမရှိဘူး၊ ရတယ်၊ ရွာသား
တွေ ယူတယ်လို့လည်း မယူဆတဲ့အကြောင်း” ပြောတယ်။

သူတို့ ဘယ်လိုပြောပြောမရဘူး။

ရွာသားတွေက ဆက်သွားခွင့်မပေးဘူး။

ရွာလူကြီးအိမ်လိုက်ပြီး ရှင်းဖို့ပြောတယ် . . . ၊

သူတို့ကားကို အတင်းအကျပ်ပြန်လှည့်ခိုင်းပြီး ရွာ
လူကြီး အိမ်ခေါ်လာကြတယ် . . . ၊

သူတို့စိတ်တိုနေမှန်းသိလို့ ရွာလူကြီးက ပျောင်းဖျနှစ်
သိမ့်နေတယ် . . . ၊

“ မဟုတ်ဘူး ဦးလေး၊ ကျွန်တော်တို့က ဒီရွာသားတစ်
ယောက် ယူတယ်လို့လည်း မပြောဘူး၊ ထင်လည်းမထင်ဘူး၊

ပျောက်တဲ့သူကတောင် ဘာမှမဖြစ်တာကို၊



www.burmeseclassic.com

www.burmeseclassic.com



အခု ဦးလေးတို့ရွာက လုပ်နေတဲ့ပုံက ပြဿနာ မကြီးကြီးအောင် လုပ်နေသလိုဖြစ်နေတယ် . . . ”

“ ဒါကတော့ ဦးမောင်မောင်တို့ဘက်က အမြင် ကျွန်တော်တို့ဘက်က အမြင်ကျတော့ ရွာသိက္ခာကျတယ် ထင်တယ်။

ဒါ့ကြောင့် ရှင်းရှင်းလင်းလင်း ဖြစ်စေချင်တဲ့ သဘော ပါ . . . ”

“ ကိုင်း . . . ဟုတ်ပြီဗျာ၊ ဒါဆိုလည်း

ကားအက်ရှ်ဘုတ်ထဲထည့်ထားတဲ့ ကျွန်တော်ငွေ သိန်းခွဲ ပျောက်သွားတယ် . . . ။

ညက တစ်ညလုံး၊ မနက်ကျတော့လည်း တစ်နေ့ခင်း လုံး မင်္ဂလာဆောင်အိမ်ရှေ့မှာ ရပ်ထားတယ်။

ဘယ်အချိန်ကတည်းက ပျောက်နေမှန်းမသိဘူး၊

ညနေပိုင်းကျမှ သိရတယ်။

အဖြစ်ကတော့ဒါပဲ။

ဦးလေးဘယ်လိုလုပ်ပေးနိုင်လဲ . . . ”

ကိုမောင်မောင်လည်း စိတ်ချဉ်ပေါက်ပေါက်နဲ့ အခ တူးပစ်လိုက်တယ် . . . ၊



www.burmeseclassic.com

www.burmeseclassic.com

" ဦးမောင်မောင်နဲ့ ပါလာတဲ့သူတွေကိုရော မေးမြန်းပြီးပြီလား . . . "

ရွာလူကြီးကမေးတယ်၊

" ဟာ ၊ ကျွန်တော်ဘယ်သူ့မှ မမေးဘူး၊ မေးရင် သူခိုးလို့ စွပ်စွဲသလိုဖြစ်နေမှာပေါ့၊ ဒါ့ကြောင့် ဘယ်သူ့မှ မေးမနေဘူး . . . ၊

ကျွန်တော်နဲ့ အတူပါလာတဲ့ သူတွေကိုရော၊ ရွာသူရွာသားတွေကိုရော၊ ဘယ်သူ့ကိုမှ မစွပ်စွဲဘူး၊

ကျွန်တော့်ဆန္ဒက၊ ဒီကိစ္စကို ဒီမှာပဲ ရပ်လိုက်၊ မဖြစ်စလောက်ငွေလေးပျောက်တာနဲ့ ခရီးပင့်မခံနိုင်ဘူးဗျာ . . . "

ကိုမောင်မောင်စကားကို ရွာလူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေတယ်၊

" ဟုတ်ပါတယ်၊ ဦးမောင်မောင်ပြောတာ ကျွန်တော်သဘောပေါက်ပါတယ်။

ဒီလောက် စိတ်အနှောင့်အယှက်ဖြစ်နေတာကိုပဲ အားနာလှပါပြီ . . . ၊

ခက်နေတာက တရားခံမပေါ်ရင် ကျွန်တော်တို့ရွာမှာ ပျောက်တဲ့အတွက် ရွာသိက္ခာကျမှာကို တစ်ရွာလုံးက စိုးရိမ်လို့

www.burmeseclassic.com



တာပဲ . . . ”

“ ဒါဆိုရင်လည်း တရားခံ ပေါ်အောင် အမြန်သာ ဖေ

ထုတ်ပေးပါတော့ဗျာ . . . ”

ဘယ်လိုမှ ရှင်းပြလို့ မရတဲ့အဆုံးမှာ ကိုမောင်မော

က စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်တယ် . . .၊

လူတစ်ယောက်ကို သူခိုးလို့ စွပ်စွဲဖို့ ကိစ္စက ဖေ

တော်ခက်ခဲတဲ့ ကိစ္စ၊

ဘယ်သူခိုးကမှလည်း သူခိုးပါတယ်လို့ ဝန်ခံမှာမဟုတ်

ဘူး၊

ဉစ္စာပျောက်၊ ငရဲရောက်ရမယ့်ကိစ္စဖြစ်နေတယ်၊

သက်သေခံပစ္စည်းဖြစ်တဲ့ ငွေတွေကို ပြန်ရဖို့ကလည်း

မလွယ်ဘူး၊

ဘယ်အချိန်ကတည်းက ခိုးထားမှန်း မသိတာ

ခုလောက်ဆိုရင် လုံခြုံတဲ့တစ်နေရာရာမှာ သိမ်းဆည်းထားပြီ

လောက်ပြီ၊

ခြေရာလည်းပျောက်၊ ရေလည်းနောက်နေပြီ၊

ဘယ်လိုမှ တရားခံမပေါ်နိုင်ဘူး၊ ပျောက်တဲ့ငွေသည်

ပြန်မရနိုင်တော့ဘူးလို့ ကိုမောင်မောင် စိတ်တုံးတုံးချထားပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com

ရှာလူကြီးအိမ်က စားပွဲ၊ တန်းလျားမှာ ကိုမောင်မောင်တို့ အပွဲ့ထိုင်နေရတယ်၊

မျက်နှာချင်းဆိုင် တန်းလျားခုံမှာတော့ ရှာလူကြီးကာလသားခေါင်းနဲ့ သတို့သမီးရဲ့ ဖခင်ထိုင်နေတယ်၊

ရှာသားတွေကတော့ ပတ်ပတ်လည်ကနေရပ်ပြီး နားထောင်နေကြတယ် . . . ၊

အတွေးကိုယ်စီနဲ့ တွေးတောနေကြတဲ့အတွက် စကားဝိုင်းက အတန်ကြာအောင် တိတ်ဆိတ်သွားတယ်။

တော်တော်လေးကြာတော့ ရှာလူကြီးဆီက စပြီးစကားသံထွက်လာတယ်။

" ဦးမောင်မောင်ရဲ့ ငွေကို ဘယ်သူယူတယ်ဆိုတာဖော်ထုတ်ချင်မှ ဖော်ထုတ်နိုင်မယ်။

အမိကကက ကျွန်တော်တို့ ရှာသားတွေအပေါ်မှာသံသယကင်းရင် ပြီးပါပြီ . . . "

" ကျွန်တော် စကတည်းက ပြောပါတယ်ဗျာ၊

ရှာသူရှာသားတွေအပေါ်မှာ သံသယမရှိပါဘူးဆိုတာကို . . . "

" ဒါကတော့ ဦးမောင်မောင်အနေနဲ့ ကိစ္စမြန်မြန်ပြတ်



www.burmeseclassic.com

www.burmeseclassic.com


အောင်ပြောတဲ့စကားပါ . . . ”

“ မိုးကလည်း အရမ်းချုပ်နေပြီဗျာ . . .၊

ကျွန်တော်တို့ ပြန်ဖို့ နောက်ကျနေပြီဆိုတာ ဦးလေး သိပါတယ်၊

ဒါကြောင့် မြန်မြန်ပြန်လို့ရအောင်သာ ကူညီပေးပါ၊

ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ . . . ”

“ ဒီအတိုင်းပြောနေဆိုနေရင်တော့ မိုးသာလင်းသွားမယ်၊ ဦးမောင်မောင်တို့ ပြန်ရမှာ မဟုတ်ဘူး . . .၊

ကိစ္စမြန်မြန်ရှင်းသွားအောင် ရွာအနောက်ပိုင်းက အမယ်အိုဆီ ခေါ်သွားရင်မကောင်းဘူးလား ”

ကာလသားခေါင်းက ရွာလူကြီးကို ပြောတယ်၊

ရွာလူကြီးမျက်နှာ ဝင်းထိန်သွားတယ် . . .၊

“ အေး၊ ကောင်းတယ်ကွာ . . . ”

တစ်ဆက်တည်းမှာပဲ ကိုမောင်မောင်တို့ကို . . .

“ ဦးမောင်မောင်တို့က မြို့သားတွေဆိုတော့ အယုံ အကြည်ရှိပါ့မလားမသိဘူး၊

ကျွန်တော်တို့ရွာမှာ ထူးဆန်းတဲ့အမယ်အိုတစ်ယောက် ရှိတယ် . . .၊



www.burmeseclassic.com

www.burmeseclassic.com



သူက အားလုံးကိုသိတယ်၊

သူ့ကို ဘယ်လိုလူမှ လိမ်လို့ ညာလို့မရဘူး ” လို့ ပြောလိုက်တယ် . . .၊

အဲဒီနောက်မှာတော့ ကိုမောင်မောင်တို့အုပ်စုနဲ့ ရွာလူကြီးတို့အဖွဲ့ဟာ လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ ရွာလယ်လမ်းအတိုင်း အနောက်ပိုင်းကို လမ်းလျှောက်လာခဲ့ကြတယ်။

သူတို့နောက်မှာတော့ တုတ်တွေ၊ ဓားတွေကိုင်ထားတဲ့ လူအုပ်ကြီးက ဝိုင်းလို့၊ ရံလို့ရှိနေပါတယ် . . .၊

## “ ထူးဆန်းတဲ့ အမယ်အို ”

သူတို့လာမှာကို ကြိုတင်ပြီး သိနေတဲ့အလား ၊

ထူးဆန်းတဲ့ အမယ်အိုဟာ သူ့ခြံပေါက်ဝကနေကြိုလင့်နေတာကို ကိုမောင်မောင် တအံ့တဩတွေ့လိုက်ရတယ်။

ကိုမောင်မောင်က သူ့ရဲ့ တအံ့တဩဖြစ်ရမှုကို နှုတ်ကဖွင့်မပြောဘဲ ကပ်လျက်ရှိနေတဲ့ ကိုဝင်းထွန်းကို တတောင်နဲ့ တို့ကပြီး အသိပေးလိုက်တယ် . . .၊

ကိုဝင်းထွန်းလည်း သူ့လိုပဲ အံ့ဩနေပုံရတယ် . .၊



www.burmeseclassic.com

www.burmeseclassic.com


" ဟုတ်တယ် ကိုမောင်မောင်၊
ကျွန်တော်တို့လာမှာ ကြိုတင်ပြီး သိနေတဲ့ပုံပဲ၊
ထူးတော့ထူးဆန်းတယ်ဗျနော် . . . "

ကိုဝင်းထွန်းက တီးတိုးလေသံနဲ့ ကိုမောင်မောင်ကို ပြောတယ် . . .၊

အမယ်အိုက တော်တော်အသက်ကြီးနေပြီ၊

" အသက်ရှစ်ဆယ်ကျော်လောက်ပြီ " လို့ ကိုမောင်မောင် ခန့်မှန်းလိုက်တယ် . . .၊

အမယ်အိုက အရပ်ပုပု၊ ပိန်ပိန်ပါးပါးလေး၊ ခါးကုန်းနေပြီ . . .၊

ညာဘက်လက်က တောင်ဝှေးတစ်ချောင်းကို ထောက်ကိုင်ထားပြီး၊

ဘယ်ဘက်လက်က မှန်မီးအိမ်တစ်လုံးကို မြှောက်ကိုင်ပြီး သူတို့ကို ကြိုနေတယ် . . .၊

မီးရောင်ကြောင့် အမယ်အိုရဲ့ မျက်နှာပြင်ပေါ်က ရှုံ့တွတွကျနေတဲ့ အရေးအကြောင်းအလိပ်လိပ်တွေကို မြင်နေရတယ် . . .၊

အမယ်အိုရဲ့ မျက်နှာကိုကြည့်ရင်း နောက်ဆပ်ထူးခြား


www.burmeseclassic.com

www.burmeseclassic.com



ချက်တစ်ခုကို ကိုမောင်မောင် တွေ့လိုက်ပြန်တယ် . . .၊

အမယ်အိုရဲ့ မျက်လုံး . . .၊

ဟုတ်တယ်၊ အမယ်အိုရဲ့ မျက်လုံးတွေ . . .၊

သိန်းငှက်တစ်ကောင်ရဲ့ မျက်လုံးတွေလို စူးစူးရဲရဲ တောက်ပြောင်ပြီး တလက်လက်အရောင်တွေ ထွက်နေတယ်။

စိတ်ခွန်အားပါဝါရှိတဲ့ မျက်လုံးတွေလို့ ကိုမောင်မောင် သတ်မှတ်မိတယ် . . .၊

" လာကြ . . . လာကြ . . . "

အမယ်အိုက သူ့ရဲ့ အသံသေးသေးစူးစူးနဲ့ ကြိုတယ်။

ပြီးတော့ ကုန်းကုန်း–ကုန်းကုန်းနဲ့ ရှေ့ကနေ ဦးဆောင် ပြီး အိမ်ထဲကို ခေါ်သွားတယ်။

အမယ်အိုရဲ့ အိမ်က အညာကျေးလက်မှာ အများဆုံး တွေ့ရတတ်တဲ့ မြေစိုက်အိမ်မျိုးပါ။

ထရံကာပြီး ဓနိကပ်မိုးထားတယ်။

ခေါင်းရင်းခန်းမှာ စားပွဲတစ်လုံး ရှိတယ်။

စားပွဲရဲ့ တစ်ဖက် ်မှာ တန်းလျားခုံရှည်နှစ်လုံး ချထားတယ်။

မှောင်မည်းနေတဲ့ အခန်းထဲမှာ မှန်အိမ်မီးအလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



က မဝံ့မရဲ ဝိုးတိုးဝါးတားပြောကျနေတယ်။

"အမေအုန်းရေ . . . မင်္ဂလာဆောင်လာတဲ့ မြို့က ဧည့်သည်တွေရဲ့ ပိုက်ဆံပျောက်လို့ အကူအညီပေးပါဦး . . ."

တန်းလျားခုံမှာ ထိုင်မိတာနဲ့ ရွာလူကြီးက အမယ်အိုကို ပြောလိုက်တယ်။

အမယ်အိုက တုန်တုန်ရီရီနဲ့ ခေါင်းကို တဆတ်ဆတ် ညိတ်နေတယ် . . .၊

" ပျောက်တာက ဘယ်လိုပျောက်တာလဲ . . . "

အမယ်အိုက သူ့အသံ စူးစူးလေးနဲ့ မေးတယ်။

ကိုမောင်မောင်က မန္တလေးက ထွက်လာကာနီး ဖောက်သည်တစ်ယောက် ငွေလာပေးတာကအစ၊ အခုအချိန် ဖြစ်ပျက်နေတာအဆုံး၊ ပြောပြလိုက်တယ် . . .၊

ကိုမောင်မောင် စကားအဆုံးမှာ အမယ်အိုက အပေါ် မော့ကြည့်တယ်၊ နှုတ်ကတတွတ်တွတ်ရွတ်ဆိုတယ် . . .၊

အမယ်အိုရွတ်ဆို အာရုံပြုနေစဉ်မှာ လူအားလုံးက ဘာစကားမှ မပြောဘဲ တိတ်ဆိတ်နေကြတယ် . . .။

အမယ်အို ဘာဆက်လုပ်မလဲဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



...ခန်းတစ်ခန်းလုံး ငြိမ်သက်လွန်းနေတာက ချောက်ချားစရာကောင်းတယ်လို့ ကိုမောင်မောင်စိတ်ထဲက တွေးနေမိတယ်။

ဆယ်ငါးမိနစ်/ မိနစ် နှစ်ဆယ်လောက်အကြာမှာ အမယ်အိုက သူ့ရဲ့ ရွတ်ဆိုမှုကို အဆုံးသတ်လိုက်တယ်။

ပြီးတာနဲ့ ကိုမောင်မောင့်မျက်နှာကို စူးစူးရဲရဲကြည့်ပြီး ပြောလိုက်တယ် . . ။

" ကားပေါ်ပါလာတဲ့သူအားလုံးအောက်မှာ မတ်တတ် ရပ်ကြစမ်း . . . "

အမယ်အိုရဲ့ အသံက သေးသေးစူးစူးလေးပေမယ့် ...တ်ထန်နေတယ်။

ဩဇာလွှမ်းမိုးမှု ရှိတယ်။

နတ်ဒေဝတာတစ်ပါးပါး အမယ်အိုကို ပူးဝင်ပြီးအမိန့် ပေးနေတဲ့ ပုံသဏ္ဌာန်မျိုးဖြစ်နေတယ် . . ။

ကိုမောင်မောင်ဟာ ကိုဝင်းထွန်းကို လှည့်ကြည့်လိုက်တယ် နောက်ပြီး တန်းလျ... က ဆင်းပြီး မတ်တတ်ရပ် ...ေးတယ်။

အမယ်အိုစေခိုင်းတဲ့အတိုင်း ကားပေါ်ပါလာတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတန်းစီရပ်ပေးလိုက်တယ် ၊

ခါးကုန်းနေတဲ့ အမယ်အိုဟာ တောင်ဝှေးကို တဒေါက် ဒေါက်ထောက်ပြီး သူတို့ မျက်နှာတွေကို တစ်ယောက်ချင်းစီ စေ့စေ့စပ်စပ်လိုက်ကြည့်တယ် . . . ။

" တစ်ယောက်ကျန်သေးတယ် . . . . "

ကိုမောင်မောင် အံ့သြသွားတယ်၊ နည်းနည်းလည်း "မြို့" သွားတယ်။

ဟုတ်တယ်။ သူတို့ရပ်နေတဲ့အထဲမှာ ရွာကိုလာတုန်း က အတူပါလာတဲ့ သတိုးသား ဇော်လွင်ဦး မပါသေးဘူး။

ကိုမောင်မောင် ပိုက်ဆံပျောက်တဲ့အကြောင်း ပြောစဉ် ကလည်း လူခုနစ်ယောက်ပါတဲ့အကြောင်း ထည့်မပြောမိဘူး။ ဒါ့ကြောင့်လည်း အံ့သြသွားတာဖြစ်တယ်။

တစ်ခုတော့ရှိတယ်။

အမယ်အိုက ထနောင်းကုန်းရွာမှာနေတဲ့ ထနောင်း ကုန်းသူ၊

သူတို့ရွာမှာ မင်္ဂလာဆောင်ကြိုဘာကို မှချသိမယ်။ ရွာ ထဲက ဘယ်သူဘယ်ဝါရဲ့သမီး မန္တလေးမှာ အလုပ်သွားလုပ်ရင်း ကြင်ဖက်ရှာလာတာသိမယ်။



www.burmeseclassic.com

www.burmeseclassic.com



သတို့သားက မန္တလေးက လာရမှာ၊ မင်္ဂလာဆောင်ပွဲ ခင်းနေ့ညနေမှ လာမှာကို သိနေမယ်။

မနက် မင်္ဂလာအခမ်းအနားကို လာရင်း သတို့သားကို တွေ့မယ်။

အခုတာန်းစီရပ်နေတဲ့အထဲ သတို့သားမပါတာကို တွေ့ ယ်။

ဒါကြောင့် " တစ်ယောက် ကျန်သေးတယ် " လို့ပြော ာဖြစ်နိုင်တယ် " လို့ စိတ်ထဲက ရုတ်တရက် တွေးမိလိုက် တယ် . . .၊

" နင်က ငါ့ကို မယုံဘူးလား . . . "

အမယ်အိုဟာ တောက်ပြောင်နေတဲ့ မျက်လုံးအစုံနဲ့ းစူးစိုက်စိုက်ကြည့်ပြီး ကိုမောင်မောင်ကို မေးလိုက်တယ်။

ကိုမောင်မောင် ထိတ်လန့်သွားတယ်။

" ငါ့စိတ်ထဲမှာ တွေးနေတာကိုများ သိနေလို့လား" လို့လည်း စဉ်းစားမိလိုက်တယ် . . .၊

" နင်က စီးပွားရေးသမား၊ အိမ်ထောင်မရှိဘူး . . "

ဘာမပြော ညာမပြော၊ ရုတ်တရက်ပြောချလိုက်တဲ့ တောကိန်းက ဒက်ထိမှန်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင် အမယ်အိုကို ကြည့်ပြီး လန့်သွားတ
အံ့လည်း အံ့ဩသွားတယ် . . .၊

အမယ်အိုဟာ ကိုမောင်မောင်ရှေ့ကနေ ဖဲခွ
ကိုဝင်းထွန်းရှေ့ကို သွားရပ်တယ်။

ကိုဝင်းထွန်း မျက်လုံးတွေကို စိုက်ကြည့်ပြီး ပော
တစ်ခု ပောလိုက်ပြန်တယ် . . .၊

"မိန်းမ ပွေတဲ့ကောင် . . .၊"

ကိုဝင်းထွန်းတော့ ဘယ်လိုဖြစ်သွားမယ် မသိ
ကိုမောင်မောင်အဖို့တော့ အံ့ဩစရာတွေကို တစ်ခုပြီးတစ်ခ
နေရသလို အံ့ဩခြင်း၊ ထိတ်လန့်ခြင်းတွေကို တစ်ပြိုင်တ
ခံစားနေရတယ် . . .၊

ဘာကြောင့်လည်းဆိုတော့ ကိုဝင်းထွန်းမှာ မယား
အပြင် နောက်ထပ်မယားငယ် အစွယ်အပွါးတစ်ယောက်
တယ်။

ဒီနေရာမှာ ဒီအမယ်အိုဟာ တန်ခိုးရှင်တစ်ဦးရဲ့ အ
အညီ၊ အမှိုင်းအမ မပါဘဲ ဒီအကြောင်းကို မသိနိုင်ဘူးလို
မိတဲ့ အတွက်ကြောင့်ပါ . . .၊

အမယ်အိုကတော့ တစ်ဦးချင်းစီရဲ့ မျက်နှာတွေ

ဝိုးဝေ

www.burmeseclassic.com

www.burmeseclassic.com



သိုက်ကြည့်ပြီး ပညာပြနေတယ်။

ဟောကိန်းတွေကို တစ်ယောက်ပြီးတစ်ယောက် ပြော နေတယ် . . . ၊

" နင်က လောင်းကစားသမား၊ ကြက်ဝါသနာအိုး "

" နင်က အရက်သမား၊ သောက်၊ သောက်၊ သေတဲ့ အထိ သောက် . . . "

" နင်က မုဆိုးမ အမေကို လုပ်ကျွေးနေတယ် "

နောက်လူတွေကို ဟောတဲ့ အမယ်အိုရဲ့ ဟောကိန်း မှန်/ မမှန်ဆိုတာတော့ အဲဒီအချိန်မှာ ကိုမောင်မောင် မသိဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကိုဝင်းထွန်းရဲ့ တပည့် တွေဖြစ်ပြီး၊ ကိုမောင်မောင်နဲ့ ခုမှ ဆုံဖူးတာကြောင့်ပါ။

( ဒါပေမဲ့ အမယ်အိုရဲ့ ဟောကိန်းတွေအားလုံး အံ့ဩ ရလောက်အောင် မှန်ကန်တိကျတဲ့အကြောင်း နောင်မှာ ကိုဝင်းထွန်းက ပြောပြခဲ့တယ်။

ကြက်ဝါသနာအိုးဆိုသူကလည်း အမှန်တကယ် ကြက် တိုက်ဝါသနာအရမ်းကြီးသူဖြစ်တယ်၊

ရွာနီးချုပ်စပ်တင်မက အနယ်နယ်အရပ်ရပ်ထိလိုက်ပြီး ကြက်တိုက်တတ်တဲ့အကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ထဲက ကြက်ဝါသနာအိုးကြီးတွေဟာ တ
မြို့ ပြီးတစ်မြို့ ပြောင်းရွှေ့ ပြီး ကြက်တိုက်ပွဲ၊ ' ကျိတ်ဝိုင်း
ကျင်းပကြတယ်။

ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်မြို့မှာ ကြက်ပွဲရှိ
အကြောင်း ကြက်သမားတိုင်းဆီကို မရောက်ရောက်အော
ဖိတ်စာပို့လေ့ရှိတယ်။

ထိုသူထံကိုလည်း ဖိတ်စာရောက်လေ့ရှိကြောင်း သိ
ပါတယ်။

" အရက်သမား " လို့ ဟောကိန်းထုတ်ခံရသူ
လည်း နေ့မသိ၊ ညမသိ သောက်တဲ့ ' မိုးမလင်း၊ ကိုးပုလင်
အရက်သမားမျိုးဖြစ်ကြောင်းနဲ့

တစ်ယောက်မှာလည်း အမှန်တကယ် မုဆိုးမ မိခင်
ကြီးကို လုပ်ကျွေးနေတဲ့ လူတော်လေးဖြစ်ကြောင်း သိခဲ့ရ
တယ်)

အမယ်အိုရဲ့ ပညာနဲ့ ခေါ်လိုက်တာလား၊ တိုက်ဆိုင်
လားတော့မသိဘူး၊

ငါးယောက်တိတိ ဟောကိန်းထုတ်အပြီး၃ပဲ သတ်
သားဇော်လွင်ဦး အမယ်အိုရဲ့ အိမ်ကိုရောက်လာတယ် . . ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ သတို့သားကြီးရေ မင်းတစ်ယောက်တည်းကျန်နေ ဘာကို အမေခုန်းက သိနေတယ်။

မင်းအဖွဲ့တွေနဲ့ အကူ တန်းစီရပ်လိုက်ဦး . . ."

ဇော်လွင်ဦး ဝင်လာလာချင်း ရွာလူကြီးက ပြောလိုက်တယ်၊

ဇော်လွင်ဦး လူတန်းရဲ့ တစ်ဘက်စွန်မှာ ဝင်ရပ်လိုက်တယ်။

အမယ်အိုက သူ့ပေါက်နိုးထုတ်ရမယ့် ဆဋ္ဌမမြောက်လူဖြစ်တဲ့ ပိန်ပိန်ပါးပါးနဲ့ ကုလားဒိန်လေးရဲ့ မျက်နှာကို စေ့စေ့ကြည့်နေတယ်။

ပြီးတော့ ဘာပေါက်နိုးမှ မပြောဘဲ နောက်ဆုံးလူဖြစ်တဲ့ သတို့သားဇော်လွင်ဦးရဲ့ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်တယ်။ သူ့ကိုလည်း ဘာပေါက်နိုးမှ မထုတ်ဘူး။

ပြီးတာနဲ့ ကိုမောင်မောင်တို့အားလုံးကို တန်းလျားခုံမှာ ပြန်ထိုင်ခိုင်းတယ် . . .၊

"နင့်ငွေ၊ နောက်တစ်နေ့ မကူးမီပြန်ရမယ်၊

ရှော့၊ ဒီအဆောင်လေးကို အိပ်ကပ်ထဲထည့်ထား၊ မြေဇူးတံတားကြီးကို ရောက်ရင် ရေထဲပစ်ချလိုက် . . .



www.burmeseclassic.com

www.burmeseclassic.com



ကဲ . . . ပြန်ကြတော့ . . . ''

အမယ်အိုက ကိုမောင်မောင်လက်ထဲကို တစ်လက်မ လောက်သာရှိတဲ့ သတ္တုလိပ်လေးတစ်ခုပေးပြီးပြောတယ်။

'' အမေအုန်း၊ အဲဒီလိုတော့မလုပ်နဲ့လေ၊ ပိုက်ဆံ ယူတဲ့သူ ဘယ်သူဆိုတာ ပြောဦးမှာပေါ့ . . . ''

ရှာလူကြီးက ဝင်ပြောတယ်။

'' ငါမပြောဘူး၊

နောက်ကျ၊ နင်တို့သိလိမ့်မယ် . . . ၊

ပြန်ကြ၊ ပြန်ကြ . . . ''

'' မဟုတ်ဘူး၊ အမေအုန်းရဲ့ ငွေခိုးတဲ့ တရားခံမပေါ် ရင် ရွာသိက္ခာကျမှာစိုးရိမ်လို့ပါ . . . ''

'' စိုးရိမ်မနေနဲ့၊

ထံနောင်းကုန်းက မဟုတ်ဘူး၊

မကြာခင် သူတို့သိလာလိမ့်မယ်၊ ဒါပဲ။

သူတို့ကို ပြန်လွှတ်လိုက်တော့ . . . ''

ကိုမောင်မောင် ဝမ်းသာသွားတယ်၊

'' အမေအုန်းကို ဘယ်လောက်ကန်တော့ရလဲ ... ''

ကိုမောင်မောင် ရွာလူကြီးကို မေးလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



" နှစ်ထောင်ကော့ ကန်တော့လိုက်ပါ . . ."

ကိုမောင်မောင် တစ်ထောင်တန်နှစ်ရွက်ထုတ်ပေးပြီး ထိုင်ရာက ထလိုက်သည်။

" အားလုံးပဲဗျာ၊ ကျေးဇူးတင်ပါတယ်၊

ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် . . . "

ရွာသားတွေဘက်လှည့်နှုတ်ဆက်ပြီး ထူးဆန်းတဲ့ အမယ်အိုရဲ့ အိမ်ကနေ ထွက်ခဲ့တယ်။

ရွာလူကြီး၊ သတို့သမီးဝင်းဝင်းမြင့်ရဲ့ ဖခင်ဖြစ်သူနဲ့ သတို့သားဇော်လွင်ဦးတို့က ကားရပ်ထားတဲ့ နေရာအထိ လိုက်ပို့ကြတယ် . . .

သူတို့လူအားလုံးကားပေါ်ရောက်တာနဲ့ ကိုမောင်မောင် ကားစက်နိုးပြီး ခပ်မြန်မြန်ပဲ မောင်းလာခဲ့တယ်။

ဟုတ်တယ်၊ အခု အခြေအနေက . . .

သူ့ငွေ၊ ငါးသိန်းခွဲပြန်မရလည်း အရေးမကြီးဘူး၊

ငွေတွေကို ခိုးယူတဲ့ လက်သည်တရားခံ မဖော်ထုတ်နိုင်လည်း ပြဿနာမရှိဘူး။

ဒီရွာက မြန်မြန်ထွက်နိုင်ဖို့ . . .

အမြန်ဆုံးထွက်ခွါနိုင်ဖို့သာ အဓိကဖြစ်နေပါတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။

## " ထူးဆန်းတဲ့ ဗေဒါကဝိန်း "

" ဗိုက်တွေလည်း ဆာနေပြီ၊
ခဏနားကြရအောင် . . . "

အုန်းတောလမ်းခွဲကို ရောက်တာနဲ့ ကိုမောင်မောင်
ကိုဝင်းထွန်းကို ပြောလိုက်တယ် . . ။

အလာတုန်းက သူတို့ထမင်းစားခဲ့တဲ့ ဆိုင်ရှေ့မှာဝ
ကားကို ရပ်လိုက်တယ် . . . ။

" စားရင်းသောက်ရင်း ခဏနားမယ်ဟေ့၊
အားလုံးဆင်းခဲ့ကြ . . . "

ကိုဝင်းထွန်းက ကားနောက်ခန်းက သူ့လူတွေကို
အော်ပြောတယ်။

ပြီးတာနဲ့ ကိုမောင်မောင်နဲ့ အတူ ဆိုင်ထဲဝင်ခဲ့တယ်။

ကားနောက်ခန်းက လူတွေလည်း ရှေ့ဆင့်နောက်ဆင့်
ဝင်လာတာကြောင့် စားပွဲခုံနှစ်ခုကို ဆက်ပြီး တစ်ဝိုင်းတည်းဖြစ်
အောင် စီစဉ်တယ် . . ။



www.burmeseclassic.com

www.burmeseclassic.com


စားစရာ၊ သောက်စရာတွေ မှာလိုက်ကြတယ် . . .၊

အချိန်က ညဆယ့်တစ်နာရီကျော်နေပြီ၊

အုန်းတောလမ်းခွဲမှာတော့ လျှပ်စစ်မီးရောင်တွေနဲ့ ထိန်ထိန်ညီးနေဆဲ . . .၊

စားသောက်ဆိုင်တစ်ဆိုင်က ဖွင့်နေတဲ့ ဂီတသံက ညဉ့်ယံထဲမှာ မြူးမြူးကြွကြွ လွင့်ပြန့်နေတယ် . . .၊

ကိုမောင်မောင်တို့ဝင်တဲ့ ဆိုင်ထဲမှာတော့ လူရှင်းနေတယ်၊ သူတို့အဖွဲ့ပဲရှိတယ် . . .။

" နေဦး၊ ကိုဝင်းထွန်း၊

ခင်ဗျား ကောင်လေးတစ်ယောက် ကျန်သေးတယ် မဟုတ်လား . . ."

BURMESE CLASSIC

ကိုမောင်မောင် လှည့်ကြည့်ပြီး သတိတရပြောလိုက်တယ် . . .၊

" ဟုတ်သားပဲ၊ မောင်မောင်ဇင်ကျန်သေးတယ်။

ကုလားလေး ကားဖေ့ပါမှာ အိပ်ပျော်နေလားမသိဘူး

တစ်ခုခုစားရအောင် သွားနိုးပါဦး . . ."

ကိုဝင်းထွန်းက သူ့တပည့်တစ်ယောက်ကို ခိုင်းလိုက်တယ် . . .၊



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာပဲ သွားခေါ်တဲ့သူ ပြန်လာတယ်။

" ကုလားလေး ဘာဖြစ်နေလည်းမသိဘူးဆရာ၊ ခေါ်လို့လည်းမရဘူး၊ ငိုပဲငိုနေတယ် . . . "

" ဟ၊ ဒီကောင်၊ ရုတ်တရက်ကြီးဘာဖြစ်သွားတာတုန်း . . . "

ကိုဝင်းထွန်း သူ့တပည့်အတွက်စိတ်ပူသွားပုံရတယ်...

ဝိုင်းထဲကနေ ချက်ချင်းထပြီးဆိုင်ရှေ့မျက်စောင်းထိုးမှာ ရပ်ထားတဲ့ ကားဆီသွားတယ် . . .

ကိုမောင်မောင်ကတော့ သူတို့ဘာသာဖြစ်နေတာတွေကို ဂရုမစိုက်နိုင်ဘူး၊

စားပွဲထိုးလာချပေးတဲ့ ကော်ဖီနဲ့ မုန့်ကိုပဲ ခေါင်းမဖော်ဘဲ စားသောက်နေမိတယ် . . . ၊

သူစားသောက်ပြီးလို့ တစ်သျှူးစတွေဘူးထဲက ဆွဲထုတ်နေချိန်မှ ကိုဝင်းထွန်းပြန်ရောက်လာတယ်။

ကုလားထိုင်မှာ မထိုင်သေးဘဲ သူ့ရှေ့မှာ ရပ်နေတယ်

" ကော်ဖီတွေတောင် အေးကုန်လောက်ပြီ၊ မြန်မြန်သောက်တော့ ကိုဝင်းထွန်း . . . "

ကိုမောင်မောင်က ကိုဝင်းထွန်းကို မော့မကြည့်ဘဲ ပြော



www.burmeseclassic.com

www.burmeseclassic.com


လိုက်တယ် . . .၊

ကိုမောင်မောင် . . . ”

ကိုဝင်းထွန်း ခေါ်သံက အသက်မပါဘူး။ ခြောက်ကပ်ကပ်ဖြစ်နေတယ် . . .၊

ပုံမှန်မဟုတ်တဲ့ ခေါ်သံကြောင့် ကိုမောင်မောင်၊ ကိုဝင်းထွန်းကို မော့ကြည့်လိုက်တယ် . . .၊

အသံက ပုံမှန်မဟုတ်သလို ကိုဝင်းထွန်းရဲ့ မျက်နှာကလည်း ပုံမှန်အနေအထားမဟုတ်ဘူး။ တစ်မျိုးတစ်ဖုံ ဖြစ်နေတယ် . . .၊

“ ကိုမောင်မောင်ရေ တောင်းပန်ပါတယ်ဗျာ . . . ”

ကိုဝင်းထွန်းဆီက ရုတ်တရက်၊ အရင်းမရှိ၊ အဖျားမရှိ ပြောလိုက်တဲ့စကားကြောင့် ကိုမောင်မောင် ဇဝေဇဝါဖြစ်သွားတယ်။

အားလုံးကလည်း ကိုဝင်းထွန်းကို နားမလည်တဲ့ အကြည့်နဲ့ ကြည့်နေကြတယ်။

“ ဘာပြောတာလဲဗျ၊ ကိုဝင်းထွန်း . . .

ဘာကိုတောင်းပန်တာလဲဗျ . . . ”

ကိုမောင်မောင် တအံ့တသြမေးလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ ကိုဝင်းထွန်း ဘာမှပြန်မပြောဘူး။ လက်ထဲမှာ ကိုင်ထားတဲ့ အရာတစ်ခုကိုသာ စားပွဲပေါ်တင်လိုက်တယ် . . .၊

" ဟင် . . . "

ကိုမောင်မောင်ရော၊ ကျန်လူတွေပါ အကုန်လုံး အံ့အား တသင့်ဖြစ်သွားကြတယ် . . .၊

ကိုဝင်းထွန်းစားပွဲပေါ်တင်လိုက်တဲ့အရာက ငွေတွေ ထုပ်ထားတဲ့ အထုပ်တစ်ခု။

BURMESE CLASSIC

ရှင်းအောင်ဆိုရရင် ကိုမောင်မောင် ပျောက်ဆုံးသွားခဲ့ တဲ့ ငွေထုပ်ပါ။

" ဟာ . . . ခင်ဗျား ဘယ်က ပြန်ရလာတာလဲ ကိုဝင်းထွန်း . . . "

" အေးဗျာ၊ ဒီကိစ္စအတွက် ကျွန်တော်ကပဲ တောင်း ပန်ပါတယ် . . .၊

ခင်ဗျားငွေတွေကို ယူထားတာ ကျွန်တော့်တပည့်၊ ကုလားလေးမောင်မောင်ဇင်ပါ။

ငွေတွေကို ယိုးဒယားဖျာအောက်မှာ ထိုးထည့်ထားပြီး သူက အပေါ်ကနေ ထိုင်လာတာ၊

ငွေတွေကို မနက်ကတည်းက ယူပြီး ဖျာအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားတာတဲ့၊

ငွေတွေယူပြီးကတည်းက သူ့မှာ လောဘစိတ်ပဲ လွှမ်းမိုးနေတယ်၊

ခိုးယူမိတဲ့အတွက် နောင်တလည်းမရဘူး၊

ငွေတွေပြန်ပေးဖို့လည်း နှမ်းတစ်စေ့လောက်တောင် စိတ်မကူးမိဘူး . . . ၊

လမ်းတစ်လျှောက်လုံးမှာလည်း ဒီငွေနဲ့ ဘာဝယ်မယ်၊ ဘာလုပ်မယ်ဆိုတာပဲ တွေးတောစဉ်းစားလာခဲ့တယ်တဲ့၊

ဒါပေမဲ့ အုန်းတောရောက်ကာနီးချိန်မှာ သူ့စိတ်တွေ တစ်မျိုးဖြစ်လာတယ်။

မကောင်းဆိုးဝါးကောင်လိုလို၊ တစ္ဆေသရဲလိုလို အကောင်ကြီး တစ်ကောင်ကိုပဲ မျက်စိထဲမှာ မြင်နေရတယ်၊

အဲဒီအကောင်ကြီးက သူ့ကိုအမျိုးမျိုးခြောက်လှန့်နေတယ်။

ယူထားတဲ့ ပိုက်ဆံတွေကို ပြန်ပေးဖို့ ကြိမ်းမောင်းနေတယ်။

ပြန်မပေးရင် မြစ်ထဲကို ပစ်ချမယ်လို့လည်း ခြိမ်းခြောက်နေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူဘယ်လိုမှ မခံမရပ်နိုင်တော့လို့ ငွေတွေကို ထုတ်ပေးပြီးဝန်ခံရတာတဲ့ဗျာ . . .၊

အဲ့ သူ ထုတ်ပေးတဲ့ငွေတွေပါ . . .၊

ကျွန်တော့်တပည့်ကိုယ်စား ကျွန်တော်ကပဲ အနူးအညွတ် တောင်းပန်ပါတယ် ကိုမောင်မောင် . . . ”

ကိုဝင်းထွန်းပြောတာကို ကိုမောင်မောင်ရော၊ ကျန်လူတွေပါ ပါးစပ်အဟောင်းသားနဲ့ နားထောင်နေကြရတယ်။

ကိုဝင်းထွန်းစကားဆုံးချိန်မှာ ကိုမောင်မောင်သူ့လက်က နာရီကို ကြည့်လိုက်တယ်။

၁၁ နာရီ ၄၅ မိနစ်၊

ည ဆယ့်တစ်နာရီလေးဆယ့်ငါးမိနစ်တိတိ ဖြစ်နေပြီ၊

နောက် ၁၅ မိနစ်ကြာရင် ညဆယ့်နှစ်နာရီကို ရောက်မယ် . . .၊

အဲဒီအချိန်ကနေ တစ်စက္ကန့်လွန်တာနဲ့ နေ့သစ်တစ်နေ့ထဲကို ကူးပြောင်းရောက်ရှိသွားမှာဖြစ်တယ် . . .၊

ကိုမောင်မောင် အရမ်းအံ့သြသွားတယ်၊ သူ့ရဲ့ နားထဲမှာတော့ . . .

“ နင့်ငွေ . . .နောက်တစ်နေ့ မကူးမီပြန်ရမယ် . . ”



www.burmeseclassic.com

www.burmeseclassic.com


ဆိုတဲ့

ထူးဆန်းတဲ့ အမယ်အိုရဲ့ အသံသေးသေးစူးစူးလေးကို ထပ်ခါထပ်ခါ ပြန်လည်ကြားယောင်နေမိပါတော့တယ် . . .။

* * * * *

မမျှော်လင့်တဲ့ ညတစ်ညမှာ . . .

ခေတ္တခဏသာကြုံဆုံခဲ့ရတဲ့ အမယ်အိုနဲ့ ပတ်သက်ပြီး.... . . .

ကိုမောင်မောင်၊ ဘာကိုမှ တိတိကျကျ မပြောနိုင်ပါဘူး၊

ဒီထူးဆန်းတဲ့ အမယ်အိုဟာ

အောက်လမ်းပညာသည်တစ်ယောက် ဖြစ်ချင်ဖြစ်မယ်.. . . ၊

ဒါမှမဟုတ်လည်း . . .

အထက်လမ်းလိုက်တဲ့ အထက်ဂိုဏ်းဝင်တစ်ဦးလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ် . . . ၊

ဘယ်လိုပဲဖြစ်ဖြစ် . . .

သူတို့တစ်ဦးချင်းစီကို သွေးထွက်အောင်မှန်တဲ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိန်းတွေဟောပြီး ပညာပြခဲ့တယ်၊

နောက်တစ်နေ့မကူးမီ ပျောက်ဆုံးနေတဲ့ ငွေတွေပြန်ရ မယ်ဆိုတဲ့ ဟောကိန်းအတိုင်း တိတိကျကျပြန်ရအောင် စွမ်း ဆောင်နိုင်သူ အမယ်အိုတို့တော့ . . . .

ထူးဆန်းသော အမယ်အိုအဖြစ် ကိုမောင်မောင် လက်ခံယုံကြည် သိတ်မှတ်လိုက်မိပါတော့တယ် . . . ။



ဒိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com




ဝိုးဇာပေ

www.burmeseclassic.com

www.burmeseclassic.com

# အလောင်းနှစ်ထပ်သချိုင်

## “ လွှဲချော်မရတဲ့ အသုဘအထုံးစံ ”

လူသေပြီဆိုတာနဲ့ ထုံးစံတွေ၊ ဓလေ့တွေက တစ်
တစ်တန်း ပေါ်လာကြတယ် . . . ၊

ထုံးစံနဲ့ လွဲချော်သွားရင် နောက်ထပ်လူတွေသေတ
တယ် . . . ရွာခိုက်တယ်၊ ရပ်ကွက်ခိုက်တယ်ဆိုတဲ့ အစွဲအလ
ကြောင့် ကြောက်ကြလန့်ကြတယ် . . . ၊ ဘယ်သူတစ်ယောက်
ပေါ့တီးပေါ့ဆ မလုပ်ရဲကြဘူး၊

သေတာနဲ့ အလောင်းကို ရေလုံတိုက်ပေးရတယ်၊
ချိုးသန့်စင်ပေးတာကိုပြောတာပါ။

တစ်ချိန်တည်းမှာပဲ ငှက်ပျောတုံးတွေအမြန်ခုတ်



www.burmeseclassic.com

www.burmeseclassic.com

အလောင်းထားမယ့်နေရာမှာချ၊ အပေါ်ကဝါးကပ်ကြမ်းခင်း၊ ဖျာခင်းထားရတယ်၊

ပြီးတာနဲ့ အလောင်းကို အင်္ကျီပြောင်းပြန်ဝတ်ပေးပြီးတင်၊ အပေါ်က အင်္ကျီသစ်၊ လုံချည်သစ် လွှမ်းပေးရတယ်၊

ခြေမနှစ်ချောင်းပူးချည်ရတယ်၊

အလောင်းကောင်ရဲ့ပါးစပ်ထဲကို အကြွေစေ့တစ်မတ်၊ ကူးတို့ခထည့်ပေးရတယ် . . . ၊

ဒါတွေက ဟိုတုန်းက ကျေးလက်ဒေသတွေမှာ ပြုလုပ်ကြရတဲ့ အလေ့အထတွေပါ။

ယနေ့ခေတ်မှာတော့ မြို့တိုင်း၊ နယ်တိုင်းလိုလို နာရေးကူညီမှုအသင်းအဖွဲ့တွေ ရှိနေပါပြီ။

သံကုတင်တွေ၊ သစ်သားကုတင်တွေ အသင့်ထားပေးတယ်။

အလှူယ်တကူယူပြီး အလောင်းစင်ပြင်လို့ ရပြီဖြစ်ပါတယ်။

ငှက်ပျောပင်ခုတ်ဖို့၊ ဝါးကပ်ကြမ်းခင်းဖို့ မလိုတော့ပါဘူး။

ရန်ကုန်လို မြို့ကြီးပြကြီးဆိုရင်လည်း အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းစင်ပြင်စရာမလိုတော့ဘူး။

လူသေတာနဲ့ နာရေးကူညီမှုအသင်းဖုန်းဆက်၊ နိဗ္ဗာ
ယာဉ်နဲ့တင်ပြီး သုသာန်မှာရှိတဲ့ ရေခဲတိုက်ကို ပို့လိုက်တာပါ
ရေဝေးဆိုရေဝေး၊ ထိန်ပင်ဆိုထိန်ပင်ပေါ့။

ရှိသေးတယ်။

ဟိုတုန်းက အလောင်းစင်ကို ပုခုံးနဲ့ထမ်းပြီး သုသာ
အရောက်ပို့ဆောင်ရတယ် . . . ၊

မိတ်သင်္ဂဟတွေက အလောင်းနောက်ကလိုက်ပြီး
ရတယ်။

ဆွေမျိုးသားချင်းတွေက ငိုကြွေးမြည်တမ်းပြီးလိုက်
တယ်။

ငိုမယ့်သူမရှိတဲ့ အသုဘမှာ ငိုချင်းသည်ကိုငှားပြီး
ခိုင်းရတယ်တဲ့၊

နောက်ပြီး အလောင်းစင်သုသာန်မရောက်မချင်းထ
တဲ့သူတွေဟာ ရပ်တန့်မနေရဘူး နေ့နေ့ဖြစ်ဖြစ်တော့သွား
ရတယ်။ လှုပ်နေရတယ်။

အဲဒါကြောင့် " အလောင်းကစားတယ် " ဆိုတဲ့
တစ်ခုပေါ်လာပြန်တယ် . . . ၊



www.burmeseclassic.com

www.burmeseclassic.com


သုံးရက်နေမှ သင်္ဂြိုဟ်တဲ့အတွက် အလောင်းကဖောက်ပြန်နေပြီ။

ညှီမည်းဖောရောင်အရည်တရွှဲရွှဲဖြစ်နေပြီ၊

လူသေကောင်ပုပ်နံ့ကလည်း မခံမရပ်နိုင်အောင် ထောင်းထောင်းထနေပြီ . . .၊

ဒီကြောင့် အလောင်းစင်ထမ်းမယ့် ကာလသားတွေကို အရက်တိုက်ထားရတယ်။

အရက်မူးနေတဲ့ ကာလသားတွေ အလောင်းကစားကြတယ်၊

နောက်ကထမ်းတဲ့သူတွေက ရှေ့ကိုအားကုန်ရုန်းတွန်း၊ ရှေ့ကထမ်းတဲ့သူတွေကလည်း အနိုင်မခံအရှုံးမပေး၊ တောင့်ခံထားတယ်၊ နောက်ကိုပြန်တွန်းတယ် . . .

ရှေ့ကပြန်တွန်းတာခံရတော့ နောက်က လူတွေက ပိုပြီး အားကုန်သုံးတွန်းပြန်တယ် . . .၊

မူးမူးရူးရူးအားပြိုင်ပြီး တွန်းနေကြတဲ့ လူတွေရဲ့ ပုခုံးပေါ်မှာ အလောင်းစင်က ခြောင်းဆန်နေတယ် . . .၊

သွားနေတဲ့ လမ်းကြောင်းကနေချော်ပြီး လမ်းဘေးချောက်ထဲကျလို့ကျ၊ လယ်ကွင်းတွေထဲရောက်လို့ ရောက်၊


www.burmeseclassic.com

www.burmeseclassic.com



အလဲလဲအပြိုပြို ဖြစ်တဲ့အထိ ကြမ်းကြမ်းတမ်းတမ်း အလောင်း ကစားကြပါတယ်။

ရံဖန်ရံခါ အလောင်းထည့်ထားတဲ့ အခေါင်းကြီးပြုတ်ကျလို့ ပြန်ကောက်ထည့်ရတာတောင် ရှိပါတယ် . . .၊

ဒါ့ကြောင့် အလောင်းကစားသူတွေကို ဩဇာအာဏာရှိတဲ့ ရပ်မိရပ်ဖတစ်ဦးက တုတ်တစ်ချောင်းကိုင်ပြီး တဗုန်းဗုန်းလိုက်ရိုက်ထိန်းနေရပါတယ် . . .၊

ဒီလို ရိုက်နှက်ထိန်းတာတောင် ထိန်းတဲ့သူလက်လျှော့ရတဲ့အလှည့်လည်း ရှိတတ်ပါသေးတယ် . . .၊

ဒီလိုပဲ အလောင်းမြေမြှုပ်ရာ၊ မီးသင်္ဂြိုဟ်ရာ၊ ဂူသွင်းရာနာရေးကိစ္စရဲ့ အဆင့်တိုင်း၊ လုပ်ငန်းတိုင်းမှာ လွဲချော်မရတဲ့ဓလေ့ထုံးစံတွေ အများအပြားရှိနေပါတယ် . . .၊

တစ်စုံတစ်ရာ တိမ်းစောင်းလွဲချော်သွားတဲ့အခါမှာလည်း ဥပါဒ်နိမိတ်အစွဲက ခြောက်လှန့်နေတတ်တယ် . . .

လွဲချော်မှုသတင်းစကားတွေ ကောလာဟလအသွင်ပြန့်ကားသွားရင် တစ်ရွာလုံးတစ်ရပ်လုံး ကြောက်လန့်ချောက်ချားခြင်းကြီးစွာ ဖြစ်ကြရပါတယ် . . .၊

ဒီလိုအခြေအနေမှာ ကြောက်မက်ဖွယ်ဖြစ်ရပ်ဆိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတ်တိုက်ဖြစ်လာရင်တော့ ဘယ်သူမှ ရပ်ရွာမှာ မနေရဲကြတော့ဘူး။

မိမိတို့ရပ်ရွာကို စွန့်ပြီးထွက်ပြေးတဲ့အထိ ဖြစ်ကြရတယ် . . .။

ဒီအဖြစ်အပျက်ဆိုးတွေဟာ အသုဘကိစ္စတိမ်းမှားလွဲချော်မှုနဲ့ ပတ်သက်ပြီး အမှန်တကယ် ပေါ်ပေါက်လာတဲ့အဖြစ်ဆိုးလား . . .၊

ကံအကြောင်းအားလျော်စွာ တိုက်ဆိုင်မှုလား . . ဆိုတာတော့ ဘယ်သူမှ မသိနိုင်ပါဘူး . . .၊

ဘယ်လိုပဲဖြစ်ဖြစ် . . .။

လွဲချော်မရတဲ့ နာရေးဓလေ့ထုံးစံတွေ . . .

လူတွေရဲ့ ဥပါဒါန် အစွဲအလမ်းတွေနဲ့

ကြောက်လန့် ချောက်ချားစရာကောင်းအောင် ပေါ်ပေါက်လာတဲ့ အဖြစ်အပျက်ဆိုးတွေကတော့ တစ်နေရာမဟုတ်တစ်နေရာမှာ တိုက်ဆိုင်စွာဖြစ်နေတတ်ပါတယ် . . .

* * *



www.burmeseclassic.com

www.burmeseclassic.com

# "အရိုးစွဲနေသော အယူသီးမှုများ"

မန္တလာရဲ့ အညာနွေက ပူပြင်းလွန်းလှတယ်။

နှစ်တစ်ရာအတွင်း အမြင့်ဆုံးအပူချိန်ဆိုတဲ့ မိုးလေဝ
ကြေညာချက်အတိုင်း တစ်သက်နဲ့တစ်ကိုယ် မကြုံဘူး
အပူဒဏ် ကို ခံစားနေရတယ် . . .။

" ပူတယ်လေ ဆယ်နေကဲဆိုတာ ဒါပဲထင်ပါရဲ့ဗျာ
ကိုမောင်မောင် ပလပ်စတစ် ယပ်တောင်ကို တဖျ
ဖျတ်ခတ်ရင်း ညည်းညူလိုက်တယ် . . .၊

" ဟုတ်တယ် ကိုမောင်ရေ . . . ကျုပ်တို့လည်းပွ
ပွက်ဆူနေတဲ့ရေနွေးအိုးထဲ ထည့်ပြုတ်ခံထားရတဲ့ အတိုင်း
နေပြီ . . .၊

တစ်ကိုယ်လုံးကို ချွေးတွေရွဲနစ်နေတာပဲ . . .၊

ကိုကျော်စွာကလည်း ကိုမောင်မောင့်စကားကို ဖြေ



www.burmeseclassic.com

www.burmeseclassic.com



စွက်ထောက်ခံရင်း ပြောလိုက်တယ် . . .။

သူတို့နှစ်ယောက် ညည်းညူမယ်ဆိုလည်း ညည်းညူလောက်တယ်။

ဒီနှစ် မန္တလေးနွေက ဘယ်နှစ်နဲ့မှ မတူအောင်ကို ပူလွန်းနေတယ် . . .။

သူတို့ပဲကြည့်၊ အပေါ်ရုပ်အင်္ကျီတွေကို တိုင်မှာချိတ်ပြီး စွပ်ကျယ်ချိုင်းပြတ် ကိုယ်စီနဲ့ ဖြစ်နေကြတယ် . . .၊

အပူဒဏ်သက်သာအောင် မျက်နှာကြက်ပန်ကာကို ဖွင့်ထားပေမဲ့၊ တရှိန်ရှိန်တောက်နေတဲ့ သွပ်မိုးအနီးက လေပူတွေကိုပဲ သူတို့ဆီပို့ပေးနေတယ်။

ဒါ့ကြောင့် ပလပ်စတစ်ယပ်တောင် တစ်ယောက်တစ်ချောင်းစီကိုင်ပြီး ယပ်ခတ်ပြိုင်နေကြရတယ် . . .၊

သူတို့ရောက်နေတဲ့နေရာက ရပ်ကွက်နာရေးကူညီမှုအသင်း ရုံးခန်းထဲမှာပါ . . .၊

နှစ်ယောက်စလုံးက ရပ်ကျိုး၊ ရွာကျိုးထမ်းဆောင်ချင်တဲ့ ပရဟိတလူငယ်တွေ . . .၊

ရပ်ကွက်အတွက် မရှိမဖြစ်လိုအပ်တဲ့ နာရေးကူညီမှုအသင်းလေးတစ်သင်းကို ဝါသနာတူလူငယ်တွေ စေါင်းစုဖွဲ့စည်း



www.burmeseclassic.com

www.burmeseclassic.com


ထားကြတယ် . . .၊

သူတို့အသင်းက အခမဲ့နာရေးကူညီမှုအသင်းဖြစ်ပြီး လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာအတန်းအစားမရွေး ကူညီပေးတယ် . . .၊

ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတဲ့ စကားအတိုင်း အလောင်းတွေကို ပို့ဆောင်ပေးရုံမကဘူး၊

အလောင်းပြင်ပေးတာက အစ၊ သင်္ဂြိုဟ်စရိတ်ကျခံပေးတာအလယ် ဆင်းရဲနွမ်းပါးလွန်းသူအတွက် သပိတ်သွတ်ပေး တာအဆုံး လိုလေသေးမရှိအောင် ဆောင်ရွက်ပေးတယ်။

ရှိသေးတယ်၊ နာရေးကူညီမှုအသင်းလို့ အမည်ပေးထားပေမယ့် ရေဘေး၊ မီးဘေးနဲ့ ပညာဒါနကိစ္စရပ်တွေပါမကျန် ကူညီပေးနေတဲ့အဖွဲ့လည်းဖြစ်ပါတယ် . . .၊

အသင်းမှာ ကားလေးစီးရှိပြီး အချိန်ပြည့်ယာဉ်မောင်း ဝန်ထမ်းတစ်ဦးခန့်ထားတယ်။ကျန်တဲ့ကားတွေကိုတော့ အဖွဲ့ဝင်ထဲက ကားမောင်းတတ်သူတွေက အလှည့်ကျလိုက်မောင်းပေးကြတယ်။

ဒီနေ့ အလှည့်ကျသူတွေက ကိုမောင်မောင်နဲ့ ကိုကျော်စွာ၊ စောစောပိုင်းက အဖွဲ့ဝင်တွေနဲ့ စည်စည်ညံညံ


www.burmeseclassic.com

www.burmeseclassic.com



ရှိပေမဲ့ လမ်းကြောင်း ထွက်သွားကြတာကြောင့် နာရေးအသင်း ရုံးခန်းထဲမှာ သူတို့နှစ်ယောက်ပဲ ကျန်နေတယ်။

သူတို့အသင်းက မြည်ကြီးတံခွန်မြို့နယ်ထဲက ရပ်ကွက်လေးရပ်ကွက်ကို တာဝန်ယူကူညီနေရတာဖြစ်တယ် . . .။

သူတို့နှစ်ယောက်စကားထိုင်ပြောနေတုန်းမှာပဲ ကိုမောင်မောင့်ဆီကို ဖုန်းဝင်လာတယ် . . .၊

ဖုန်းဆက်သူက ကိုမောင်မောင့် ဘကြီးဦးတင်ဦးပါ။

ဘကြီးက မန္တလေးမြို့နဲ့ ၁၂–မိုင်ဝေးတဲ့ ဆင်ခြေဖုံးမြို့နယ်တစ်ခုမှာနေထိုင်တယ် . . .၊

အဲဒီမြို့နယ်က နာရေးကူညီမှုအသင်းရဲ့ နာယကတစ်ယောက်လည်းဖြစ်တယ် . . .၊

" မောင်မောင်လားဟေ့ . . ."

" ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော် မောင်မောင်ပါ . . ."

"မင်းတို့ဘက်မှာ အခြေအနေဘယ်လိုရှိလဲဟေ့၊ ငါတို့ဆီမှာတော့ လမ်းကြောင်းများတယ် . . .၊

တစ်နေ့ သုံးလေးကြောင်း အနည်းဆုံးပဲ . . ."

အဲဒီ မင်းအားရင် ငါ့ဆီလာကူပါဦးလား . . ."

" ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော်တို့ဆီမှာတော့ အေး



www.burmeseclassic.com

www.burmeseclassic.com


အေးဆေးဆေးပါပဲ ။

လမ်းကြောင်းက တစ်ကြောင်း၊ နှစ်ကြောင်း ပုံမှန်ပါပဲ။

ကျွန်တော် ဒီနေ့ ရုံးခန်းမှာ တာဝန်ကျနေလို့ မနက်ဖြန်မှ လာခဲ့ပါ့မယ် ဘကြီး . . .၊

ဒါထက် ယာဉ်ရော ယူခဲ့ရဦးမလားခင်ဗျာ . . . ”

“ ယာဉ်မလိုဘူးကွ၊

တို့ဆီက သုံးစီးနဲ့ အဆင်ပြေတယ်။

မင်းကိုခေါ်တာက လိုအပ်သလို စီမံခန့်ခွဲပေးဖို့ပဲ. . .၊

အေး၊ ဒါပဲကွာ မနက်ဖြန် စောစောလာခဲ့ . . . ”

“ ဟုတ်ကဲ့ ဘကြီး . . . ”

ညနေ (၄)နာရီလောက်မှာ လမ်းကြောင်းသွားတဲ့ နိဗ္ဗာန် ယာဉ်ပြန်ရောက်လာတယ်။

‘ တော်သေးတယ် ဦးမောင်ရေ . . .

အပြန်မှ ကားဘီးပေါက်လို့ . . .၊

လမ်းကြောင်းသွားနေတုန်းသာ ဘီးပေါက်ရင်တော့ တော်တော် ဒုက္ခရောက်သွားနိုင်တယ် . . . ”

လမ်းကြောင်းပြန်လာတဲ့ ယာဉ်မောင်းသူက ခင်လာ လာချင်း ကိုမောင်မောင့်ကို သတင်းပို့တယ် . . .


www.burmeseclassic.com

www.burmeseclassic.com



" ပေါက်တဲ့ဘီးရော ဖာခဲ့ပြီလား . . . "

" ဖာဆိုင်ရှေ့ နိဗ္ဗာန်ယာဉ်ကြီး ရပ်ထားရမှာကို အားနာတာနဲ့ပဲ မဖာဖြစ်ခဲ့ဘူး . . . "

" အေးဗျာ၊ ဒါဆိုလည်း လမ်းထိပ်က ဆိုင်မှာ သွားဖာလိုက်ပါ။ ကျွန်တော်ဆီက ပိုက်ဆံယူသွား၊ ဘီးကိုလည်း ဖြုတ်ပြီး လှိမ့်သွားလိုက်ပေါ့ . . . "

ကိုမောင်မောင်က ပိုက်ဆံထုတ်ပေးလိုက်တယ်။

ဖဲသခြင်းတရားကို လူတိုင်းမလွဲမသွေကြုံရမှာ ဖြစ်ပေမဲ့ အချို့က သူတို့ကျ မဖြစ်တော့သလို ရှုံ့ရှာဟန်ပြုတတ်တယ်

နာရေးကူညီမှုအသင်းက ပစ္စည်းဆိုလျှင် ကျက်သရေယုတ်တယ်၊ မင်္ဂလာမရှိဘူးလို့ ယူဆတတ်တယ်။

နိမိတ်မကောင်းဘူးလို့လည်း အယူစွဲကြတယ်။

ဒီ့ကြောင့် ကိုယ်ကပဲ အလိုက်တသိ ဘီးကို ဖြုတ်ယူသွားတာဖြစ်တယ် . . ။

ခဏအကြာမှာ ဘီးဖာသွားတဲ့သူ ပြန်ရောက်လာတယ်

" မြန်လှချည်လား . . "

ကိုမောင်မောင်က လှမ်းနှုတ်ဆက်လိုက်တယ်၊

" မြန်ဆို မဖာခဲ့ရဘူးဦးမောင်ရေ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့လဲဗျ၊ ဆိုင်မဖွင့်ဘူးလား . . . "

" ဆိုင်က ဖွင့်ပါတယ်၊

နိဗ္ဗာန်ယာဉ်က ဘီးမို့ ဖာမပေးနိုင်ဘူးတဲ့ ဦးမောင်"

ကိုမောင်မောင် စိတ်ထဲကသိကအောက် ဖြစ်သွား

တယ်။

လေထိုးကျွတ်ဖာဆိုင်က ချာတိတ်ကို သူသိတယ်၊

သူတို့ မျက်စိရှေ့မှာတင် ကြီးပြင်းလာခဲ့တဲ့ ချာတိတ်

နောက်ပြီး ကိုမောင့်ကား လေထိုးကျွတ်ဖာကိစ္စတိုင်း သူ့ဆိုင်မှာ

ပဲ လုပ်နေကျ၊

ကိုမောင်မောင် ကိုကျော်စွာကိုခေါ်ပြီး လေထိုးကျွတ်ဖာ

ဆိုင်ထွက်ခဲ့တယ် . . . ။ချာတိတ်နဲ့ တွေ့တယ် . . .

လူတိုင်း ရှုံ့ရှာစက်ဆုပ်ပြီး မလုပ်ချင်၊ မကိုင်ချင်ကြတဲ့

အလုပ်ကို လူမှုရေးအသိနဲ့ အကူအညီပေးနေတဲ့ အဖွဲ့ ဖြစ်

ကြောင်းနဲ့!

အင်မတန်ကုသိုလ်ရတဲ့ အလုပ်မို့ လူတိုင်းလူတိုင်း

အားပေးကူညီသင့်တဲ့အကြောင်း နားချတရားဟောတယ် . . .

ကိုမောင်မောင် ဘယ်လောက်နားချချ၊ ဘယ်ပုံပဲ

တရားဟောဟော၊ ဟောရင်းသာ လျှာထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကောင်လေးကတော့ ခေါင်းတခါခါနဲ့ ငြင်းတယ်။

" အမင်္ဂလာပစ္စည်း၊ နိမိတ်မကောင်းတဲ့ ပစ္စည်းမို့ ဖာမပေးနိုင်ဘူး " လို့ပဲ တွင်တွင်ပြောနေတယ်။

ကိုမောင်မောင် ချာတိတ်ကို စိတ်အချဉ်ပေါက်သွားတယ်၊ ဘယ်လိုမှ တရားချလို့မရတဲ့အဆုံး၊

" အေး၊ မင်း ဖာမပေးချင်နေ၊

မင်းဆိုင်ရှေ့မှာ [illegible]ယာဉ်ကို တစ်နေ့လုံး၊ တစ်ညလုံး လာရပ်ထားမယ် . . . " လို့ အကျပ်ကိုင်လိုက်တယ်။

ဒီတော့မှ ချာတိတ်က ဘီးကို ဖာပေးတယ်။

ကိုမောင်မောင်တို့လည်း အောင်မြင်စွာပြန်ခဲ့တယ်၊

ဘီးဖာလို့ ရပေမယ့် ကိုမောင်မောင်ရဲ့ စိတ်ထဲမှာတော့ သိပ်မကောင်းလှဘူး၊

ဘုရားကြိုက်တဲ့အလုပ်၊ မြင့်မြတ်တဲ့ အလုပ်ကိုတောင် အရှိုးစွဲနေတဲ့ အယူသီးမှုတွေနဲ့ ရှုံရာကြောက်လန့်နေကြတယ်။

ဒီလူတွေ အမြင်မှန်ရအောင် ဘယ်လိုနည်းနဲ့ စည်းရုံးရမလဲဆိုတာပဲ တွေးတောနေမိတယ်။

နောက်နေ့မှာတော့ ကိုမောင်မောင် ဘကြီးဦးတင်ဦးနဲ့ ထွက်လာခဲ့တယ် . . . ၊

ဝိုးတဝေ

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးနေတဲ့ ဆင်ခြေဖုံးက ဆင်းရဲသားရပ်ကွက်တွေ များတယ်၊

ဆင်းရဲသားဆိုတာက နေဘယ်လောက်ပူပူ၊ ဘယ်လောက် ပြင်းပြင်း ထိုင်နေလို့ရတဲ့ လူတန်းစားမဟုတ်ဘူး၊

လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဘဝသမားတွေမို့ နေပူထဲ လည်း ထွက်ပြီး ရုန်းကန်ရတယ်။

ဒီတော့၊ အပူဒဏ်ကြောင့် ဖြစ်တဲ့ ရောဂါလက္ခဏာ အမျိုးမျိုးနဲ့ သေနေကြတယ်။

စံချိန်တင်ရတဲ့ အပူဒီဂရီကြောင့် သေနှုန်းကလည်း စံချိန်တင်မြင့်တက်နေတယ်။

အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူတွေ၊ ကျန်းမာ ရေးမကောင်းသူတွေနဲ့ အရက်သေစာသောက်စားသူတွေဟာ ဒီနွေကို မကျော်လွှားနိုင်ခဲ့ကြဘူး . . . ၊

ဘကြီးတို့ရဲ့ နာရေးကူညီမှုအသင်းက ဘုရားဝင်းထဲမှာ ရုံးခန်းဆောက်ထားတယ်။

ပရဝုဏ်အတွင်း ထောင့်ကျကျတစ်နေရာမှာ နိဗ္ဗာန် ယာဉ်တွေကိုထားတယ်။

ကိုမောင်မောင်နဲ့ သူ့ရဲ့ဘကြီးဖြစ်သူ ဦးတင်ဦး



www.burmeseclassic.com

www.burmeseclassic.com


အသင်းရုံးကိုရောက်ပြီး မရှေးမနှောင်းမှာပဲ အလှည့်ကျအသင်း
ဝင် တွေလည်း ရောက်လာကြတယ်။

နိဗ္ဗာန်ယာဉ်တွေရဲ့ ကြံခိုင်ရေးကို စစ်ဆေးသူကစစ်
ဆေး၊ ပြင်ဆင်သူကပြင်ဆင်၊ အလောင်းတင်စင်တွေ အခေါင်း
တွေကို နေရာချသူက ချနဲ့ ကိုယ်စီကိုယ်ငှ အလုပ်ရှုပ်နေကြ
တယ် . . .၊

တကယ်တော့ နာရေးကူညီသူတွေဟာ အလောင်းကို
သွားယူပြီး သုသာန်သင်္ချိုင်းပို့ပေးရုံသက်သက်မဟုတ်ပါဘူး၊

နှစ်ပေါင်းများစွာ စွဲလမ်းခဲ့တဲ့ ယုံကြည်မှုတွေရယ်၊
အရိုးစွဲနေတဲ့ အယူသီးမှုတွေကြားမှာ သတိကြီးကြီး
ထားပြီး အမှားအယွင်းမရှိအောင် ဆောင်ရွက်ကြရပါတယ်။

အနစ်နာခံပြီး အခမဲ့ ကူညီပေးတာဖြစ်ပေမယ့် လွဲချော်
မှု တစ်ခုခုဖြစ်သွားရင်တော့ မျက်နှာမရ ခြေထောက်ရတတ်ပါ
တယ်။

စေတနာတွေ အရာမထင် ဖြစ်သွားတတ်ပါတယ်။

" ဘကြီးတို့အသင်းမှာ လူငယ်တွေများသားပဲ၊
တက်တက်ကြွကြွလည်း ရှိတယ် . . . "

ကိုမောင်မောင်က ပျော်ပျော်ပါးပါးအလုပ်လုပ်နေကြ


www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူငယ်တွေကိုကြည့်ပြီး ပြောလိုက်တယ် . . .၊

" အေးကွ၊ ခေတ်လူငယ်တွေကို အထင်သေးလို့ မရ ဘူး၊ ပရဟိတစိတ်ရှိတယ်။

လူတွေကို ကူညီရတာလည်း ပျော်ပုံရတယ်၊ အားလုံး တက်တက်ကြွကြွပဲ . . .၊

" ငါတို့လည်း လူငယ်တွေကို အသိပညာပေးပြီး စည်း ရုံးရတာပေါ့ကွာ . . . "

" ဟုတ်တယ် ဘကြီး

ဒီလို အသိစိတ်ဓာတ်ရှိတဲ့ လူငယ်တွေအများကြီးရှိဖို့ လိုတယ်။ အဲမှ နိုင်ငံ ကောင်းမယ် . . . "

အသင်းဝင်အားလုံးအတွက် နေ့လယ်စာကို ကိုမောင် မောင်ကပဲ လှူဒါန်းကျွေးမွေးတယ်။

နာရေးသင်္ဂြိုဟ်မှုတွေက မွန်းတည့်ဆယ့်နှစ်နာရီနောက် ပိုင်းမှ ပြုလေ့ရှိတာမို့ ဆယ့်တစ်နာရီခွဲလောက်ကတည်းက နိဗ္ဗာန်ယာဉ်တွေကို စေလွှတ်လိုက်တယ်။

လမ်းကြောင်းများနေရင် အခြားအသင်းတွေဆီကို လှမ်းပြီး ကားအကူအညီတောင်းရတယ်။

အကူအညီလာတဲ့လူတွေ အဆင်ပြေအောင်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



းရတယ်၊ ညှော်ခံရတယ်၊

ဒီနေ့ အတွက် လမ်းကြောင်းက သုံးကြောင်းရှိတယ်။

နိဗ္ဗာန်ယာဉ်ကလည်း သုံးစီးရှိတာကြောင့် မပူရဘူး၊

ရုံးခန်းထဲမှာ ကိုမောင်မောင်၊ ဦးတင်ဦးနဲ့ အသင်းကြီးနှစ်ယောက်တို့ပဲ ကျန်နေခဲ့တယ်။

လူကြီးတွေရဲ့ တာဝန်က လမ်းကြောင်းယာဉ် သုံးစီးသုံး အသင်းရုံးကို ပြန်ရောက်လာမှ ပြီးတယ်။

အိတောင် ဘေးမသီရန်မခ ပြဿနာမရှိမှ

ပြဿနာပေါ်လို့ လိုက်ရှင်းရတဲ့အခါ နေဝင်မိုးချုပ်မှ အိမ်ရတယ်။

ဒီကြားထဲ မိုးလောင်လို့ ရဲမှုခင်းဖြစ်လို့ အလောင်းသယ်အကူအညီတောင်းလာရင်တော့ သွားပြီ။

ညဉ့်နက်သန်းခေါင်ကျော်ပြီး မိုးလင်းမှပဲ အိမ်ကိုပြန်ကြတော့တယ်။

"ကလင် . . . ကလင် . . . ကလင် . . . "

ရုံးခန်းဖုန်းမြည်သံကြောင့် ကိုမောင်မောင်တို့ စကားပြောနေတာကို ရပ်လိုက်ကြတယ် . . .၊

ဦးတင်ဦး ဖုန်းကိုကောက်ကိုင်လိုက်တယ် . . .၊



www.burmeseclassic.com

www.burmeseclassic.com



စပီကာခွက်ထဲက ထွက်နေတဲ့အသံကြောင့် တစ်ဖက်
လူရဲ့ ပြောတဲ့စကားတွေကို အားလုံးပဲကြားနေရတယ် . . .

နောက်ဆုံးထွက်သွားတဲ့ နာရေးကား၊လမ်းအဝင်မှာ
လို့ ရပ်ကွက်ကလူတွေမကျေမနပ်ဖြစ်ပြီး ဝိုင်းထားတယ် . .

လမ်းကြောင်းလည်း မသွားရသေးဘူး။

အသင်းလူကြီးတွေ လာပြီးရှင်းပေးဖို့ အကြောင်းကြား
တဲ့ ဖုန်းဖြစ်တယ်။

လူကြီးနှစ်ယောက်ကို ရုံးမှာထားခဲ့ပြီး ကိုမောင်မော
နဲ့ ဦးတင်ဦးပဲ ကိုမောင်မောင်လိုက်ထရပ်နဲ့ ထွက်ခဲ့ကြတယ်

ရပ်ကွက်က မြို့ စွန်ဆင်းရဲသားရပ်ကွက်လေး။

လမ်းတွေက မြေသားလမ်းတွေ၊ ကျင်းတွေချိုင့်
ပြည့်နေတဲ့အပြင် အရမ်းကျဉ်းတယ်။

နီဗွာန်ယာဉ်ကို အသုဘအိမ်ရှေ့မှာ ရပ်ထားတာ
ရတယ်။

ယာဉ်မောင်းသူနဲ့ ကျန်အဖွဲ့ဝင်တွေကို မတွေ့ရဘူး

စုံစမ်းမေးမြန်းကြည့်တော့ ရပ်ကွက်လူကြီး ဦး
ထူးအိမ်မှာ ရောက်နေတယ်တဲ့၊ ကိုမောင်မောင်တို့ ဆက်လို
သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ထူးရဲ့ အိမ်ရှေ့မှာရော၊ အိမ်နောက်မှာပါ လူတွေပြည့်နေတယ်။ ယောက်ျားရော၊ မိန်းမရောပဲ၊

သူတို့အားလုံးရဲ့ မျက်နှာတွေက တင်းမာနေတယ်။

ကိုမောင်မောင်တို့ နှစ်ယောက်ရှာလှကြီးအိမ်အပေါ်ထပ်ကို တက်သွားတယ်။

အပေါ်ထပ်ဧည့်ခန်းမှာလည်း လူတွေပြည့်နေတယ်။

အဲဒီလူတွေကြားထဲမှာ သူ့လူတွေကို မျက်နှာညှိုးညှိုးငယ်ငယ်နဲ့ တွေ့ရတယ် . . .၊

" နိဗ္ဗာန်ယာဉ်က လမ်းရဲ့ အထက်ဘက်က ဝင်လာပြီး အလောင်းကိုတင်၊ ပြီးတာနဲ့ အောက်ဘက်ကနေပြန်ထွက်ရမှာကို အောက်ဘက်ကနေ ပြောင်းပြန်ဝင်လာတယ် . . .၊

ထုံးစံက ဒီလိုမဟုတ်ဘူးလေ၊ မဝင်ကောင်းဘူး။

ရပ်ကွက်နာတတ်တယ်။

ဒါကို ရပ်ကွက်က မကျေမနပ်ဖြစ်နေကြတယ် . . ."

ဦးအောင်ထူးက ကိုမောင်မောင်တို့ကို ရှင်းပြတယ်...၊

" လမ်းတွေက တအားဆိုးတယ်ဗျာ . . .၊

ဒီ့ကြောင့် ကျွန်တော်လည်း လွယ်တဲ့ဘက်က ဝင်လိုက်မိတာပါ . . ."



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ယာဉ်မောင်းသမားက မျက်နှာငယ်လေးနဲ့ ရှိ
ပြတယ်။

" ဒီလိုကွာ . . .၊

ခလေ့ထုံးစံ မပယ်ကောင်းဘူးဆိုတာ မှန်တယ် . .

ရပ်ကွက်နာတတ်တယ်ဆိုတာလည်း ငါလက်ခံတယ်

ဒါပေမဲ့ ငါတို့က စေတနာနဲ့ကူညီနေတဲ့ ပရဟိတသမ

တွေကွ . . .၊

ခပ်ရိုင်းရိုင်းပြောရရင် ကိုယ့်ထမင်းကိုယ်စား၊ ကျီးဖ

နှားအငှားကျောင်းနေတဲ့သူတွေ . . .၊

မင်းတို့အထဲမှာ ဒီလိုအလုပ်မျိုး ဘယ်သူလုပ်နိုင်လဲ

ကိုယ့်ရပ်ရွာအတွက် စေတနာနဲ့ လုပ်ပေးနေတဲ့သူတေ

ကို မင်းတို့ ခွင့်လွှတ်လို့မရဘူးလား၊ ခွင့်မလွှတ်နိုင်ကြဘူးလား

သူ့အဖွဲ့ဝင်တွေအပေါ် ရန်လိုတဲ့ အပြုအမူကြော

ဘကြီးဦးတင်ဦးရဲ့ အသံက တင်းမာနေတယ် . . .။

" ကျွန်တော်လည်း ပြောပြပါတယ်ဗျာ . . .

ကိုယ့်ရပ်ကွက်ကို အကူအညီပေးနေတဲ့သူတွေ၊

နောင်လည်းအရှည်သဖြင့် ဆက်ဆံရဦးမယ့်သူတွေ

သည်းခံပေးကြပါဆိုတာကို ပြောမရဘူးဗျာ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ထူးက လေပြေဝင်ထိုးတယ် . . .၊

ဟိုဘက်က ပြောလိုက်၊ ဒီဘက်က ပြောလိုက်နဲ့ အချိန်ကုန်ရုံပဲရှိမယ်၊

ပြဿနာမပြေလည်နိုင်ဘူးဆိုတာ ကိုမောင်မောင်စဉ်းစားမိတယ်၊ ဒါ့ကြောင့် ဒီစကားဝိုင်းထဲ သူဝင်ဖို့ဆုံးဖြတ်လိုက်တယ် . . . ။

" .ရှေးထုံးကိုလည်း မပယ်နဲ့ဆိုတဲ့ စကားအတိုင်း ကျွန်တော်တို့လည်း မပယ်ပါဘူး . . .၊

ဒါပေမဲ့ ပြဿနာကဖြစ်ပြီးသွားပြီ၊ လွန်သွားပြီ။

ဒီလွန်သွားတဲ့ ကိစ္စကြောင့် ရပ်ကွက်မနာအောင်လုပ်ရမယ်။

ဒီလိုကိစ္စမျိုးတွေ ကျွန်တော်တို့အသင်းက မကြာခဏကြုံဖူးပါတယ်။

ဒီလိုကြုံတိုင်း ရွာတော်ရှင်နတ်ကို တောင်းပန်ပြီး ပူဇော်သပေးရတယ်။

ဒီလိုလုပ်ပေးရင် အပြစ်တွေ ပြေပျောက်အေးငြိမ်းသွားပါတယ်။

ဒီကိစ္စကို ကျွန်တော်တို့ တာဝန်ယူပြီးဆောင်ရွက်ပေး



www.burmeseclassic.com

www.burmeseclassic.com


မယ်။ စိတ်ချလက်ချသာနေပါ၊ ခင်ဗျားတို့ရပ်ရွာဘာမှမဖြစ်

ဘူး။

တစ်ခုတော့ရှိတယ်၊ ဒီနေ့အချိန်မရတော့ဘူး၊

အသုဘလည်း ပို့ပေးရဦးမယ်၊

ဒါကြောင့်မနက်ဖြန်မှာ ဆက်ဆက်လာပြီးဆောင်ရွ

ပေးပါ့မယ်၊ ကျေနပ်ကြပါ . . . ”

ကိုမောင်မောင်က ရှင်းပြပြီးကတိပေးလိုက်တယ်။

“ ကဲပေါ့၊ ရပ်ကွက်မနာအောင် မနက်ဖြန်လာလု

ပေးမယ်တဲ့ ၊

အားလုံးကျေနပ်ကြတော့၊

သွားကြ၊ ကိုယ့်အိမ်ကိုပြန်ကြ . . . ”

ဦးအောင်ထူးက ရပ်ကွက်ထဲကလူတွေကို ပြန်ခိုင်

လိုက်တယ်။

ကိုမောင်မောင်တို့ အဖွဲ့လည်း လမ်းကြောင်းကို အော

အောင်မြင်မြင်ပို့ဆောင်ပြီးအသင်းရုံးပြန်ခဲ့ကြတယ် . . . ၊

နောက်နေ့မှာတော့ ကိုမောင်မောင်ဦးဆောင်

အသင်းသူ အသင်းသားအချို့ဟာ ပြဿနာဖြစ်ခဲ့တဲ့ ရပ်ကွက်

သွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ကျေနပ်အောင် ရှာတော်ရှင်နတ်နန်းမှာ တစ်ပျော်နတ်ပွဲပေးလိုက်တယ် . . .၊

ဦးအောင်ထူးနဲ့ ရပ်ကွက်ထဲက လူတွေလည်း နတ်ပွဲမှာ ပျော်ပျော်ပါးပါးဝင်နွှဲကြတယ်။

ဦးအောင်ထူးက ကိုမောင်မောင်တို့ကို တောင်းပန်စကားဆိုတယ် . . .၊

" ကျွန်တော့်ရပ်ကွက်က လူတွေကိုလည်း ခွင့်လွှတ်ပါဗျာ၊ သူတို့ကိုယ်စား ကျွန်တော်တောင်းပန်ပါတယ် ဦးမောင်မောင် . . .၊

သူတို့က ဒီလိုအဖြစ်အပျက်နဲ့ ပတ်သက်ပြီး အင်မတန်ယုံကြတယ် ၊

မယုံလို့လည်း မဖြစ်ဘူးလေ၊

ဓလေ့ထုံးစံကို ပေါ့တီးပေါ့ဆသဘောထားပြီး ပြီးစလွယ်လုပ်ခဲ့တဲ့ အရက်သမားတွေကြောင့် ကျွန်တော်တို့ တစ်ရပ်ကွက်လုံး ပျက်မတတ်ဖြစ်ခဲ့ရတယ်။

စိုးရိမ်စိတ်တွေနဲ့ ထိတ်လန့်ချောက်ချားခဲ့ရတဲ့နေ့တွေ ညတွေ အများကြီးဖြစ်ခဲ့တယ် . . .၊

ဒီအဖြစ်အပျက်က သူတို့ရင်ထဲမှာ ခုချိန်ထိ စွဲနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မမေ့နိုင်အောင်ကို စွဲလမ်းနေကြတယ်..."

" ဘယ်လိုအဖြစ်အပျက်မျိုးမို့ ဒီလောက်စွဲလမ်းကြောက်ရွံ့ ထိတ်လန့်သွားကြတာလဲ . . .၊

ကျွန်တော့်ကို ပြောပြပေးပါလား ဦးအောင်ထူး . . ."

" ဒီလိုဗျ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့ . . . ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ကိုရွှေနဲ့ မအုန်းမြင့်ဆိုတဲ့ လင်မယားနှစ်ယောက်ရှိခဲ့တယ် . . .။

လင်က ပန်းရံနောက်လိုက်လုပ်တယ်။

မယားကလည်း ရပ်ကွက်ထဲမှာ ချမ်းသာတဲ့သူတွေ အိမ်လိုက်ပြီး အဝတ်လျှော်တယ်။

တစ်ညတော့ ကျွန်တော်တို့ရပ်ကွက်ထဲမှာ မိုးမုန်တိုင်းကြီး တိုက်ခတ်တယ်။

ဖြစ်ချင်တော့ အဲဒီညမှာမှ သားဦးကိုယ်ဝန်အရင့်အမာ ဖြစ်နေတဲ့ မအုန်းမြင့်တစ်ယောက် ဗိုက်နာတယ်။

သနားစရာပါဗျာ . . .၊

အရပ်လက်သည်က အခြေအနေမကောင်းတော့မှ သူမနိုင်တော့ဘူးဆိုပြီး ဆေးရုံတင်ခိုင်းတယ်။

သူ့ယောက်ျားကိုရွှေ မိုးမုန်တိုင်းထဲ ထွက်ပြီးသူ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆေးရုံပို့ဖို့ လူလိုက်ခေါ်တယ်။

အဲဒီမှာ သစ်ပင်ပိပြီးသေသွားတယ်။

သူ့မိန်းမလည်း မီးမဖွားနိုင်ဘဲ ဆုံးသွားတယ်။

လင်မယားနှစ်ယောက်စလုံး တစ်ညတည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးသွားရတယ် . . .၊

တစ်ရပ်ကွက်လုံး ထိတ်လန့်ချောက်ချားသွားရတဲ့ အဖြစ်အပျက်တွေကလည်း အဲဒီကနေ စခဲ့တာပါပဲ ဦးမောင်မောင် . . .။





www.burmeseclassic.com

www.burmeseclassic.com



# ဘသေဆိုးတဲ့ လင်မယား . . .



မန္တလေးမြို့ကြီးရဲ့ ဆင်ခြေပုံးမြို့သစ်ရပ်ကွက်လေးမှ
ဖြစ်ပါတယ်။

မြို့သစ်တို့ရဲ့ ထုံးစံအတိုင်း မြို့ပြင်ဘက်၊ လယ်ကွင်းယ
ကွင်းတွေကို မြို့ကွက်ရိုက်တည်ထားတဲ့ မြို့အသစ်တစ်ခု ဖ

သစ်ပင်မရှိ၊ အရိပ်အာဝါသမရှိတဲ့ လွင်တီးခေါင်ပြင်ကြ
ထဲမှာ မြို့ကိုတည်ထားတယ်။

နွေကာလဆိုရင် မခံမရပ်နိုင်အောင် မှုပြင်းလွန်း
တယ်။

မိုးတွင်းကာလ ကျပြန်တော့လည်း နူးဆစ်မြုပ် ရွံ့ဗွ
လမ်းတွေ ဖြစ်သွားတယ် . . .၊

တည်ဆောက်ဆဲကာလ၊ မပွံ့ဖြိုးသေးတဲ့ မြို့သစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တွေအာက လိုအပ်ချက်တွေ ပြည့်နေတဲ့ တွင်းကြီးတစ်တွင်းထဲ ကျနေသူတွေရဲ့ ဘဝမျိုးပါ။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာရေး၊ ညာရေး၊ လူတစ်ယောက်အတွက် လိုအပ်တဲ့ အရေးကိစ္စတွေမှန်သမျှ ချို့ငဲ့ နေတတ်ကြပါတယ် . . .၊

ဒီလို နေသားတကျမဖြစ်သေးတဲ့ မြို့သစ်ကိုမှ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတဲ့အတိုင်းမိုးက အပြိုးကြီးကြီးနဲ့ ရွာချနေတယ် . . .၊

ဘယ်တုန်းကမှ မရွာဘူးတဲ့ အရှိန်အဟုန်နဲ့ကို သည်းသည်းထန်ထန်ရွာသွန်းနေတယ်. . .။

ဒေါသကြီးနေတဲ့မိုးကို မုန်တိုင်းက ဝိုင်းကူပြန်တယ်... တဝုန်းဝုန်းတဒိုင်းဒိုင်း မိုးကြိုးပစ်သံတွေ၊

တရှီးရှီး၊ တဝေါဝေါ လေမုန်တိုင်းတိုက်ခတ်သံတွေက ကမ္ဘာပျက်နေတဲ့အလား ဆူညံပွက်လောရိုက်နေတယ်၊

ကြမ္မာငင်တယ်လို့ပဲ ပြောရမယ်ထင်ပါရဲ့၊

ဒီလို မိုးကြိုးမုန်တိုင်း  ကြောက်စရာလန့်စရာ ထစ်ချုန်း မြည်ဟိန်းနေတဲ့၊

မိုးရောလေပါ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း အပြိုးကြီးကြီးရွာ



www.burmeseclassic.com

www.burmeseclassic.com



သွန်းနေတဲ့ ညမှာမှမြို့သစ်ရဲ့ ဆင်းရဲသားရပ်ကွက်က မအုန်းမြင့် ဆိုသူ မိန်းမတစ်ယောက် ဗိုက်နာလာတယ်။

သားဦးကိုယ်ဝန် ဖြစ်နေတာ တစ်ကြောင်း၊

မအုန်းမြင့် ကိုယ်တိုင်ကလည်း အသည်းငယ်တာ၊ မျှော်တာကြောင့်တစ်ကြောင်း မီးမဖွားနိုင်ဘူးဖြစ်နေတယ် . . .၊

မအုန်းမြင့် အလူးအလဲခံစားနေရတယ် . . .၊

အဖွားမလေး အဘလေးတပြီး အော်ဟစ်ညည်းညူနေရတယ် . . .၊

မအုန်းမြင့် ယောက်ျားကိုရွှေလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ အယောင်ယောင်အမှားမှားတွေ ဖြစ်နေတယ်။

သူ့မိန်းမ အော်လိုက်တိုင်း၊ သူက ထိုင်ရမလို၊ ထရမလို ဖြစ်နေတယ် . . .၊

"မြို့သစ်၊ ဆေးရုံကို ပို့မှဖြစ်မယ် . . ."

နေ့ခင်း၊ မအုန်းမြင့် ဗိုက်စနာကတည်းက ရောက်နေတဲ့ အရပ်လက်သည်အမေမွှေး သူမနိုင်တော့ဘူးဆိုတာ သဘောပေါက်လိုက်တယ် . . .၊

မိုးကြီးလေကြီး ဝုန်းဒိုင်းကြဲနေတဲ့အချိန်ပေမယ့် သူ့အလုပ်ကုန်အောင်၊ တာဝန်ကျေအောင် ဆေးရုံပို့ဖို့ပြော



www.burmeseclassic.com

www.burmeseclassic.com



တော့တယ် . . .။

ဆေးရုံဆိုတာနဲ့ ကိုရွှေခေါင်းထဲ အရင်ဆုံးရောက်လာတာက ဆေးရုံစရိတ်အတွက် ငွေကြေး၊

သူ့လက်ထဲမှာ ရှိတဲ့ငွေက အမေ့ကို လက်သည်ပေးဖို့ စုထားတဲ့ မပြစ်စလောက်ငွေလေးမျှသာဖြစ်တယ်။

ကိုရွှေ 'ဟင်းခနဲ' အသံထွက်အောင် သက်ပြင်းလေးကြီးတစ်ချက်ကို ချလိုက်တယ် . . .၊

" မိအုန်း ဆေးရုံရောက်ဖို့က အရေးကြီးတယ် . . . ကျန်တာကတော့ နောင်ခါလာနောင်ခါချေးပဲ . . . "

အတွေးတွေနဲ့ ရင်လေးနေတုန်းမှာပဲ မအုန်းမြင့်ရဲ့ အော်သံတစ်ချက် ဆိုးဆိုးဝါးဝါးထွက်လာပြန်တယ်။

သူဘာမှ စဉ်းစားမနေတော့ဘူး၊

အိမ်ပေါ်ကနေ အမြန်ခုန်ချတယ်၊ ပြီးတော့ လျှပ်စီးတစ်ခင်း၊ မိုးကြိုးတွေ တဒိုင်းဒိုင်းပစ်နေတဲ့ မိုးမှန်တိုင်းထဲကို ပြေးထွက်သွားတယ်။

တကယ်တော့ အဲဒီအချိန်ဟာ ဒေသမင်းရဲ့ မရဏစက္ကန့်ရောက်တဲ့အချိန်ပါ . . .။

မရဏမင်းက သူ့ရဲ့ဇာတ်လမ်းဇာတ်ကွက်တွေကို



www.burmeseclassic.com

www.burmeseclassic.com


အရက်စက်ဆုံးစီရင်ရေးဆွဲထားတယ် . . .။

မိုးကြိုးမုန်တိုင်းတွေ ပြင်းပြင်းထန်ထန်တိုက်ခတ်ဖြောင်း ဆန်နေတဲ့ညမှာ မအုန်းမြင့်ကို ဗိုက်နာစေတယ်၊

လွယ်လွယ်ကူကူ မွေးဖွားလို့မရအောင် ဆေးရုံပို့ရ အောင် ဖန်တီးတယ် . . .

ပြီးတာနဲ့ မအုန်းမြင့်ရဲ့ယောကျ်ားကိုရွှေကို အိမ်အပြင် ထွက်အောင် သွေးဆောင်လိုက်တယ်။

မအုန်းမြင့်ကို ဆေးရုံပို့ရာမှာ ကူညီကြဖို့ ထမ်းယူဖို့ ဆိုတဲ့အကြောင်းပြချက်နဲ့ပေါ့ . . .၊

ကိုရွှေမိုးမုန်တိုင်းထဲ ပြေးဝင်သွားတယ်။

ရွာလယ်က ညောင်ပင်အိုကြီးအနီးရောက်လာတယ်။

သေမင်းရဲ့ မရဏစက္ကန့်ကလည်း ချောက်ချားစရာ ကောင်းတဲ့အေးစက်မှုတွေနဲ့ တထစ်ထစ်ရွေ့လျားနေတယ် . . .

ကိုရွှေ ညောင်ပင်အောက်အရောက်မှာ နာရီလက်တံ က မရဏစက္ကန့်ကို တိတိကျကျ ရောက်ရှိသွားတယ်။

ညောင်ပင်အိုကြီးဟာ ကြောက်မက်ဖွယ်မြည်တမ်းသံ ကြီးနဲ့ အတူ ကိုရွှေရဲ့အပေါ်ကို ပြိုလဲပိကျသွားခဲ့တယ် . . .

"အားခနဲ" ထိတ်လန့်တကြားအော်လိုက်တဲ့ ကိုရွှေ


www.burmeseclassic.com

www.burmeseclassic.com


ရဲ့ အသံနက်ကြီးက ဆူညံပွက်နေတဲ့ မုန်တိုင်းသံတွေနဲ့ ရော ထွေးသွားတယ်။

ကိုရွှေ ချက်ချင်းမသေသေးဘူး၊

အကြောဆွဲသလို ခြေတွေလက်တွေ တဆတ်ဆတ် လှုပ်ရှားနေသေးတယ် . . ။

မိနစ်အနည်းငယ်ကြာမှ သူ့ဝိညာဉ်ဟာ သူ့ရဲ့ခန္ဓာကိုယ် တနေ အပြီးတိုင် ထွက်ခွါသွားပါတယ်။

"ကံကြမ္မာဆိုးဟာ ဘယ်တော့မှ တစ်ယောက်တည်း မလာဘူး" ဆိုတဲ့ စကားအတိုင်းပါပဲ။

ကိုရွှေညောင်ပင်အိုပိပြီး အသေဆိုးနဲ့ကြုံသွားတဲ့ မရှေး မနှောင်းမှာပဲ

သူ့မိန်းမ မအုန်းမြင့်လည်း မီးမဖွားနိုင်တဲ့ဝေဒနာကို အသည်းအသန်ခံစားရင်း သူ့ယောကျ်ားကိုရွှေ ထွက်ခွါရာ သေမင်းနိုင်ငံကို ကောက်ကောက်ပါအောင် လိုက်သွားပါတော့ တယ် ။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# မြေမြုပ်များတဲ့ အလောင်းနှစ်လောင်း . . .



ကိုရွှေတို့ လင်မယားနှစ်ယောက်ရဲ့ အလောင်းတွေ
မြို့အပြင်ဘက်မှာထားတယ်။

လေးတိုင်စင်နှစ်ခုလုပ်ပြီး အလောင်းထည့်ထား
အခေါင်းတွေ တင်ထားတယ်။

မှန်တိုင်းစဲသွားပေမယ့် မိုးအဆက်မပြတ်ရွာနေတဲ့
အခေါင်းတွေအပေါ်မှာ ဖျာကြမ်းတစ်ချပ်စီအုပ်ပေးထားတ

သူတို့သေတဲ့ညက သည်းသည်းထန်ထန်ရွာသွန်း
မိုးမုန်တိုင်းကြောင့်ရော၊

နောက်ရက်တွေပါ အမြဲမပြောဘဲ ဆက်တိုက်ရွာ
မိုးကြောင့်ပါ၊ ရပ်ကွက်တစ်ခုလုံး ရေတွေပေါင်းနေသွားတ



www.burmeseclassic.com

www.burmeseclassic.com



ပယ်မြောင်း၊ လယ်မြောင်းမှန်သမျှက ဒလဟောစီးလာ
တဲ့ရေတွေကလည်း သူတို့ရပ်ကွက်လေးကိုပဲ ဦးတိုက်ဝင်လာ
ကြတယ်။

မြို့သစ်တည်မြို့ကတည်းက မကြုံဘူးအောင်ဖြစ်တဲ့
ရေကြီးရေလျှံမှုကို ခံ ရတယ် . . . ၊

ရပ်ကွက်ထဲမှာ လမ်းတွေပေါ်မှာ ခါးလောက်၊ ပေါင်
ခယ်လောက် ရေတွေရောက်လာတယ် . . . ၊

ဒီနှစ်မှ ဖြစ်တဲ့ ထူးကဲရေကြီးမှုကြောင့် ခနိမ့်ပိုင်း
ရပ်ကွက်က လူနေအိမ်အချို့ ရေမြုပ်သွားတယ်။

ရေဘေးဒုက္ခသည်တွေကို ရပ်ကွက်ထိပ်ကုန်းမြင့်ပေါ်
က ဘုန်းကြီးကျေ းမှာ ဒုက္ခသည်စခန်းဖွင့်ပြီး ကူညီထောက်ပံ့
ကြတယ်။ ရေဘေးလွတ်တဲ့ ရပ်ကွက်တွေက ထမင်းထုပ်တွေ
ပေးတယ်။

ဒီလို သဘာဝဘေးအန္တရာယ်ကျရောက်နေတဲ့ ကာလ
ထဲမှာမှ ကိုရွှေနဲ့ မအုန်းမြင့်တို့ရဲ့ နှစ်လောင်းပြိုင်အသုဘဖြစ်
လာတာဖြစ်တယ် . . . ။

သုံးရက်မြောက်နေ့မှာ အလောင်းတွေကို သင်္ဂြိုဟ်ဖို့
စီစဉ် ဆောင်ရွက်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြေခင်းလက်ခင်းသာယာတဲ့အချိန်တွေကတော့ ထုံး
အတိုင်း အလောင်းကို အိမ်က သယ်သွား၊ သုသာန်မှာ သရ
တင်တရားနာတယ်၊ မြေမြှုပ်ချင်မြှုပ်၊ မီးသင်္ဂြိုဟ်ချင်းသင်္ဂြိုဟ်
ဂူသွင်းချင်သွင်း၊ အေးအေးဆေးဆေး ဆောင်ရွက်လို့ရတယ်
ခုအနေအထားကျတော့ မိုးထဲရေထဲဖြစ်နေတာကြော
အစီအစဉ်တစ်မျိုးပြောင်းလိုက်ရတယ်။
ကွယ်လွန်သူတွေရဲ့ အိမ်မှာပဲ သံဃာတော်ပင့်
တရားနာလိုက်တယ်။
ပြီးတာနဲ့ မြေမြှုပ်သင်္ဂြိုဟ်မယ့်အဖွဲ့လက်ထဲ အလော
တွေကို အပ်လိုက်တယ်။ သုသာန်ကို ဘယ်သူမှ မပို့ကြတေ
ဘူး။
မြေမြှုပ်အဖွဲ့လည်း အခေါင်းတွေထမ်းသူကထ
အရက်ပုံးဆွဲသူက ဆွဲနဲ့ မိုးထဲရေထဲမှာပဲ သုသာန်ကို ထွက်
သွားကြတယ်။
ကြမ္မာဆိုးကြုံတွေ့ခဲ့ရသူ ကိုရွှေနဲ့ မအုန်းမြ
လင်မယားနှစ်ယောက်ရဲ့ အသုဘကိစ္စလည်းသည်မှာပဲ နိဂုံး
ခဲ့ရတယ်။
တစ်ခုတော့ရှိတယ် -



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ကွက်လုံး ထိတ်လန့်ချောက်ချားသွားရတဲ့ ဖြစ်အပျက်ဆိုးတွေဟာလည်း အဲဒီညမှာပဲ စတင်ဖြစ်ပွါးခဲ့တယ်။

ပ…တ်တယ် အဲဒီညမှာပဲ အသဲတုန်၊ အူတုန်စရာ …ကောင်းလှတဲ့ ခွေးအူသံကြီးကို စပြီးကြားရတာဖြစ်ပါတယ်။

## " သချိုင်းကုန်းက ခွေးအူသံကြီး "

" အူ . . . အူ . . . အူ . . . "

ညသန်းခေါင်လောက်မှာ သချိုင်းကုန်းဘက်ဆီကနေ …ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံကြီးထွက်ပေါ်လာတယ်။

ထူးခြားတဲ့ ခွေးအူသံကြီးကြောင့် သက်ကြီးရွယ်အိုအချို့ …လန့်နိုးလာကြတယ် . . .

ခွေးအူသံက ဘုန်းကြီးကျောင်းတွေမှာ ကြေးစည်တီး…တဲ့အခါ အူကြတဲ့ သာမန်ခွေးအူသံမျိုးမဟုတ်ဘူး။

ကြက်သီးမွေးညင်းထအောင်၊ လိပ်ပြာယောင်အောင် …ကြောက်စိတ်ဖြစ်စေတဲ့ ခွေးအူသံကြီး . . . ၊

" ကျက်သရေမရှိတဲ့ ခွေးအူသံကြီး " လို့လည်း



www.burmeseclassic.com

www.burmeseclassic.com



တန်းသိလိုက်ကြတယ်။

အဆက်မပြတ်အူနေတဲ့ ခွေးအူသံကြီးဟာ ပိုပြီးပိုပြီး ကျယ်လောင်လာတယ်။ ရပ်ကွက်နဲ့ တပြည်းပြည်းနီးလာတယ်။

မကြာခင်မှာပဲ ရေထဲမှာ တစွပ်စွပ်နင်းလာတဲ့ ခြေသံနဲ့ အတူ ခွေးနက်ကြီး တစ်ကောင် ရပ်ကွက်ထဲဝင်လာတာကို တွေ့ ကြရတယ် . . . ।

ခွေးနက်ကြီးက သာမန်ခွေးတွေထက် နှစ်ဆသုံးဆ လောက်ကိုယ်လုံးကိုယ်ထည် ကြီးမားတယ် . . . ।

ခွေးနက်ကြီးအူပြီး ဝင်လာတာနဲ့ ရပ်ကွက်ထဲကခွေး တွေဝိုင်းဟောင်ကြတယ် . . . ।

ခွေးအူသံ၊ ခွေးဟောင်သံတွေနဲ့ တစ်ရပ်ကွက်လုံးဆူညံ နေတယ် . . . ।

ရပ်ကွက်ခွေးတွေ ဘယ်လောက်ဟောင်ဟောင် ခွေး နက်ကြီးကတော့ ဂရုမစိုက်ဘူး၊

အူမြဲအူနေတယ်၊ ရေတွေကို တစွပ်စွပ်နင်းပြီး သွားမြဲ သွားနေတယ် . . . ।

အမင်္ဂလာခွေးအူသံကြီးကြောင့် အသည်းတုန်ရင်တုန် ဖြစ်နေကြသူတွေဟာ အချိန်အနည်းငယ်အတွင်းမှာပဲ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြာက်လန့်ချောက်ချားစရာကောင်းတဲ့ အဖြစ်အပျက်နဲ့ ထပ်မံ
င်ဆိုင် တွေ့ မြင်ကြရပြန်ပါတယ် . . .၊

ခွေးနက်ကြီးလွန်သွားပြီး မရှေးမနှောင်းမှာပဲ ရေတွေ၊
တ်တွေကို တစွပ်စွပ် နင်းပြီး သွားနေတဲ့ လူနဲ့တူတဲ့ မည်းမည်း
သဏ္ဍာန်နှစ်ခုကို တွေ့ ကြရတယ် . . .၊

အဲဒီအချိန်က ကောင်းကင်ပေါ်မှာ မိုးသားအနည်း
ကျဉ်းရှိပေမဲ့ မိုးရွာမနေဘူး၊ မှုန်မှုန်မွှားမွှား ကြယ်လေး
ချို့လည်း ဟိုတစ်ပွင့်သည်တစ်ပွင့် ဖျတ်ဖျတ်လက်နေကြ
ာယ်။

မည်းမည်းသဏ္ဍာန်နှစ်ခုကို ဘယ်သူဘယ်ဝါမှန်းထင်
ာင်ရှားရှားမမြင်ရပေမဲ့ မိန်းမတစ်ယောက်၊ ယောကျ်ားတစ်
ယာက်ဆိုတာကိုတော့ သဲသဲကွဲကွဲ တွေ့ ကြရတယ် . . .၊

ခွေးနက်ကြီးဝင်လာတုန်းက လှန့်မရ၊ ဟန့်မရ၊ တစ်
ပ်ကွက်လုံး ဆူညံပွက်အောင် ထိုးဟောင်နေတဲ့ ခွေးတွေဟာ
မည်းမည်းသဏ္ဍာန်ယောကျ်ားနဲ့ မိန်းမကို မြင်တော့
ဟောင်ရဲကြဘူး။

တအီအီအာသံပေးပြီး၊ အမြီးကုပ်ပြီး အိမ်အောက်ထဲ၊
ချာင်ထဲတိုးဝင်လို့ ကြောက်ရွံ့နေကြတာ အံ့ညွှယ်တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com


မည်းမည်းသဏ္ဍာန်နှစ်ခုဟာ ရေဗွက်တွေကို တစွပ်စွပ် နင်းသွားပြီး ရပ်ကွက်ရဲ့ တစ်ဘက်စွန်းအရောက်မှာ ပျောက်ကွယ်သွားကြပါတယ်။

မနက်လင်းချိန်မှာတော့ ညက ထူးထူးဆန်းဆန်းရပ်ကွက်ထဲဝင်လာတဲ့ ခွေးနက်ကြီးနဲ့ မည်းမည်းသဏ္ဍာန်ယောက်ျားနဲ့ မိန်းမတို့ရဲ့ အကြောင်းတွေက လူတိုင်း ပါးစပ်ဖျားမှာ ပြောစရာသတင်းစကားဖြစ်သွားတယ်...၊

တစ်ချိန်တည်းမှာပဲ အဲဒီ မည်းမည်းသဏ္ဍာန်စုံတွဲဟာ သေသွားတဲ့ ကိုရွှေနဲ့ မအုန်းမြင့်တို့ဖြစ်တယ်ဆိုတဲ့ ကောလာဟလကလည်း တစ်ဆင့်စကား တစ်ဆင့်နားကြီးထွားသွားတယ်. . .

ဒီကိစ္စကြောင့် တစ်ရပ်ကွက်လုံး ချောက်ချားနေချိန်မှာပဲ ထိတ်လန့်စရာ နောက်တစ်ခုက ထပ်ပြီး ပေါ်လာတယ်။

အဲဒါကတော့ အနောက်ဖျားက ဦးထွန်းတစ်ယောက် အကောင်းပကတိကြီးကနေ ရုတ်တရက်လဲကျ သေဆုံးသွားတဲ့ ဖြစ်ရပ်ကြောင့်ပဲ ဖြစ်တယ်။

တကယ်တော့ ဒီရပ်ကွက်က လူတစ်ယောက်သေရင် သုံးလောင်းပြည့်မှ ရပ်တယ်လို့ အယူအစွဲရှိတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေတို့ လင်မယားသေတော့ မအုန်းမြင့်မိုက်ထဲက တလေးကိုပါတွက်ပြီး သုံးလောင်းပြည့်ပြီ၊ တစ်ချိတည်းနဲ့ ကျိန်း ကျေသွားပြီဆိုပြီး သတ်မှတ်ထားကြတယ် . . .

ခုတော့ ကိုရွှေတို့လင်မယားအတွက် ရက်လည်ဆွမ်း တောင် မသွတ်ရသေးဘူး။ နောက်တစ်လောင်းထပ်သေပြန်ပြီ။

ညကလည်း ခွေးနက်ကြီးတစ်ကောင် အူပြီး ထူးထူး ခြားခြား ရပ်ကွက်ထဲဝင်လာတယ်။

ယောက်ျားနဲ့ မိန်းမ မည်းမည်းသဏ္ဍာန်နှစ်ခုလည်း ရွာထဲဝင်လာတယ်။

ဒီမကောင်းဆိုးဝါးကောင်တွေကများ ဦးထွန်းကို သေမင်းနိုင်ငံ ခေါ်သွားတာလားဆိုတဲ့ သံသယတွေဝင်လာကြ တယ်။

ဒါပေမဲ့ အခြေအနေက ဒီလောက်နဲ့ ရပ်တန့်မသွားဘူး။

ဦးထွန်းသေတဲ့ညမှာ ကြောက်စရာအူသံကြီးနဲ့အတူ ခွေးနက်ကြီး ရွာထဲဝင်လာပြန်တယ် . . .၊

မည်းမည်းသဏ္ဍာန် မကောင်းဆိုးဝါး နှစ်ကောင်ကို လည်း ထပ်တွေ့ကြတယ် . . .၊

ဒီလိုတွေ့ ပြီး နောက်တစ်နေ့ နံနက်လင်းအာကြီး



www.burmeseclassic.com

www.burmeseclassic.com


အချိန်မှာပဲ အသက်ဆယ့်ငါးနှစ်အရွယ် ကောင်မလေးတစ်ယောက် ဆုံးပါးသွားပြန်တယ်။

# အလောင်းနှစ်ထပ်သင်္ချိုင်း

အခြေအနေက ဘယ်တုန်းကမှမကြုံဘူးတဲ့ အခြေအနေမျိုးဖြစ်နေပြီ . . .

ထိတ်လန့်ချောက်ချားစရာကောင်းနေပြီ။

ကိုရွှေသစ်ပင်ပိသေတယ် . . .

တစ်ညတည်းမှာပဲ ကိုရွှေမိန်းမအုန်းမြင့် မီးမဖွားနိုင်လို့ သေပြန်တယ် . . .၊

သေခြင်းတရားဆိုတာက ပဋိသန္ဓေနေကတည်းက ပါပြီးသား။

ကုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့ အကြောင်း၊ အကျိုးဆက်စပ်မှုကနေ သတ်မှတ်ထားတာ၊ ဘယ်သူ့မှ ပြုပြင်ပြောင်းလဲလို့ မရဘူး။

ကိုရွှေတို့လင်မယားသေဆုံးသွားကြတာလည်း ကံအကြောင်းတရားကြောင့်ဖြစ်တဲ့ ကိစ္စလို့ ရှုမြင်နိုင်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ ထူးဆန်းတာက သူတို့လင်မယားကို သဂြိုဟ်ပြီးတဲ့ညမှာပဲ ခွေးနက်ကြီးတစ်ကောင်နဲ့ မကောင်းဆိုးဝါးတွေ ရုပ်ကွက်ထဲဝင်လာတယ်။

နောက်တစ်နေ့ ဦးထွန်းသေတယ် . . .။

နောက်ညမှာလည်း ခွေးအူသံကြီးကြားရပြန်တယ်။

ပြီးတော့ ခွေးနက်ကြီးနဲ့ နာနာဘာဝတွေ ရွာထဲထပ်ဝင်တယ် . . .။

နောက်နေ့မှာ ကောင်မလေးတစ်ယောက်ထပ်သေတယ်. . .

ပိုဆိုးတာက ခွေးနက်ကြီးရဲ့အူသံဟာ ဒီလောက်နဲ့ ရပ်တန့်မသွားဘူး၊ ရက်ဆက်ဆိုသလို ရောက်လာတယ်။

ခွေးနက်ကြီးရပ်ကွက်ထဲဝင်တိုင်း မကောင်းဆိုးဝါး၊ ညှီးမည်းအုကောင်ကြီးနှစ်ကောင်လည်း နောက်ကပါလာစမြဲပဲ . . .၊

လူတွေကလည်း နေ့တိုင်း၊ တစ်နေ့တစ်ယောက်နှုန်းသေနေကြတယ်၊ စုစုပေါင်း ခုနစ်လောင်းရှိသွားပြီ။

မကြုံစဖူး ထူးဆန်းတဲ့ ဖြစ်ရပ်ဆိုးတွေကြောင့် လူတွေ စိတ်လန့်လာကြတယ်၊ ချောက်ချားလာကြတယ်။


www.burmeseclassic.com

www.burmeseclassic.com


ရေခြား၊ မြေခြား၊ ရပ်ကွက်ခြားရင် ကြမ္မာဆိုးတွေရဲ့ စက်ကွင်းကလွတ်တယ်ဆိုတဲ့ အယူအဆကြောင့် အချို့မိသားစု တွေဟာ အခြားရပ်ကွက်ကို ပြောင်းရွှေ့သွားတဲ့အထိဖြစ် လာတယ် . . .

ရပ်ကွက်အတွင်းလမ်းဆုံလမ်းခွတွေမှာ ပရိတ်တရား နာကြတယ်။ သံပုံးတီးပြီးမကောင်းဆိုးဝါးတွေကို နှင်ထုတ်ကြ တယ်။

ဘယ်လိုပဲ လုပ်လုပ်၊ အခြေအနေက ပိုပိုပြီးဆိုးလာ တယ် . . .၊

လူတွေရဲ့ အကြောက်တရားကလည်း တစ်စတစ်စ ကြီးထွားလာတယ် . . .၊

အဲဒီအချိန်မှာ ကောလာဟလသတင်း စကားတစ်ခု ထွက်ပေါ်လာတယ်။

ဒီလိုအမင်္ဂလာကြမ္မာဆိုးတွေဖြစ်နေတာဟာ ကိုရွှေတို့ လင်မယားနှစ်ယောက်ရဲ့ အလောင်းနှစ်လောင်းကို ကျင်းတစ် ကျင်းထဲမှာထပ်ပြီး မြှုပ်ခဲ့လို့ဖြစ်တယ်ဆိုတဲ့ သတင်းစကား။

ကျယ်ပြန့်လာတဲ့ ဒီသတင်းစကားကြောင့် သတင်းမှန် မမှန်စုံစမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လူကြီးတွေက အလောင်းမြှုပ်တဲ့သူတွေကို ခေါ်ပြီးစစ်မေးတယ်။

ဒီတော့မှ အဖြစ်မှန်ပေါ်လာတယ်။

ကာလသားတွေဟာ ကိုရွှေရဲ့ အလောင်းထည့်ထားတဲ့ အခေါင်းနဲ့ မအုန်းမြင့်အလောင်းထည့်ထားတဲ့ အခေါင်းတွေကို ထမ်းပြီး သင်္ချိုင်းကုန်းကို ယူလာကြတယ်။

အဲဒီနေ့က သင်္ချိုင်းကုန်းထဲမှာလည်း ရေတွေပြည့်လျှံ နေတယ် . . .

မြေမြှုပ်ထားတဲ့အခေါင်းအချို့ဆိုရင် ဖို့ထားတဲ့မြေကြီး တွေ ရေပျော်ကျသွားပြီ . . .

ကျင်းထဲကိုလည်း ရေတွေဝင်လာတာကြောင့် အခေါင်း က ကျင်းနှုတ်ခမ်းဝထိ တက်လာပြီး ပေါလောမျောနေတယ်...၊

ကာလသားအုပ်စုဟာ ကိုရွှေတို့လင်မယားနှစ်ယောက် ရဲ့ အလောင်းတွေကို မြှုပ်ဖို့နေရာရှာတယ် . . . ၊

ကံအားလျော်စွာ ပေါက်ပင်ကြီးတစ်ပင်အောက်မှာ ရေ မမြုပ်သေးတဲ့ကုန်းကမူလေး^ တွေ့တယ်။

ပထမဆုံးအရက်ပုံးကို အလယ်မှာတည်ပြီးသောက်ကြ စားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


သောက်စားပြီးတော့ အခေါင်းတွေမြှုပ်ဖို့ ကျင်းတူးကြတယ်။

ကျင်းကလည်း နည်းနည်းနက်တာနဲ့ ရေတွေစိမ့်ပြီးဝင်လာတယ်။

မြေကြီးတွေက ရွှံ့စေးတုံးတွေဖြစ်သွားတယ်။

ရေတွေ ခပ်ထုတ်လိုက်၊ တူးလိုက်၊ ပေါက်တူးပေါက်ပြားမှာကပ်နေတဲ့ ရွှံ့တွေ ခွါပစ်လိုက်နဲ့ တော်တော်ခက်ခက်ခဲခဲ တူးကြရတယ်။

ဒီလိုနဲ့ နောက်ဆုံးမှာတော့ သူတို့အချင်းချင်းတိုင်ပင်ပြီး ကျင်းကိုတစ်ကျင်းထဲပဲ တူးလိုက်တယ်။

"နောက်သေတဲ့သူအရင်ချကွ" လို့ ပြောပြီး မအုန်းမြင့်အလောင်းထည့်ထားတဲ့အခေါင်းကို ကျင်းထဲ အရင်ချတယ်။

ကိုရွှေအလောင်းထည့်ထားတဲ့အခေါင်းကို အပေါ်ကထပ်တင်လိုက်တယ်။

ပြီးမှ မြေဖို့လိုက်ကြတယ်။

ကျင်းတစ်ကျင်းတည်းတူးပြီး နှစ်လောင်းမြှုပ်ထားတဲ့အကြောင်းဘယ်သူ့မှမပြောဖို့ လျှို့ဝှက်ထားကြဖို့လည်း သဘောတူခဲ့ကြတယ် . . . ၊



www.burmeseclassic.com

www.burmeseclassic.com



ကာလသားတွေရဲ့ အရက်မူးပြီး၊ ပြီးစလွယ်လုပ်ခဲ့တဲ့ ကိစ္စ[illegible] အလောင်းနှစ်လောင်းထပ်မမြှုပ်ရဘူးဆိုတဲ့ သင်္ချိုင်းစည်းကမ်းကို ဖောက်ဖျက်လိုက်တာဖြစ်တယ် . . .၊

မသိလို့ပဲမြှုပ်မြှုပ်၊ သိလျက်နဲ့ပဲ လုပ်လုပ်၊ အလောင်းနှစ်ထပ်မြှုပ်ရင် ရွာထိတ်လန့်ချောက်ချားမယ်၊ လူတွေအဆက်မပြတ် သေတတ်တယ်ဆိုတဲ့ ရှေးစကားအတိုင်း သူတို့ရပ်ကွက်ကြမ္မာဆိုးကြုံလိုက်ရတယ်ဆိုတာ အားလုံးသိသွားတယ်။

"ဒါ့ကြောင့် ရှေးလူကြီးသူမတွေက ရှေးထုံးကိုလည်း မဖယ်နဲ့လို့ မှာထားခဲ့ကြတာပေါ့ . . .၊

ဂျပန်ခေတ်တုန်းကလည်း ဒီလိုအဖြစ်အပျက်မျိုးတစ်ခု ကြားဖူးတယ် . . .၊

လူတွေသောက်သောက်လဲ သေကြ၊ ရွာမှာ မနေရဲတော့လို့ ဟိုပြေးဒီပြေးပြေးကြနဲ့ ရွာတောင်ပျက်သွားတယ်တဲ့။

တော်သေးတယ် ဒီလောက်နဲ့ သိလိုက်ရလို့၊

နောက်ကျမှသိရင် တို့ရပ်ကွက်လည်း ရပ်ကွက်ပျက်ဖြစ်သွားမှာ ကေနိမုချပဲ . . ."

ရွာလူကြီးက ကာ[illegible]တွေကို ဆူဆူဆဲဆဲနဲ့ ဆုံးမတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့၊ ရုပ်မိရုပ်ဖတွေ၊ နားလည်သူတွေနဲ့ တိုင်ပင်ပြီး သချိုင်းကုန်းကို သွားတယ်။

သချိုင်းရှင်မ မဖဲဝါကို ကန်တော့ပွဲနဲ့ တောင်းပန်တယ်။

ကိုရွှေတို့လင်မယားမြှုပ်ထားတဲ့ ကျင်းကို ပြန်ဖော်ပြီး သေချောင်းယှဉ်လျက် တစ်ကျင်းစီမြှုပ်ပေးလိုက်တယ်၊

နောက်ပြီး၊ ရွာတော့်ရှင်နတ်နန်းမှာလည်း တစ်ပွဲ နတ်ကနားပေးပြီး ရပ်ကွက်ကို ပြန်အပ်ရတယ်။

သချိုင်းမှာ အလောင်းနှစ်ထပ်မြှုပ်လို့ မကြုံစဘူး ထူးခြားခြား ဓွေးအူသံတွေ ကြားရတယ်။

ခွေးနက်ကြီးနဲ့ မကောင်းဆိုးဝါးနာနာဘာဝတွေ ရွာထဲ ဝင်လာတယ်။

နေ့စဉ်ရက်ဆက်ဆိုသလို လူတွေ တစ်ယောက်ပြီးတစ် ယောက်သေနေတယ် . . . ၊

ဒီကိစ္စနဲ့ပတ်သက်ပြီး တိုက်ဆိုင်မှုတစ်ခုလို့ သတ်မှတ် ပြီး မယုံကြည်သူအချို့ရှိပေမဲ့ . . .

အများစုကတော့ ယုံကြည်ကြ၊ လက်ခံကြတယ်။

နောက်မှာလည်း အသုဘကိစ္စတွေနဲ့ ပတ်သက်အောင် လွဲချော်မှားယွင်းမှုမရှိအောင် ဂရုတစိုက် ဆောင်ရွက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဘာကြောင့်လည်းဆိုတော့ ရွာလူကြီးတွေနဲ့ နားလည်တတ်ကျွမ်းသူတွေ တောင်းပန်စရာရှိတာ ကောင်းပန် တိုးလျှိုးပြီး၊

အလော်းနှစ်ထပ်ကို ဖယ်ရှားလိုက်ချိန်ကစပြီး ခွေးနက်ကြီးနဲ့ မကောင်းဆိုးဝါးတွေ ဝင်လာတာမျိုးမရှိတော့ဘဲ ရပ်ကွက်လည်း ထိတ်လန့်ချောက်ချားမှုတွေ ကင်းပျောက်သွားတယ်။ ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိသွားခဲ့တယ်။

" အဖြစ်အပျက်ကတော့ အဲဒါပဲ ဦးမောင်မောင်၊

ထိတ်လန့်ချောက်ချားစရာအဖြစ်ဆိုးတွေကို သူတို့ကိုယ်တိုင်ကြုံတွေ့ခဲ့ကြရတယ် . . .

ဒီလိုအဖြစ်ဆိုးတွေ နောက်တစ်ကြိမ်ထပ်ဖြစ်လာမှာ သူတို့သိပ်ကြောက်တယ် . . . ၊

ဒါ့ကြောင့်ပါ ဦးမောင်မောင် . . . "

ရပ်ကွက်လူကြီးဦးအောင်ထူးက သူ့ဇာတ်လမ်းကို နိဂုံးချုပ်လိုက်တယ်။ နတ်ပွဲပေးတဲ့ ကိစ္စအားလုံးဆောင်ရွက်ပြီးတော့ ကိုမောင် မောင်တို့အဖွဲ့ အသင်းရုံးကို ပြန်လာခဲ့ကြတယ် . . ၊

လူသေပြီဆိုတာနဲ့ ထုံးစံတွေလေ့တွေက ဇာတ်သိမ်းတစ်

www.burmeseclassic.com



တန်းကြီးပေါ်လာကြတယ် . . . ၊

အသုဘကိစ္စဆောင်ရွက်ရာမှာ လွဲချော်မရငြဲ ဓလေ
ထုံးစံတွေ အများအပြားရှိနေတယ် . . .

တစ်စုံတစ်ခု တိမ်းစောင်းလွဲချော်သွားတာနဲ့ ဥပ
အစွဲက ခြောက်လှန့်နေတတ်ကြတယ် . . .

ဒီအစွဲတွေကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ . .

ဒီဥပါဒ်နိမိတ်တွေကို ကြောက်သည်ဖြစ်စေ၊ မကြောက်သ
ဖြစ်စေ . . .


တလေးတစား၊ အလေးထားဆောင်ရွက်မှသာ အ
ရဲ့ ပရဟိတလုပ်ငန်းကြီး ချောမွေ့အောင်မြင်မယ်ဆိုတာ
ကိုမောင်မောင်တစ်ယောက် စဉ်းစားတွေးတောနေမိပါ
တယ်။





www.burmeseclassic.com

www.burmeseclassic.com




ဝိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# စဉ့်ကိုင်မြို့က ဖြစ်ရပ်ဆန်း

**အခင်းဖြစ်ပွားသောနေရာ**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မြို့သစ်၊ နွယ်သာကီလမ်း၊

**စတင်ဖြစ်ပွားသောနေ့ရက်**

၂၀၀၉ - ခုနှစ်၊ မတ်လ၊ ၃ ရက်

**အခင်းဖြစ်အိမ်တွင် နေထိုင်သူများ**

( ဦးတင်ဝ )+ ဒေါ်ခင်ဝင်းရီ နှင့်

သမီးအကြီး (၂၀)နှစ်၊ သမီးငယ် (၁၇)နှစ်

မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုတင်ပြမယ့် စဉ့်ကိုင်မြို့က ဖြစ်ရပ်ဆန်းများဟာ ဘာယက်ံရှင် ဒေါ်ခင်ဝင်းရီကိုယ်တိုင် (၁၆.၇.၂၀၁၆) နေ့မှာ ဖုန်းနဲ့ ပြောပြတဲ့ ဇာတ်လမ်းတွေဖြစ်ပါတယ်။

သူမက စာရေးသူရဲ့ နာနာဘာဝဖြစ်ရပ်မှန် စာအုပ်အချို့ကို ဖတ်ရှုပြီးတဲ့နောက်မှာ –

ကိုယ်တွေ့ကြုံခဲ့ရတဲ့ ထူးထူးဆန်းဆန်းအဖြစ်အပျက်တွေကို ပြောပြချင်တာကြောင့် ဖုန်းနဲ့ ဆက်သွယ်ရတဲ့အကြောင်း ပြောပြပါတယ် . . .၊

စာရေးသူက ဒေါ်ခင်ဝင်းရီကို ကျေးဇူးတင်ရှိကြောင်း ပြောတယ်။

ပြီးတော့

ဖြစ်စဉ်တွေကို ပြောပြဖို့မေတ္တာရပ်ခံလိုက်ပါတယ်။

( တစ် )

ဒီထူးခြားတဲ့ ဖြစ်ရပ်ဆန်းက အစင်းဖြစ်နေ့ (၃. ၃. ၂၀၀၉) ညဦးပိုင်းခုနစ်နာရီလောက်မှာ စပြီးဖြစ်ပွားခြင်းဖြစ်ပါတယ် . . .

အဲဒီအချိန်က ကျွန်မ မအိပ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com


အချိန်ကလည်း စောနေသေးတယ်လေ၊

နောက်ပြီး၊ တပေါင်းလထဲမှာဆိုတော့ အရမ်းပူတယ်၊ တစ်နေ့ခင်းလုံးတောက်လောင်ခဲ့တဲ့အပူက ညဦးယံအထိအရှိန် မလျော့သေးဘူး၊

အိုက်စပ်စပ်ချွေးတလုံးလုံးနဲ့ ပူလောင်နေတယ်။

သမီးအငယ်ကတော့ ကျွန်မနံဘေးမှာ ခွေခွေလေးအိပ် ပျော်နေပြီ၊

သမီးအကြီးကလည်း ခပ်စောစောကပဲ အတွင်းအိပ် ခန်းထဲ ဝင်သွားတယ်။

ဒီအချိန်ဆို အိပ်ပျော်နေရော့မယ်ပေါ့ . . .

ကျွန်မတစ်ယောက်တည်း ဘုရားခန်းမှာ ထိုင်ပြီး တောင်တောင်အီအီ စဉ်းစားနေမိတယ်။

ကျွန်မ အတွေးထဲမှာ မနက်ခင်းက မြင်လိုက်ရတဲ့ အဖြစ်အပျက်တစ်ခုက တစ်နေ့ခင်းလုံးဝင်နေတယ်။

တွေးမိလိုက်တာနဲ့တင် ကျွန်မ လန့်နေတယ်။

ကြက်သီးမွေးညင်းတွေတောင် တဖြန်းဖြန်းထမိတယ်။

ဟုတ်တယ်လေ၊ ဒီလိုအဖြစ်မျိုးကျွန်မတစ်သက်မကြုံ ဖူးဘူး၊ ခုမှ ကြုံဖူးတဲ့အဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com


ထူးဆန်းတယ်လို့ပဲပြောရမယ်ထင်ပါရဲ့၊
ဖြစ်တာက မနက် (၁၀) နာရီလောက်ကပါ။
ကျွန်မ ရေချိုးပြီးအဝတ်လဲခန်းထဲဝင်ခဲ့တယ်၊
ကျောက်ပျဉ်ရှေ့မှာထိုင်ပြီး သနပ်ခါးသွေးဖို့ပြင်တယ်။
အဲဒီအချိန်၊ ကျွန်မအကြည့်က ရှေ့မှာထောင်ထားတဲ့
မှန်ဆီကို ရောက်သွားတယ်။
ကျွန်မထိတ်လန့်သွားတယ်၊
မှန်ထဲမှာပေါ်နေတဲ့ ကျွန်မမျက်နှာကိုကြည့်ပြီး ပါးစပ်
အဟောင်းသားဖြစ်သွားတယ်။
ဟုတ်တယ်၊ ကျွန်မရဲ့ မျက်လုံးတစ်ဖက်၊
မှန်ထဲမှာ၊ ကျွန်မရဲ့ ညာဘက်မျက်လုံးဟာ ကြောက်
စရာ၊ လန့်စရာပြူးထွက်နေတယ်။
ဘယ်လိုပြောရမလဲ၊ မကောင်းဆိုးဝါးတစ်ကောင်ရဲ့
မျက်လုံးမျိုးလို ဖြစ်နေတယ်။
နောက်ပြီး ပြူးထွက်နေတဲ့ မှန်ထဲက မျက်လုံးကြီးက
အပြင်က ကျွန်မကို စိမ်းစိမ်းဝါးဝါးကြီးကြည့်နေတယ်။
“ **အမလေး** . . . ”
ဟုတ်တယ်၊ ကျွန်မထိတ်လန့်တကြားနဲ့ စူးစူးဝါးဝါးကို


www.burmeseclassic.com

www.burmeseclassic.com


အော်ပစ်လိုက်မိတယ် . . .၊

ပြီးတော့ မှန်ရှေ့ကနေ အခန်းအပြင်ကို ချက်ချင်းပြေး ထွက်လာခဲ့တယ် . . .

အဲဒီအချိန်မှာ ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန် နေတယ်၊

ကျွန်မ၊ တုန်ယင်နေတဲ့လက်နဲ့ ကျွန်မရဲ့ မျက်လုံးတွေ ကို တစ်လုံးပြီးတစ်လုံးစမ်းကြည့်နေမိတယ် . . .၊

ကျွန်မ မျက်လုံးနှစ်လုံးစလုံး ပုံမှန်အတိုင်း အကောင်း ပကတိရှိနေတာသိရတယ်။

ဒီတော့မှ စိတ်သက်သာရာ ရသွားတယ် . . .၊

တော်တော်လေးကြာတော့ ကျွန်မရင်တုန်တာတွေ ရပ် သွားတယ်၊ အကြောက်လည်း ပြေသွားတယ်။

" ကျွန်မ မျက်စိအမြင်မှားပြီး ရုတ်တရက်မို့ လန့်သွား တာဖြစ်မယ် . . . " လို့ပဲ တွေးလိုက်မိတယ်။

အဲဒီအချိန်မှာ သမီးကြီးကအလုပ်နဲ့ အပြင်သွားနေ တယ်။

အငယ်မကလည်း ကျောင်းသွားနေတယ်။

အဲဒါကြောင့် ဘယ်သူ့ကိုမှ မပြောမိခဲ့ဘူး၊


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်တိုင်ကလည်း အိမ်ရဲ့ ဗာဟီရကိစ္စတွေနဲ့ အလုပ်များပြီး မေ့မေ့လျော့လျော့ဖြစ်သွားတာလည်း ပါပါတယ်။

မနက်က အဖြစ်အပျက်ကို သမီးတို့အိပ်သွားမှ ကျွန်မ ပြန်သတိရပြီး တွေးနေမိတယ်။

မျက်လုံးတွေကိုတောင် ယောင်ပြီး စမ်းကြည့်မိသေးတယ်။

ရင်မောရတဲ့ ထိတ်လန့်စရာအဖြစ်ကြောင့် ကျွန်မသက်ပြင်းတစ်ချက် ရှိုက်လိုက်မိတယ် . . .၊

ညကတော့ မှောင်မည်းတိတ်ဆိတ်နေတယ် . . .၊

တဂျစ်ဂျစ်နဲ့ အဆက်မပြတ်မြည်နေတဲ့ ညပိုးဟုရစ်ရဲ့ အသံပဲ နားငြီးအောင်ကြားနေရတယ် . . .၊

ခဏနေတော့ ကျွန်မညောင်းညာလာတယ်၊ အိပ်ရာပေါ်မှာ ခဏလှဲဖို့တန်ပြင်လိုက်တယ် . . .၊

အဲဒီအချိန်မှာပဲ . . .

" ခလွမ် . . . ခလွမ် . . . ခလွမ် . . . " ဆိုတဲ့ အသံတွေ ဆက်တိုက်ဆိုသလိုထွက်ပေါ်လာတယ်၊

လှဲမယ့်တန်တန်းလန်းက ကျွန်မအလန့်တကြား မြန်ဆိုင်လိုက်ရတယ် . . .၊



www.burmeseclassic.com

www.burmeseclassic.com



အသံတွေက ပျောက်မသွားသေးဘူး၊ "ခလွမ်း . . . ခလွမ်း . . ."နဲ့ ကြားနေရတုန်း။

အသံတွေ ထွက်ပေါ်နေတဲ့ သောက်ရေအိုးစင်ဆီကို ကျွန်မ ကြည့်လိုက်တယ် . . .၊

အခန်းထောင့် ပြတင်းပေါက်အနီးမှာ သုံးချောင်းထောက် သစ်သားစင်နဲ့ တည်ထားတဲ့သောက်ရေအိုးဟာ တည်ထားတဲ့ အတိုင်းပဲ၊ ဘာမှ မထူးခြားဘူး၊

ထူးခြားနေတာက ရေအိုးပေါ်တင်ထားတဲ့ စတီးလ်သောက်ရေခွက်ပါ။

သောက်ရေခွက်က ဘယ်သူမှ မထိဘဲ၊ မကိုင်ဘဲ၊ ဘယ်သူတစ်စုံတစ်ယောက်မှလည်းမရှိဘဲ သူ့အလိုလိုလှုပ်နေတယ်၊

သောက်ရေအိုးကို ဖုံးအုပ်ထားတဲ့ စတီးလ်ပန်းကန်ပြားကို တီးခတ်နေတယ်။

အဲဒါကြောင့် အသံတွေ မြည်နေတာဖြစ်တယ်။

တော်တော်ဆိုးဝါးတဲ့ မြင်ကွင်းပါ။

အစ ပထမတော့ လျှင်လှုပ်တာလားလို့ ကျွန်မထင်လိုက်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အခန်းထဲမှာ ချိတ်ဆွဲထားတဲ့ မီးလုံးတွေနဲ့ ဘန်းလန်းအနေအထားနဲ့ ရှိနေတဲ့ ပစ္စည်းပစ္စယအချို့ကို သတိထားကြည့်မိတယ်၊

ဒါပေမဲ့ ဘယ်အရာဝတ္ထုတစ်ခုတလေမှ လှုပ်ယမ်းမနေဘူး၊ ပုံမှန်အတိုင်း ပကတိငြိမ်သက်နေကြတယ်

မနက်က အဖြစ်အပျက်လိုပဲ အမြင်မှားတာလား၊ ဟုတ်တာတွေကို စိတ်ထဲက လျှောက်မြင်နေတာလားလို့ တွေးမြန်တယ် . . .

ကျွန်မ ဘယ်လိုပဲ တွေးတွေး၊ အမြင်မှားနေတာမဟုတ်ဘူး၊ ထင်ရာမြင်ရာတွေ ကြားနေမြင်နေရတာမဟုတ်ဘူးဆိုတာက ထင်ရှားနေတယ်၊

ဘာကြောင့်လဲဆိုတော့ .

ရေအိုးဖုံးကို သောက်ရေခွက်က လှုပ်ရှားတီးခတ်နေတာကို မျက်စိနဲ့ တပ်အပ်မြင်နေရတုန်း၊

ရေအိုးဖုံးနဲ့ ရေခွက်ထိခတ်ရာက ထွက်ပေါ်လာတဲ့ အသံကိုနားနဲ့ ဆတ်ဆတ်ကြားနေရတုန်းမို့ပါ၊

ကျွန်မ အံ့ဩခြင်းကြီးစွာနဲ့ပဲ ရင်ကိုလက်နဲ့ဖိပြီး တိုင်ရာက မထဘဲ သောက်ရေခွက်ကို ငေးကြည့်နေမိတယ် . ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထင် ငါးမိနစ်လောက်ကြာမယ်၊ သောက်ရေခွက်ဟာ ' တခွမ်ခွမ် ' နဲ့ တီးခတ်နေတယ်၊

ပြီးမှ ပြန်ပြီးငြိမ်သက်သွားတယ်၊

စောစောတုန်းက သူဘာမှမလုပ်ခဲ့သလို သောက်ရေအိုးပေါ်မှာ ငြိမ်နေတယ် . . .၊

ဒါ ပထမဆုံးနေ့မှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေပါ

အဖြစ်အပျက်နှစ်ခုစလုံးက အရမ်းအသည်းငယ်တဲ့သူ ကြောက်တတ်လန့်တတ်သူဆိုရင် သွေးပျက်ပြီးရူးသွားနိုင်တဲ့ ဖြစ်စဉ်တွေချည်းပါပဲ . . .၊

ဒီလိုတွေ ဘာကြောင့်ဖြစ်ရတာလဲ၊ ဘယ်သူကလုပ်နေတာလဲ၊ ကျွန်မမစဉ်းစားတတ်ဘူး၊

"သရဲခြောက်တာများဖြစ်မလား" လို့ တွေးမိသေးတယ်

ဒါပေမဲ့၊ အိမ်တွင်းရှိနေတယ်၊

နောက်ပြီး အိမ်စောင့်နတ်လည်းရှိတယ်၊

အိမ်စောင့်နတ်တို့ အိမ်တွင်းနတ်တို့က သရဲတစ္ဆေဆိုရင်အိမ်ထဲ အဝင်မခံဘူးမဟုတ်လား . . .၊

ဒါ့ကြောင့် သရဲတစ္ဆေခြောက်တာမဟုတ်ဘူးလို့ပဲ တွေး



www.burmeseclassic.com

www.burmeseclassic.com



မိတယ်။

ဒါဆိုရင် ဘယ်သူလုပ်တာလဲ၊ ဒါလဲ ကျွန်မမသိဘူး။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီအဖြစ်အပျက်တွေဟာ ထိတ်လန့်ချောက်ချားစရာတွေနဲ့ ပြည့်နှက်နေတဲ့ ကာလရှည်ကြီးတစ်ခုရဲ့ အစပျိုးတဲ့နေ့တစ်နေ့ဖြစ်တယ်ဆိုတာကိုတော့ နောင်မှာ၊ ကျွန်မ သိရှိလာခဲ့ရပါတယ် . . .၊

( နှစ် )

နောက်နေ့က ၂၀၀၉– ခုနှစ်၊ မတ်လ (၄) ရက်နေ့

အဲဒီနေ့ ညဦးပိုင်း၊ ကျွန်မတို့သားအမိသုံးယောက်ဆုံမိတော့ မနေ့က ကြုံတွေ့ရတဲ့ ထူးဆန်းတဲ့အဖြစ်အပျက်တွေကို ကျွန်မ ပြောပြတယ် . . .၊

ကျွန်မပြောတာတွေကို သမီးငယ်က ပါးစပ်အဟောင်းသားနဲ့ နားထောင်နေတယ်၊

သမီးကြီးကတော့

"ဘာပဲဖြစ်ဖြစ် ၁-^ ၁တော့ မကြောက်ဘူးအမေ"

တဲ့၊ ခပ်တင်းတင်း၊ ခပ်မာမာလေးပြောတယ် . . .၊

အဲဒီအချိန်မှာပဲ၊ အဲဒီအချိန်မှာပဲ . . .၊



www.burmeseclassic.com

www.burmeseclassic.com


သမီးကြီးရဲ့ စကားအဆုံးသတ်တဲ့ တစ်ချိန်တည်းမှ

ပဲ . . .

" ခွမ်း . . . ချင် . . . ချင် . . . " ဆိုတဲ့ အသံတ

သံရုတ်တရက်ကြီး ထွက်ပေါ်လာတယ် . . . ။

ကျွန်မရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။

ပါးစပ်ကလည်း " ဟော . . . " လို့ ထိတ်လ

တကြားအသံ ထွက်သွားတယ် . . .

ထူးခြားတဲ့အသံထွက်လာတဲ့နေရာက ဘုရားအိုး

ပေါ်က၊ ကျွန်မတို့ သားအမိသုံးယောက်စလုံး အံ့ဩထိတ်လ

စိတ်တွေနဲ့ ဘုရားစင်ဆီကို မျက်တောင်မခတ် ငြိမ်ပြီးကြည့

ကြတယ် . . ။

သမီးငယ် နည်းနည်းကြောက်သွားတယ်နဲ့ တူပါတ

ကျွန်မအနီးကို တိုးကပ်လာတယ် . . .

ထူးဆန်းတဲ့ အသံက တစ်သံတည်းထွက်ပြီး နော

ထပ် ဘာသံမှ မကြားရတော့ဘူး . . ။

ညကလည်း ည၊ တိတ်ဆိတ်တာလည်း တိတ်ဆိတ်

ကျွန်မတို့ကလည်း ဘာသံမှ မထွက်ရဲဆိုတော့ ငြိမ်သက်မှု

ကြီးက အရမ်းချောက်ချားစရာကောင်းတယ် . . . ၊


www.burmeseclassic.com

www.burmeseclassic.com


အချိန်တော်တော်လေးကြာတဲ့အထိ ဘာသံမျှမကြားရတော့မှ ကျွန်မထိုင်နေရာကထတယ်၊

ဘုရားစင်ဆီကို တစ်လှမ်းချင်းတိုးသွားတယ်၊ ကြည့်တယ်။

ဘာတွေ့ရလဲဆိုတော့၊

ဘုရားသောက်တော်ရေကပ်တဲ့ ဖန်ခွက်သေးသုံးလုံးအနက်က တစ်လုံးကွဲကြေနေတာ တွေ့ရတယ်။

အံ့သြစရာကောင်းတာက ဖန်ခွက်ကွဲ အစအနတွေဟာ အောက်ခံဖန်ပန်းကန်ပြားငယ်ပေါ်မှာပဲ အပုံလိုက်ရှိနေတယ်၊

အစိတ်စိတ်အမွှာမွှာကွဲကြေနေပေမဲ့ အခြားနေရာဘေးဘီကို တစ်မှုန်တစ်စတောင် လွင့်စင်မနေဘူး၊

ဒီထက်ပိုပြီး ထူးဆန်းတာက ဖန်ခွက်ကွဲတွေပါ၊

ဖန်ထည်ပစ္စည်းတစ်ခုခုကွဲရင်၊ ဘာကြောင့်ပဲကွဲကွဲ အချွန်တွေ၊ အတက်တွေ၊ လေးထောင့်တွေ၊ တြိဂံတွေ၊ အကြီးအသေးပုံသဏ္ဌာန်မညီမညာပဲ ကွဲတယ်၊ ဒီလိုပဲ မြင်ဖူးတွေ့ဖူးတယ်။

အခု သောက်တော်ရေခွက်ကွဲတာကျတော့ အဲဒီလိုမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံက ထုတ်လိုက်တဲ့အတိုင်း ပုံသဏ္ဍာန်တူ၊ အရွယ်
အစားတူ ညီညီညာညာဖြစ်နေတယ်။

ဖန်ခွက်ကွဲတွေနဲ့ မတူဘဲ အရွယ်တူ ရေခဲတုံးလေးတွေ
နဲ့ တူနေတယ် . . . ။

ကျွန်မတို့ သားအမိသုံးယောက်စလုံး အံ့ဩလွန်းလို့
ဘာစကားမှ မပြောနိုင်ကြဘူး။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြတယ်

ရေခဲတုံးတွေနဲ့ တူတဲ့ဖန်ခွက်ကွဲတွေကိုပဲ အထူး
အဆန်း ကိုင်ကြည့်ပြီး တအံ့တဩဖြစ်နေမိကြပါတယ်။

( သုံး )

" ဒေါ်ခင်ဝင်းရှိရေ နောက်တစ်နေ့ကျဘာယ်လို ထူးထူး
ဆန်းဆန်းတွေ ထပ်ဖြစ်သေးလဲ ခင်ဗျ . . "

" ဖြစ်တယ်ဆရာ၊ နောက်တစ်နေ့လည်း ဖြစ်တယ်
အဲဒီရဲ့ နောက်နေ့တွေလည်း ဖြစ်တယ် . . . ၊

ဖြစ်လိုက်တာများ လတော်တော်ကို ကြာသွားတယ်

တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ကို ဖြစ်နေတော့တာပဲ
ပဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုတွေ ဖြစ်တယ်ဆိုတာလေးပြောပြပေးပါဦး . . . "

" ဟုတ်ကဲ့ပါဆရာ၊ တကတိယမြောက်နေ့ဆိုတော့ (၅.၃.၂၀၀၉ ) နေ့ပေါ့နော် . . . "

အဲဒီနေ့ညမှာ ခဲလုံးလေးတွေ စပြီးကျလာတယ် . . "

" ညဆိုတော့ ဘယ်အချိန်လဲခင်ဗျ၊ သန်းခေါင်လောက်လား၊ စောစောပိုင်းလား . . . "

" နေဝင်ပြီဆိုတာနဲ့ ထူးထူးဆန်းဆန်းတွေ စပြီး ဖြစ်တော့တာပါပဲ . . . ၊

နောက်နေ့တွေလည်း အဲဒီအတိုင်းပဲ။

ဒါပေမဲ့၊ အမှန်တော့ မရှိဘူး၊ နေ့ခင်းကြောင်တောင်လည်း ထူးဆန်းတာတွေ့ဖြစ်တတ်ပါတယ် . . . "

" ဟုတ်ပါပြီဗျာ၊ ခဲနဲ့ ပေါက်တဲ့အကြောင်းပြောပါဦး..."

"ဟုတ်ကဲ့၊ ခဲတွေက ကြက်သွန်နီဥ အရွယ်တွေ၊ အာလူးလောက်အရွယ်တွေပါ။

အပေါ်ကနေပြီး အိမ်ခန်းထဲကို ကျလာတယ်။

အပေါ်က ကျလာတာဆိုပေမဲ့ အိမ်မိုးထားတဲ့ သွပ်တွေကို ဖောက်ပြီး ကျလာတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com


အတွင်းအိမ်ခေါင်မိုးပေါ်ကနေ ခဲတွေကြဲချတဲ့ ပုံမျိုးရော

လာတာ၊

တချို့ညတွေကျတော့လည်း အပြင်ဘက်ကနေ ပေါက်

တဲ့ ပုံစံမျိုးခဲနဲ့ ပေါက်တယ်။

သွပ်မိုးတွေပေါ် တဝုန်းဝုန်းကျတယ်။

အိမ်ထရံတွေကိုလည်း တဖုန်းဖုန်းမှန်တယ် . . .၊

သမီးကြီးက

" ဒါ မဟုတ်ဘူး အမေ၊ အပြင်က တစ်ယောက်

ယောက်က ပေါက်တာပဲဖြစ်မယ် " လို့ မယုံသလိုမျိုးပြော

တယ်။

အဲဒီလို မယုံသလိုပြောလေ၊ ခဲတွေက တဝုန်းဝုန်း

တဒိုင်းဒိုင်းပိုပြီး ကျလာလေပဲ . . .၊

ကျွန်မခင်ပွန်းသည်က ဆုံးတာ ကြာသွားပြီ၊

သားတွေကလည်း အိမ်ထောင်ခွဲသွားပြီး အိမ်မှာ

ကျွန်မနဲ့သမီးတွေချည်း ကျန်ခဲ့တာဆိုတော့ ကြောက်လာတာ

ပေါ့၊

ဒါ့ကြောင့် သောက်တော်ရေ ဖန်ခွက်ကွဲတဲ့ နောက်

ကစပြီးသား ဘစ်ယောက်ကို ညရေးညတာ အဖော်ခေါ်ထား


www.burmeseclassic.com

www.burmeseclassic.com


ရတယ်၊

နောက်ပြီး သမီးငယ်ရဲ့ သူငယ်ချင်းမလေးတစ်ယောက်ကလည်း သမီးငယ်နဲ့ အတူ လာအိပ်ပေးတယ် . . .၊

သုံးလေးရက်လောက်အတွင်းမှာပဲ ကျွန်မတို့အိမ်မှာ ဒီလိုထူးထူးဆန်းဆန်းကိစ္စတွေ ဖြစ်နေတာသတင်းပြန့်သွားတယ်။

မြို့နယ်ရဲစခန်းက လူကြီးတွေရော၊ မြို့နယ်က လူကြီးတွေရော အထက်တန်းကျောင်းက သိပ္ပံဆရာတွေရော လေ့လာချင်လို့တဲ့ ရောက်လာကြတယ်။

ဖြစ်ပုံပျက်ပုံ ကိုမေးတယ်။

ကျွန်မလည်း သောက်ရေအိုးက ရေခွက် သူ့အလိုလို လှုပ်နေတာတွေ၊

ဘုရားသောက်တော်ရေပန်းခွက် သူ့ အလိုလိုကွဲတာတွေနဲ့ ထူးထူးဆန်းဆန်းခဲလုံးတွေ အိမ်ထဲကျလာတဲ့အကြောင်းတွေ ပြောပြတယ်။

ကျွန်မပြောတာကို ယုံတဲ့သူရှိသလို၊ မယုံတဲ့သူလည်း ပါမှာပဲ။

တစ်ယောက်နှစ်ယောက်က အိမ်ခေါင်မိုးပေါ်ကို တက်


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြတယ်။

ဒါပေမဲ့ နောက်ဆုံးတော့ သူတို့အားလုံး ဒီဖြစ်နေတဲ့ ကိစ္စတွေကို ယုံသွားရတော့တာပါပဲ၊

ဘာလို့လဲဆိုတော့၊ နေခင်းကြောင်တောင် သူတို့ကို ထင်းချောင်းနဲ့ အပေါက်ခံရလို့ပါ . . ၊

ထင်းချောင်းက အိမ်မီးဖိုမှာသုံးတဲ့ထင်းချောင်းပါ။

သူတို့ ရှေ့ကို ဗုန်းခနဲ ပစ်ကျလာတယ်။

ထင်းချောင်းကိုလည်း ကျလာတော့မှ မြင်ရတာ။

ဘယ်ဘက်ကနေ ပစ်လိုက်မှန်း ဘယ်သူမှ မသိဘူး

ပစ်တဲ့သူလည်း မရှိဘူး။

ဒီတော့မှ “ ဟာ – အဟုတ်တကယ်ဖြစ်နေတာပဲ” လို့ ပြောပြီး ပြန်သွားကြတယ် . . . ၊

ထူးခြားတာက ဒီလို ထင်းတွေနဲ့ ပစ်တာ၊ ခဲတွေ ပစ်တာတွေ နေ့တိုင်းနေ့တိုင်းဖြစ်နေပေမဲ့ လူကိုတော့ တစ်ခါမှ မထိမှန်ဘူး။

အဲဒါတစ်ခုတော့ ကျေးဇူးတင်ရတယ်။

အဲ ထိခိုက်နာကျင်အောင် ဆိုလို့ တစ်ယောက်ကိုတော့ လုပ်ဖူးတယ် ၊

www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ လာအိပ်ပေးတဲ့ သမီးငယ်ရဲ့ သူငယ်ချင်းမလေး မဇင်ဝါအောင်ရဲ့ ကျောကုန်းကို နှစ်ချက် ရိုက်တယ် . . .၊

" အား . . . အား . . . " ဆိုပြီး ကျောကော့ကော့ သွားတယ်။

သမီးငယ်က " ဘာဖြစ်တာလဲ " လို့ မေးတော့ "ကျောကို လက်ဝါးနဲ့ ရိုက်တယ် " လို့ပြောတယ်။

ဘာကြောင့် ရိုက်တာလဲတော့မသိဘူး၊ ကလေးမလေး လည်း မအိပ်ရဲတော့ဘဲ ညတွင်းချင်း သူ့အိမ်ပြန်လိုက်ပို့ပေး ရတယ် . . .။

ဒီပြင်တော့ ဘယ်သူ့ကိုမှ ထိခိုက်နာကျင်အောင် လုပ် တာမရှိပါဘူး . . . "

" အခြားရော၊ ဘာတွေ ထူးဆန်းတာ ကြုံရသေး လဲ. . ."

" ကြုံရတယ်၊ ကြုံရတယ် "

ကျွန်မတို့အိမ်မှာ ဒီလိုဘာမှန်းမသိတဲ့ ထူးထူးဆန်း ဆန်းတွေ ဖြစ်နေတယ်ဆိုတာ သတင်းတွေပြန့်သွားတယ်။

တစ်စထက်တစ်စ နာမည်ကြီးလာတယ်။

အဲ့ကြောင့် ရပ်ကွက်ထဲက လူကြီး၊ လူငယ်တွေက



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်တဲ့အနေနဲ့ ညညတွေမှာ လာစောင့်ပေးကြတယ်။

ပခုက္ကူ မြစ်ကြီးနား၊ စဉ့်ကိုင်မှာရှိတဲ့ ဆွေမျိုးတွေက လည်း ရောက်လာကြတယ်။

ဒီတော့ နေ့ရော၊ ညရောဆိုသလို လူစည်ကားနေတယ်။ ဒါ့ကြောင့် သိပ်ကြီးမကြောက်မလန့်တော့ဘူး။

ထူးထူးဆန်းဆန်းတွေကတော့ ဖြစ်နေတုန်းဆိုပေမဲ့ လူအုပ်ကများတော့ ပျော်စရာတောင်ကောင်းနေတယ်။

တစ်ခါက နေ့ခင်းကြီး၊ လူအုပ်ထဲကို အလေးတွေကျလာတယ်။

အလေးတွေက ကျွန်မဈေးရောင်းတုန်းက သုံးတဲ့ သံအလေးတွေ၊ နှစ်ကျပ်ခွဲသား၊ ငါးကျပ်သား၊ တစ်ဆယ်သား၊ နှစ်ဆယ်သား၊ ငါးဆယ်သား၊ ပိဿာလေးစသည်ဖြင့် အမျိုးမျိုးရှိတယ် . . . ၊

ပထမနှစ်ကျပ်ခွဲအလေး၊ ငါးကျပ်သားအလေးလောက်ကျတော့ လူတွေက ပျော်နေကြတယ်။

ဆူဆူညံညံအော်ဟစ်နေကြတယ်။

အလေးတွေက တဖြည်းဖြည်း ကြီးလာပြီး၊ ငါးဆယ်သားအလေး၊ ပိဿာလေးတွေလည်း ကျလာရော၊ လူတွေလန့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးထွက်ပြေးကြတာ မြုံပြင်ရောက်တဲ့အထိပဲ . . . ၊

နောက်တစ်ခါ လူတွေရှေ့ကျလာတာက ဆေးတံနှစ်ချောင်းပါ။

ဒီဆေးတံတွေက ကျွန်မခင်ပွန်းဦးတင့်ဝ အသက်ရှင်ဆိုက မက်မက်မောမောသုံးစွဲခဲ့တဲ့ ဆေးတံတွေ။

ဆေးတံအိုးက ပိတောက်သားအနှစ်နဲ့ လုပ်ထားပြီး အိုးမှာ တပ်ထားတဲ့အရိုးရှည်က ကြေးဝါနဲ့ လုပ်ထားတာ၊ တော်တော်လေးတယ်။

ဦးတင်ဝ ဆုံးပြီးတဲ့နောက်ပိုင်း သူ့အသုံးအဆောင်ပစ္စည်းအားလုံးကို သေတ္တာထဲထည့်၊ သော့ခတ်သိမ်းထားတာ၊

အဲဒါဘယ်လိုက ဘယ်လိုဖြစ်ပြီး ဆေးတံတွေ အပြင်ထွက်လာတာလည်း မသိဘူး၊

သေတ္တာမှာ သော့တွေကလည်း ခတ်လျက်ပဲ . . .

ခဲလုံးတွေကလည်း နေ့တိုင်းလိုလိုကျလာနေတုန်းပါပဲ။

“ ဖြစ်စဉ်ကတော့ ပုဏ္ဏားက တိုက်တယ်ဆိုတဲ့ အဖြစ်အပျက်မျိုးတွေပဲဗျနော် . . .

ဒေါ်ခင်ဝင်းရီအနေနဲ့ ဆရာတွေဘာတွေခေါ်ပြီး မရှင်းဘူးလား . . . ”



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်နေမလဲ ဆရာရယ်၊ ရှင်းတာပေါ့။

ဆရာမှ လေးယောက်တောင်ကျရော၊

ဒါပေမဲ့ ဆရာတွေလည်း နိုင်အောင်မရှင်းနိုင်ကြဘူး။

သူတို့ပဲ ထွက်ပြေးသွားကြရတယ် . . . "

" ဘယ်လိုထွက်ပြေးရတာလဲ၊ ပြောပါဦး . . . "

" ဒီလိုဆရာရေ၊ ကျွန်မတို့အိမ်မှာ ပုဏ္ဏကတိုက်တယ် ဆိုပြီး နာမည်ကြီးတော့ ဆရာတစ်ယောက်ရောက်လာတယ်

ဆရာက ရောက်တာနဲ့ အိမ်ဦးခန်းမှာ ထိုင်တယ်။

" ဘာမှမပူနဲ့၊ အခုဖြစ်နေတာ ပုဏ္ဏကတိုက်တာ[...] ခေါ်တယ်။

မလိုတဲ့သူက ဒီမိသားစုတွေကို ဒုက္ခရောက်အော[...] အောက်လမ်းပညာသည်နဲ့ ပေါင်းပြီးလုပ်ထားတာ

ပွဲစုံထိုးပြီးစီရင်လိုက်ရင် အဲဒီပုဏ္ဏက အိမ်ပေါ်က[...] ခြေထောက်နဲ့ မဆင်းရဘူး၊ ခေါင်းနဲ့ ဆင်းပြေးရမယ် " [...] ပြောတယ်။

ပြောနေတုန်းပဲဆရာရေ၊ ခဲတွေကျလာလိုက်တ[...] ဝုန်းဒိုင်းဆန်သွားတာပဲလား . . .၊

အမိုးသွပ်တွေပေါ်လည်း ခဲတွေတဒိုင်းဒိုင်း[...] ထရုံ[...]



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တဗုန်းဗုန်းထိမှန်၊

ကျွန်မတို့တွေ၊ ထိုင်နေတဲ့ အခန်းထဲကိုလဲ ဖြုန်းဖြုန်း ဖျင်းဖျင်းကျလာလိုက်တာ၊ တကယ့် ခဲမိုးကြီးရွာချလိုက်တဲ့ အတိုင်း ပြောင်းကိုဆန်ရော။

ဆရာလည်း သူ့လွယ်အိတ်ဆွဲပြီး ဆင်းပြေးသွားတာ နာမည်လေးတောင်မသိလိုက်ရဘူး၊

နောက်ဆရာတစ်ယောက်ကတော့ အိမ်ပေါ်ရောက် တာနဲ့ ကွမ်းအစ်ဆွဲပြီးကွမ်းယာတယ်။

ထုံးဘူးထဲက ထုံးကို လက်ညှိုးနဲ့ တို့ယူတယ်။ ပြီး တော့ ကွမ်းရွက်ကို ထုံးသုတ်တယ်။

ထုံးသုတ်နေရင်းက

"ဟဲ့ ပုဏ္ဏာက ငါလာပြီ၊

နင်သတ္တိရှိရင် ငါ့ကွမ်းယာထဲ သဲထည့်ကြည့်စမ်း"

လို့ ပြောလိုက်တယ် . . .၊

ပြောလည်း ပြောလိုက်ရော ဆရာရဲ ၊ချက်ချင်းပဲ ဖျန်းဆို သဲတွေနဲ့ လှမ်းပက်တယ်။

သဲတွေဆိုတာ နည်းနည်းမဟုတ်ဘူး။ ရေစင်ပုံးတစ်ပုံး စာလောက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာထဲ တင်မကဘူး၊ ဆရာတစ်ကိုယ်လုံးပါသဲ တွေပေကျံကုန်တယ်။

သူ့မျက်လုံးတွေထဲပါ သဲတွေဝင်ကုန်လို့ " မျက်နှာ သစ်ဦးမယ် " ဆိုပြီး အိမ်ရှေ့ထွက်သွားတာ၊ ဒီနေ့ထိ ပြန်ရောက် မလာတော့ဘူး။

နောက်ဆရာတစ်ယောက်ကိုတော့ တုတ်မီး ( လက် နှိပ်ဓာတ်မီး) နဲ့ ပစ်တာ။

သူလည်း ချက်ချင်းပြန်ပြေးသွားတာပါပဲ။

တစ်ရက်ကျတော့ နေ့ခင်းကြီးပဲ၊ မီးဖိုချောင်ထဲက တဒုန်းဒုန်းအသံတွေကြားရတယ်။

ကျွန်မတို့ မသိမသာချောင်းကြည့်တော့၊

ရေတ်ဆုံထောင်းနေတာ တွေ့ကြရတယ်၊

တွေ့တယ်ဆိုတာက လူ၊ သတ္တဝါ၊ အကောင်အထည် ကို မဟုတ်ဘူး၊ ဘယ်သူမှ မရှိဘူး၊

ရေတ်ကျည်ပွေ့က သူ့အလိုလို ရေတ်ဆုံကို ထောင်း နေတာ။

ကျောက်ရေတ်ဆုံဆိုတော့ တဒုန်းဒုန်းဆူညံနေတာပါပဲ။

ကျွန်မတို့အိမ်မှာ ထူးထူးဆန်းဆန်းဖြစ်ပျက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ပတ်သက်ပြီး ရောက်လာတဲ့ ဆရာတွေအားလုံးက ပုဏ္ဏက တိုက်တာလို့ပဲ ပြောတယ်။

လူတွေကလည်း ပုဏ္ဏကတိုက်တာလို့ပဲ ပြောကြဆိုကြတယ်။ ”

“ အေါင်ဝင်းရီ အိမ်မှာ ဖြစ်ပျက်နေတဲ့ အနေအထား အရဆိုရင် ပုဏ္ဏက တိုက်တာနဲ့ တူသလိုလိုရှိပေမဲ့၊ ပုဏ္ဏက တိုက်တာနဲ့ ကွဲပြားနေတာရှိတယ်။

အဲဒါက ဖြစ်ပျက်နေတဲ့ အချိန်ကာလပဲ။

ပုဏ္ဏကတိုက်ရင် အချိန်တိကျတယ်၊ ညဦးပိုင်းဆို နောက်နေ့တွေလည်း ညဦးပိုင်းပဲ ထူးထူးခြားခြားတွေဖြစ်တယ်။

နေ့ခင်းဆယ့်နှစ်နာရီဆို နေ့ခင်းဆယ့်နှစ်နာရီ၊ ညသန်းခေါင်ဆို ညသန်းခေါင်ပဲ အချိန်မလွဲဘူး။

ဒါကြောင့် ပုဏ္ဏကတိုက်တာမဟုတ်ဘူးလို့ ယေဘုယျ တွက်ဆလို့ရတယ်။

ပုဏ္ဏက တိုက်တာမဟုတ်ဘူးဆိုရင်တော့ နာနာဘာဝ တွေရဲ့ လက်ချက်ပဲဖြစ်ရတော့မယ်။

နာနာဘာဝဆိုတဲ့နေရာမှာလည်း နှစ်မျိုးတွေ့ရတယ်။ တစ်မျိုးက ပုဂ္ဂိုလ်ရေး၊ စီးပွားရေးအရ မလိုလားတဲ့



www.burmeseclassic.com

www.burmeseclassic.com

သူက အောက်လမ်းပညာသည်နဲ့ ပေါင်းပြီး တစ္ဆေသရဲ နာနာဘာဝကို စေလွှတ်တိုက်ခိုက်ခိုင်းတာ၊

နောက်တစ်မျိုးက အတိတ်ဘဝဟောင်းက ကုသိုလ်ကံကြွေး၊ ကတိကြွေး၊ တွေကျန်ခဲ့လို့ ဘဝဟောင်းက အကြွေးရရန်ရှိသူ၊ မမြင်ရတဲ့ပုဂ္ဂိုလ်က ကြွေးဆပ်အောင်၊ ပယောဂအနှောင့်အယှက်တွေနဲ့ သတိပေးတာပါ . . .”

“ဟုတ်ကဲ့ဆရာ၊ ပုဏ္ဏကတိုက်တယ်ဆိုတာ ဘယ်လိုဟာလဲ၊ ကျွန်မမသိပါဘူး၊

အရင်ကလည်း ဒီလိုတစ်ခါမှ မကြုံဖူးဘူးလေ၊

ဒါကြောင့် ကျွန်မလည်း ပုဏ္ဏကတိုက်တယ်လို့ပဲထင်တယ်။

အခြားသူတွေမေးတဲ့အခါမှာလည်း ပုဏ္ဏကအတိုက်ခံရတယ်လို့ပဲ ပြောခဲ့တယ် . . .၊

ဒါပေမဲ့ နောက်တဖြည်းဖြည်းကြာလာတော့ ဒါဟာ ပုဏ္ဏက တိုက်တာမဟုတ်ဘူးဆိုတာ သိလာရတယ်၊

ဘယ်သူလုပ်တာလဲ ဆိုတာလည်း သိလာရတယ် ..”

“ဟုတ်လားဗျ. ဘယ်သူလုပ်တာလဲ ခေါ်ခင်ဝင်းရီ ...”

“ဘယ်သူဖြစ်ရမှာလဲရှင်၊ ဦးတင်ဝ ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com

သူက အောက်လမ်းပညာသည်နဲ့ ပေါင်းပြီး တစ္ဆေသရဲ နာနာဘာဝကို စေလွှတ်တိုက်ခိုက်ခိုင်းတာ၊

နောက်တစ်မျိုးက အတိတ်ဘဝဟောင်းက ကုသိုလ်ကံကြွေး၊ ကတိကြွေး၊ တွေကျန်ခဲ့လို့ ဘဝဟောင်းက အကြွေးရရန်ရှိသူ၊ မမြင်ရတဲ့ပုဂ္ဂိုလ်က ကြွေးဆပ်အောင်၊ ပယောဂအနှောင့်အယှက်တွေနဲ့ သတိပေးတာပါ . . . ”

“ ဟုတ်ကဲ့ဆရာ၊ ပုဏ္ဏားကတိုက်တယ်ဆိုတာ ဘယ်လိုဟာလဲ၊ ကျွန်မမသိပါဘူး၊

အရင်ကလည်း ဒီလိုတစ်ခါမှ မကြုံဖူးဘူးလေ၊

ဒါကြောင့် ကျွန်မလည်း ပုဏ္ဏားကတိုက်တယ်လို့ပဲထင်တယ်။

အခြားသူတွေမေးတဲ့အခါမှာလည်း ပုဏ္ဏားကအတိုက်ခံရတယ်လို့ပဲ ပြောခဲ့တယ် . . . ၊

ဒါပေမဲ့ နောက်တဖြည်းဖြည်းကြာလာတော့ ဒါဟာ ပုဏ္ဏားက တိုက်တာမဟုတ်ဘူးဆိုတာ သိလာရတယ်၊

ဘယ်သူလုပ်တာလဲ ဆိုတာလည်း သိလာရတယ်. .. ”

“ ဟုတ်လားဗျ. ဘယ်သူလုပ်တာလဲ ခင်ဗျာ[illegible] ...”

“ ဘယ်သူဖြစ်ရမှာလဲရှင်၊ ဦးတင်ဝ ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ နား နားကပ်ပြီးတော့၊ တိုးတိုး တိုးတိုးနဲ့ လာပြော နေတယ် . . .

နေဦး၊ အသံက ကိုတင်ဝ အသံပါ။

ငါ့ကို ခေါ်တာကလည်း ကိုတင်ဝခေါ်နေကျအတိုင်းပဲ ' အစ်မ ဒေါ်ဝင်းကြည် 'တဲ့။

မဟုတ်မှလွဲရော၊ နင်တို့အိမ်မှာ ဒီလိုထူးထူးဆန်းဆန်း တွေဖြစ်နေတာ ကိုတင်ဝ လုပ်နေတာများလား . . ."

အစ်မ မခင်ဝင်းကြည် ပြောတော့ ပထမ ကျွန်မ မယုံဘူး။

ဦးတင်ဝ ဆုံးတာကကြာပြီလေ၊ ဆုံးတဲ့အချိန်က စပြီး ခြေက်တာလှန့်တာ လုံးဝမရှိဘူး၊

ချိုးချိုးချွတ်ချွတ်အသံလေးတောင် မကြားရဘူး၊

ဒီလိုလူက အကြာကြီးနေမှ နာနာဘာဝအဖြစ်နဲ့ ပြန် ပေါ်လာတယ်ဆိုတော့ မယုံနိုင်စရာဖြစ်နေတာပေါ့ . . .၊

ဒါပေမဲ့ နောက်တော့ ဦးတင်ဝဆိုတာ သေချာသွား တယ်။

ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်းမှာ ကျွန်မကိုလည်း စကားလာပြောတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



" ထမင်းကျွေးပါဦး . . . " လို့ပြောတယ်။

" ငါ နင်တို့ကို သံယောဇဉ်တွယ်လို့ ဒီအိမ်က မခွာနိုင်ဘူးဖြစ်နေတယ် . . . " လို့ ပြောတယ်။

နောက်ပြီး . . . " ဆရာတွေ မခေါ်နဲ့၊

ဆရာခေါ်လို့ရှိရင် ငါမကြိုက်ဘူး၊

မခေါ်နဲ့ ၊ ဘာမှ မဖြစ်ဘူး " လို့လည်း ပြောတယ်။

တစ်ခါတစ်ခါ ကျွန်မတို့က ဦးတင်ဝအစစ်မှ ဟုတ်ရဲ့လား၊ တခြားနာနာဘာဝတွေက ဦးတင်ဝဟန်ဆောင်ပြီး လာနေတာများလား " လို့ ပြောမိတဲ့အခါ

" ငါ . . . တင်ဝ အစစ်ပါ . . . " လို့ ပြောတယ် ...

" ဦးတင်ဝ၊ ရှင် ကျွန်မတို့ သားအမိတွေကို ထိတ်လန့်အောင် ဘာလို့လုပ်ရတာလဲ " လို့ ကျွန်မမေးတော့ . . .

" တမင်လုပ်တာမဟုတ်ပါဘူး၊ မဝင်းရီရယ် . . .

ကျုပ်ရှိနေတဲ့အကြောင်း အသိပေးချင်လို့ လုပ်မိတာပါ . . . " လို့ ပြောပါတယ် . . . "

" ရုပ်ခန္ဓာကို မြင်ရလား . . . "

" မမြင်ရဘူး၊ နာနာဘာဝ ဘဝရောက်နေတဲ့ ဦးတင်ဝရဲ့ ရုပ်ခန္ဓာကိုတော့ တစ်ခါမှ မမြင်ဖူးဘူး . . . ၊



www.burmeseclassic.com

www.burmeseclassic.com


အသံပဲ ကြားရတယ် . . .

ဘာပဲဖြစ်ဖြစ်၊ ဦးတင်ဝဆိုတာ သေသေချာချာသိသွားတော့ အကြောက်နည်းနည်းလျော့သွားတယ် . . .၊

သူကလည်း နောက်ပိုင်းကျ ကျွန်မတို့ ကြောက်မယ့် လန့်မယ့်အပြုအမူမျိုးတွေ မလုပ်တော့ဘူး။

သူစိမ်းညှော်သည်တွေလာပြီး မယုံကြည်တဲ့စကား၊ မလေးမစားစကားပြောတဲ့အခါကျရင်သာ ခဲနဲ့ပေါက်ပြတာတို့ သော့ခတ်ထားတဲ့ ဘီရိုထဲကနေ စာရွက်တွေ လွင့်ထွက်လာတာတွေ လုပ်ပြတယ် . . . ”

“ ဒီလို ထူးထူးဆန်းဆန်းတွေဖြစ်တာ ဘယ်လောက်ထိ ကြာသွားလဲ . . . ”

“ စဖြစ်တဲ့ အချိန်ကနေဆိုရင် ခုနစ်လ၊ ရှစ်လလောက်ကြာတယ် . . . ”

“ နောက်တော့၊ ဘယ်လိုဖြစ်ပြီး ပျောက်သွားတာလဲ . . . ”

“ ထူးထူးဆန်းဆန်းဖြစ်တာတွေ တဖြည်းဖြည်းပါးလာတယ်။ ဖြစ်တဲ့ရက်တွေလည်း တစ်စတစ်စ ဝေးသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေ ပျောက်သွားတာပါပဲ . . . ”

“ ဦးတင်ဝရဲ့ အသံဆိုတာရော ကြားရသေးလား”

“ မကြားရတော့ပါဘူးဆရာ . . . ”

“ ဒေါ်ခင်ဝင်းရီတို့အိမ်မှာ ဦးတင်ဝရှိနေသေးတယ်လို့ ထင်လား . . . ”

“ မပြောတတ်ပါဘူးဆရာ၊

ဟိုတုန်းကလည်း ဆုံးပြီးတာအကြာကြီးနေမှ ဆိုင်းမဆင့် ဗုံမဆင့် ပြန်ပေါ်လာတယ် . . .၊

ရှိချင်လည်း ရှိနိုင်တယ်၊ မရှိချင်လည်း မရှိနိုင်ဘူးပေါ့ ဆရာ . . . ”

“ သူ ဟိုဟိုဒီဒီသွားရတော့မယ်လို့လည်း မပြောဘူးလား”

“ မပြောခဲ့ဘူး ဆရာ၊ သူ ဒီအတိုင်းပျောက်သွားတာပါပဲ ဆရာ ”

( ငါး )

ဒေါ်ခင်ဝင်းရီပြောပြတဲ့ စဉ့်ကိုင်မြို့က ဖြစ်ရပ်ဆန်း၊ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းက နိဂုံးကမ္ပတ်အဆုံးသတ်သွားပြီ ဖြစ်ပါတယ် . . . ၊

ဒါပေမဲ့၊ စာရေးသူရဲ့ စိတ်အတွေးမှာတော့ နိဂုံးမချုပ်နိုင်သေး . . . ၊ အဆုံးမသတ်နိုင်သေး . . . ၊

" မိသားစုအပေါ် သံယောဇဉ်ကြီးလွန်းလို့ ဒီအိမ်က မခွါနိုင်ဘူးဖြစ်နေတယ် " ဆိုသော ပြိတ္တာဘုံရောက်ဦးတင်ဝ တစ်ယောက်။

နာနာဘာဝဘဝကနေ ကျွတ်လွတ်ပြီး ကောင်းရာမွန်ရာ သုဂတိဘုံဌာနကို ရောက်ရှိသွားပြီလား . . . ၊

ဒါမှမဟုတ် . . .

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ထူးထူးဆန်းဆန်းတွေ လုပ်ပြပြီး ပြန်လည်ရောက်ရှိလာဦးမည်လား . . . ၊

အတွေးနယ်ကျယ်နေမိပါတော့တယ် ။





www.burmeseclassic.com

www.burmeseclassic.com

သရဲ

# ခြောက်တဲ့ခြကြီး



ဝိုးတာဝေ

www.burmeseclassic.com

www.burmeseclassic.com

# သရဲခြောက်တဲ့ခြံကြီး

သရဲခြောက်တဲ့ခြံကြီး . . .

ဒီခြံကြီးက လှိုင်သာယာမြို့နယ်၊ ၁၃– ရပ်ကွက်ထဲမှာ ရှိတယ် . . .။

လမ်းနာမည်နဲ့ ခြံအမှတ်တွေကို တိတိကျကျ ပြောပြ ချင်ပေမဲ့ လက်ရှိပိုင်ဆိုင်နေတဲ့သူတွေအတွက် ငဲ့ပြီး မပြောတော့ ပါဘူး။

ခြံကြီးထဲမှာ သရဲတစ္ဆေတွေ ရှိတယ်၊ သရဲခြောက်တယ် လို့ နာမည်ကြီးလွန်းလို့နဲ့ တူပါရဲ့၊

ကိုကျော်ကျော်တို့မိသားစု ပြောင်းရွှေ့မလာမီ တစ်လျှောက်လုံး၊ ဒီခြံကြီးထဲမှာ လူသူနေထိုင်တာမရှိခဲ့ဘူး၊

အိမ်ဆောက်ခဲ့ဖူးတယ်ဆိုတဲ့ သိသာတဲ့ အမှတ်အသား လက္ခဏာရယ်လို့ တစ်ခုမှ မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကာလများစွာ လူမနေတဲ့ အတွက်လည်း ခြံကြီးထဲမှာ မြက်ရိုင်းပင်တွေ၊ ခြုံတွေနဲ့ နွယ်စိမ်းပင်တွေ ရှုပ်ထွေးပြီး အကျည်းတန်နေတယ် . . .၊

ကိုကျော်ကျော် ဒီခြံကြီးထဲ ပြောင်းရွှေ့မလာမီကတော့ ဒီခြံကြီးနဲ့ ပတ်သက်လို့ ဘာမှမသိသေးဘူး၊

သရဲရှိတာလည်း မသိဘူး၊ တစ္ဆေခြောက်တာလည်း မသိဘူး။

ဒါ့ကြောင့်လည်း ဒီခြံကြီးထဲမှာ လူတွေဘာကြောင့် မနေတာလဲလို့ စဉ်းစားမိခဲ့ဖူးတယ်။

တစ်ခုတော့ ရှိတယ်၊ ခြံထဲပတ်ပတ်လည်မှာ အုန်းပင်တွေ အစိတ်၊ သုံးဆယ်လောက်ရှိနေတယ်။

အုန်းပင်တစ်ဝက်ကျော်ကျော်က အုန်းသီးတွေ အခွံလိုက်၊ အခိုင်လိုက် သီးနေကြပြီ . . .၊

နောက်ပြီး သရက်ပင် သုံးပင်၊ မာလကာပင် လေးပင်နဲ့ ဒူးရင်းညြဇာသီးပင် တစ်ပင်ကိုလည်း တွေ့ရတယ်။

ခြံက ပေလေးဆယ် × ခြောက်ဆယ်ခြံကြီး၊

ဒီနေ့ခေတ်လို ခေါင်ခိုက်ရှားပါးလွန်းတဲ့ အိမ်ခြံမြေဈေးကွက်နဲ့ ကြည့်ရင် ကျယ်ဝန်းတယ်လို့တောင် ပြောနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မြို့ကြီးရှိတဲ့ ဆယ့်သုံးရပ်ကွက်ဆိုတာက လိုင်သာယာရဲ့ အစွန်အဖျားလူနေကျဲပါးတဲ့နေရာမဟုတ်ဘူး။

သုံးထိပ်မှတ်တိုင်ကနေ အောင်ဇေယျကြီးတံတားကြီး ကျော်တာနဲ့ အင်းစိန်ထဲ ရောက်ပြီ ၊

အင်းစိန်ကို ရောက်ရင်ပဲ ရန်ကုန်တစ်မြို့လုံးကို သွား လို့ရပြီ၊

ကွန်ရက်လို ချိတ်ဆက်ထားတဲ့ ဘတ်စ်ကားယာဉ် လိုင်းတွေနဲ့ ရန်ကုန်မြို့ထဲသွားမလား။

အရှေ့ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်သွား မလား။ ဘယ်သွားသွား လွယ်လင့်တကူသွားလို့ရတယ်။

ပြောချင်တာက သွားရေး၊ လာရေးလည်း လွယ်ကူတဲ့ အကြောင်းပါ၊

ဒီလိုနေရာ အကွက်အကွင်းကျတဲ့မြို့ကြီးထဲကို ပိုင်ရှင် အဆက်ဆက်အိမ်ဆောက်မနေခဲ့ကြဘူးလား၊

ဒီအချက်ကို ကိုကျော်ကျော်နားမလည်ခဲ့ဘူး၊

တစ်ခုတော့ရှိတယ်၊ အုန်းပင်တွေ ပြည့်နေတယ်၊

လူနေတဲ့အခါ ခေါင်းပေါ်ကို အုန်းသီး ကြွေကျနိုင်တယ် အန္တရာယ်ရှိနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လူမနေတာလည်း ဖြစ်နိုင်တယ်။

နောက်ပြီး အိမ်ဆောက်မယ်ဆိုရင်လည်း အုန်းပင်အချို့ကို ခုတ်လှဲပစ်မှရမယ်၊

ဒါလည်း နှမြောဖို့ကောင်းတယ်၊

ဒါတွေကြောင့် လူမနေတာဖြစ်မယ်လို့ပဲ ဘုမသိ၊ ဘမသိ တွေးမိတယ် . . . ၊

ဘယ်လိုပဲဖြစ်ဖြစ် ကိုကျော်ကျော်ကတော့ ခြံကြီးကို သဘောကျနေတယ်၊

သူ့လို နွမ်းပါးချို့ငဲ့တဲ့သူအဖို့ ခြံကြီးက မက်မောဖို့ကောင်းတယ်၊

အုန်းသီးရောင်းတာနဲ့တင် စားဝတ်နေရေးအသင့်အတင့် ပြေလည်နိုင်တယ်လို့ တွေးမိတယ်။

ဒါကြောင့်လည်း မိန်းမနဲ့ သားကိုခေါ်ပြီး ခြံကြီးထဲချက်ချင်းပြောင်းရွှေ့လာတာဖြစ်တယ် . . . ၊

ခြံကြီးထဲရောက်လို့မှ သိပ်မကြာလိုက်ဘူး၊

ထိတ်လန့်စရာ သံရဲတစ်ကောင်နဲ့ နပူးတွေ၊ ဒူးတွေ့တွေ့လိုက်ရတယ်၊

ဒီတော့မှ ဒီခြံကြီးထဲကို ဘယ်သူမှ မနေတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ . . . ၊

သူတို့မောင်နှမတွေ အမွေခွဲကြတော့ လိုင်သာယာမှာ နေကြတဲ့ ညီမတွေကတောင် ဒီခြံကြီးကို မယူကြဘဲ၊

တောင်ဥက္ကလာက သူ့ကို ဘာကြောင့်ပေးတာလဲ ဆိုတာ သူကောင်းကောင်းကြီး သဘော ပေါက်နားလည်သွားခဲ့ ရပါတယ်။

* * *

ကိုကျော်ကျော် ခြံကြီးရဲ့ အလယ်လောက်မှာ အိမ်သေး သေးလေးတစ်လုံးဆောက်လိုက်တယ် . . . ။

အုန်းပင်တွေကြားက မြေကွက်လပ်ရှိတဲ့အတိုင်း ဆောက်ရတာကြောင့် အိမ်က နည်းနည်းသေးတယ်။

ဒါပေမဲ့ ကိုကျော်ကျော်တို့ လင်မယားနှစ်ယောက်နဲ့ သုံးနှစ်အရွယ်သားလေးတစ်ယောက်ပဲရှိတာမို့ နေလို့ဖြစ်တယ်။

ကိုကျော်ကျော့်အိမ် အကြမ်းထည်လေးပြီးလို့ ခေါင်း ရင်းနဲ့ ခြေရင်းဘက်ပဲ ငါးထရံကာရသေးတယ်၊ အိမ်ငှားမယ့်သူ ရောက်လာတယ် . . . ၊

စကားပြောကြည့်တော့ အိမ်ငှားချင်သူက ကိုကျော် ကျော်တို့လိုပဲ လင်ကိုယ်မယားနှစ်ယောက်နဲ့ ငါးနှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com


သားလေးတစ်ယောက်ပဲ ရှိတယ်။

ကိုကျော်ကျော်တို့လင်မယားတိုင်ပင်ကြပြီး အိမ်ငှားထားဖို့ ဆုံးဖြတ်လိုက်တယ် . . .၊

ဆောက်လက်စ သူတို့အိမ်လေးကိုတော့ မဟုတ်ဘူး၊

အိမ်ငှားဖို့ သူတို့အိမ်ရှေ့မကျတကျ၊ ခြေရင်းဘက်မှာ အိမ်တစ်လုံးထပ်ဆောက်ပေးတယ်၊

အိမ်တစ်လုံးထပ်ဆောက်လိုက်ရလို့ သူတို့နေတဲ့အိမ်တောင် အပြီးမသတ်နိုင်ဘူး . . .၊

အိမ်ရှေ့နဲ့ နောက်ကျောဘက်က ဟင်းလင်းပွင့်နေတယ်။

ကိုကျော်ကျော်စောင်တစ်ထည်ယူတယ်၊ အစနှစ်ဖက်ကြိုးနဲ့ ချည်ပြီး အိမ်နောက်ဘက်ကို ကာလိုက်တယ်။

အဲဒီညမှာပဲ ကိုကျော်ကျော် သရဲတစ်ကောင်ကို စတွေ့ရတာဖြစ်တယ် . . .၊

ညသန်းကောင်လောက်မှာ သူတစ်ရေးနိုးလာတယ်။

အပေါ့သွားချင်တာကြောင့် ကာထားတဲ့စောင်ကို မပြီးအောက်ဆင်းခဲ့တယ် . . .၊

အိမ်သာက နောက်ဘက်ခြံစည်းရိုးနဲ့ ကပ်ပြီး ဆောက်


www.burmeseclassic.com

www.burmeseclassic.com



ထားတာကြောင့် ဝေးနေတယ်၊

ဒါ့ကြောင့် အိမ်သာထိမသွားတော့ဘဲ နီးရာ အုန်းပင် တစ်ပင်ရဲ့ ခြေရင်းမှာပဲ ထိုင်လိုက်တယ်။

ညကလည်း မှောင်မည်းပြီး တိတ်ဆိတ်လွန်းနေတယ်။

အဲဒီအချိန်မှာပဲ ကိုကျော်ကျော်၊ ခေါင်းပေါ်ကအသံတွေ ကြားလိုက်တယ် . . .၊

သူ ချက်ချင်း၊ အလန့်တကြားထပြီး ခြေနှစ်လှမ်း၊ သုံး လှမ်းလောက် နောက်ပြန်ဆုတ်လိုက်တယ် . . .

“ အုန်း . . . ဝုန်း . . . ဝုန်း . . . ”

ကျယ်ကျယ်လောင်လောင်မြည်ဟိန်းသံကြီးနဲ့အတူ စောစောက သူထိုင်နေတဲ့ နေရာတည့်တည့်ကို အုန်းသီးခိုင်ကြီး ပြုတ်ကျလာတယ် . . .

သူ အမှောင်ထဲမှာပဲ အုန်းပင်ပေါ်မော့ကြည့်လိုက်တယ်

အုန်းပင်ရဲ့ တစ်ဝက်လောက်မှာ မည်းမည်းအကောင် ကြီးတစ်ကောင်၊ ဇောက်ထိုးကြီးဖြစ်နေတာကို ကောင်းကင် အရောင်ကြောင့် တွေ့လိုက်ရတယ် . . .၊

မည်းမည်းအကောင်ကြီးရဲ့ မျက်လုံးနှစ်လုံးက ထန်းသီးလုံးကြီးတွေလောက်ရှိပြီး ရဲရဲတောက်နေတယ် . . .၊

ဝိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတုန်းမှာပဲ မည်းမည်းကောင်ကြီးဟာ နေရာမှာ ဖျတ်ခနဲ ပျောက်သွားတယ် . . .

နောက်နေ့မနက်လင်းလို့ ကိုကျော်ကျော်ထကြည့်တော့ အုန်းသီးခိုင်က ဘယ်လိုမှ ပြုတ်မကျနိုင်တဲ့ အုန်းစိမ်းခိုင်ကြီးဖြစ်နေတာ တွေ့ရတယ် . . .၊

မျက်လုံးနီနီကြီးနဲ့ မကောင်းဆိုးဝါးမည်းမည်းကောင်ကြီးဟာ သူနေတဲ့ အပင်အောက်အပေါ်လာစွန့်တာကို မကြိုက်လို့ အုန်းခိုင်ကြီး ပြုတ်ကျလာတာ ဖြစ်မယ်လို့ ကိုကျော်ကျော်စဉ်းစားလိုက်မိတယ်၊

ဒီအချိန်မှာပဲ သူ့တစ်ကိုယ်လုံး ကြက်သီးတွေ တဖျန်းဖျန်းထသွားတယ်။

* * *

" ရွှေအိမ်က ကောင်လေးသရက်ပင်ပေါ်က လိမ့်ကျလို့ . . . "

ညနေပိုင်းကိုကျော်ကျော်အလုပ်တဖြုန်[illegible]
သူ့မိန်းမကဆီးပြောတယ် . . .။

" သရက်ပင်ပေါ်တက်သရက်သီးခူးရင်း လိမ့်[illegible] လား . . . "



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ကျော် မေးပြောပြောပြီး ရေချိုးတယ်၊ အဝတ်အစားလဲတယ်၊

ထမင်းစားပြီးတာနဲ့ လင်မယားနှစ်ယောက် သားလေးကိုပါ ခေါ်ပြီး ရှေ့အိမ်ကို လာခဲ့ကြတယ် . . .

" ကလေးလက် ဘာဖြစ်သွားသေးလဲ ကိုအောင်အောင် . . . "

ကလေးရဲ့ ညာဘက်လက်မှာ ကျောက်ပတ်တီးစည်းထားတယ်၊ လက်ကိုလည်း ပတ်တီးစ လည်မှာသိုင်းပြီး မြောက်ထားတယ်၊

" လက်ကျိုးသွားတယ်ကိုကျော်ကျော်၊

ဆေးရုံက ကျောက်ပတ်တီးစည်းပေးလိုက်တယ် . .

ကလေးလိမ့်ကျတယ် လာပြောလို့ ကျွန်တော်လည်း အလုပ်က ခွင့်နေ့ဝက်ယူပြီး ပြေးလာခဲ့ရတယ်၊

ခြံထဲက အပင်တွေပေါ်တက် မဆော့ရဘူးလို့ ကျွန်တော် ခဏခဏဆုံးမပါတယ်။

အဲဒါကို နားမထောင်ဘူးဗျာ . . .

သရက်ပင်ပေါ်တက်ဆော့တော့ လိမ့်ကျတာပေါ့ . . "

" လိမ့်ကျတာမဟုတ်ဘူးအဖေရဲ့ သားကို တွန်းချ



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ မျက်လုံးနီနီကြီးနဲ့ မည်းမည်းကောင်ကြီးက ထွက်လာတယ်၊

ဒီကြောင့် သားသစ်ပင်ပေါ်က ကျတာ . . . "

" ဟာ . . ဒီကောင်တော့ မဟုတ်က၊ ဟုတ်က ..."

ကလေးပြောတဲ့စကားကြောင့် ကိုကျော်ကျော်လန့်သွား တယ်။

ဒီမျက်လုံးနီနီနဲ့ မည်းမည်းကောင်ကြီးကို သူလည်း မြင်ဖူးတယ်လေ . . .၊

ကလေးအဖေကိုအောင်အောင်က ချက်ချင်းဟန့်ပြီး ဖေါက်လိုက်ပေမဲ့ ကလေးကဆက်ပြောတယ် . . .

" ဟုတ်ပါတယ်ဆို အဖေကလည်း၊

သားက ညာပြောပါ့မလား . . .

သား သရက်သီးခူးနေတုန်း၊ လူမည်းမည်းကြီးရယ် . . . သစ်ကိုင်းပေါ် မတ်တတ်ရပ်ပြီး လျှောက်လာတယ်။

ပြီးတော့သားကို တွန်းချလိုက်တယ် . . . "

" မိန်းမ မင်း သားကို ခေါ်ပြီး သွားသိပ်စမ်းကွာ၊

ကြာရင် ဇါထရိုက်မလ မှာမယ် . . . "

ကိုအောင်အောင် ကလေးကို ကြိမ်းမောင်းတယ်။

သူ့မိန်းမ မမော်က ကလေးကို အိပ်ရာထဲခေါ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ချော့သိပ်နေတယ် . . .၊

ကိုကျော်ကျော်တို့လည်း ခဏတစ်ဖြုတ် စကားဆက်ပြောပြီးတာနဲ့ ပြန်လာခဲ့ကြတယ် . . .၊

အိမ်ရောက်တော့ မိန်းမကမေးတယ် . . .၊

" ကလေးပြောတဲ့ မျက်လုံးနီနီနဲ့ လူမည်းမည်းကြီးဆိုတာ အဟုတ်များလားနော်အစ်ကို . . . "

" မင်းနှယ်ကွာ၊ မဟုတ်ပါဘူး၊

သစ်ပင်ပေါ်တက်ဆော့တယ်ဆိုရင် သူ့အမေရိုက်မှာစိုးလို့ ထင်ရာလျှောက်ပြောတာပါ . . . "

" မဟုတ်ဘူးအစ်ကို၊ ကလေးကတော့ အဟုတ်ကိုပြောနေတာနော် . . .၊

ပြီးတော့ ကျွန်မ ပြောရဦးမယ်၊

အရင်ကတည်းက ပြောချင်တာ၊ အစ်ကိုစိတ်မကောင်းမှာစိုးလို့ မပြောခဲ့တာ . . . "

" ဘာများလဲကွ၊ ပြောပါဦး . . . "

" ကျွန်မ ဒီခြံထဲ ရောက်တဲ့နေ့ကစပြီး စိတ်ထဲမှာ တစ်မျိုးကြီးပဲ . . .၊

ခြံထဲဝင်ရမှာကို အလိုလိုကြောက်နေတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ညရေးညတာ ချိုးချိုးချွတ်ချွတ်အသံကြားရင်လည်း ဘာမှန်းမသိဘဲ ရင်တွေတုန်ပြီးလန့်သွားတတ်တယ်။

ခေါင်းနပန်းကြီးပြီး ကြက်သီးတွေလည်း တဖြန်းဖြန်း ထတယ် . . . ”

“ မဟုတ်ပါဘူး မိန်းမရာ . . .

သစ်ပင်တွေအုပ်နေတော့ စိတ်ထဲက ကြောက်သလိုလို အားငယ်သလိုလို ခံစားရတာ ဖြစ်မှာပါ . . .၊

ဘာတစ္ဆေသရဲမှ မရှိပါဘူး . . . ”

ကိုကျော်ကျော် မိန်းမကို ချော့မော့နှစ်သိမ့်ပေးတယ်

ခဏနေတော့ မိန်းမဖြစ်သူက ကလေးကို ချော့သိပ်ရင်းသူပါ အိပ်ပျော်သွားတယ် . . .၊

ကိုကျော်ကျော်ကတော့ အိပ်လို့မရတော့ဘူး၊

ညတစ်ညရဲ့ သန်းခေါင်ယံမှာ သူမြင်ခဲ့ရတဲ့ အုန်းပင်ပေါ်က မျက်လုံးနီနီနဲ့ လူမည်းမည်းကြီးကို ပြန်လည်မြင်ယောင်နေမိတယ် . . .၊

သရက်ပင်ပေါ်က ဘဲကလေးဟာ သူမြော်တဲ့အတိုင်း လူမည်းမည်းကြီးတွန်းချခံရတယ်ဆိုတာလည်း အဟုတ် ဖြစ်မယ်လို့ သူယုံတယ် . . .၊



www.burmeseclassic.com

www.burmeseclassic.com



" ငါ့ကိုလည်း အုန်းသီးခိုင်နဲ့ ပေါက်တယ်၊ ကလေးကိုလည်း သစ်ပင်ပေါ်က တွန်းချတယ် . . . ဒီကောင် တော်တော်ရန်လိုတဲ့ မကောင်းဆိုးဝါးကောင်ပဲ" လို့ ကိုကျော်ကျော် တွေးလိုက်မိတယ် . . .

* * *

" အာမေလေး . . . လာကြပါဦး . . . သရဲ . . . သရဲ . . . "

ညဆယ်နာရီလောက်ရှိနေပြီ . . .

ကိုကျော်ကျော်တို့ တစ်မိသားစုလုံးလည်း အိပ်မောကျနေကြပြီ . . .

ဒီအချိန်ကြီးမှ ငယ်သံပါအောင် အလန့်တကြားအော်လိုက်တဲ့ မမော်ရဲ့ အသံထွက်ပေါ်လာတယ် . . .၊

ကိုကျော်ကျော် အိပ်ရာထဲက ဝုန်းခနဲ ထပြီး အော်သံကြားတဲ့ဆီကို ပြေးသွားတယ် . . .၊

မမော် သူ့အိပ်မ်ပြန်ရောက်သွားပြီ။

ကိုအောင်အောင်နဲ့ မမော်တို့ စကားပြောသံတွေကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ကျော် ကိုအောင်အောင်တို့ အိမ်ကို သွားတယ်။

" ဘာဖြစ်တာလဲ ကိုအောင်အောင် . . . "

" ခင်ဗျား ညီမကို သရဲခြောက်လို့တဲ့ဗျာ၊

ကျွန်တော်လည်း မေးနေတုန်းပဲ . . . ၊

မိန်းမ ဘယ်လိုဖြစ်တာလည်း ပြောပြပါဦး . . . "

ကိုအောင်အောင်က သူ့မိန်းမ မမော်ကို ပြောလိုက်တယ် . . . ၊

" ကလေးက ညနေကတည်းက ဝမ်းပျက်နေတာလေ၊ အခုလည်း အီအီးပါချင်တယ်ဆိုလို့ ထတည်တာ။

အိမ်သာထိ မသွားရဲလို့ နောက်ဖေးက ဒူးရင်းသြဇာပင်အောက်မှာပဲ တည်လိုက်တယ် . . . "

မမော်ရဲ့ အသံက တုန်နေတယ်၊ အကြောက်လွန်နေသေးပုံရတယ်။

မော်နေပြီး စကားကို နားနားပြောနေရတယ်၊

" အဲဒီ . . . ကလေးအီးပါလို့တောင် မပြီးသေးဘူး၊

ဒူးရင်းသြဇာပင်ပေါ်က မည်းမည်းကောင်ကြီးဆင်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဆင်းလာတာကို မမြင်လိုက်ရဘူး။ ကလေးရဲ့ နောက်ဘက်ရောက်မှ တွေ့တာ၊

ကျွန်မမြင်တဲ့အချိန်မှာ အဲဒီမည်းမည်းကောင်ကြီးက ခွေးကြီးလိုပဲ၊ ကလေးဖင်အောက်က အီးအီးတွေကို စားနေတယ် . . .၊

ကျွန်မလည်း မြင်မြင်ချင်းလန့်အော် ကလေးကိုပါချီပြီး ကမြီး တစ်ချိုးတည်း အိမ်ပေါ်တက်ပြေးခဲ့တာပဲ . . .”

မမော်ကစကားပြောပြီး ကလေးကို သန့်စင်ပေးနေတယ်။

ကိုကျော်ကျော်၊ ကိုအောင်အောင်ရဲ့ မျက်နှာကို ကြည့်ပြီး အကဲခတ်နေမိတယ် . . .၊

ကိုအောင်အောင်ရဲ့ မျက်နှာမှာ ယုံရနိုးနိုး၊ မယုံရနိုးနိုးနဲ့ ဒွိဟာသံသယတွေ ထင်ထင်ရှားရှားပေါ်လွင်နေတယ်။

“ ကျွန်တော်လည်း ပြန်လိုက်ဦးမယ် ကိုအောင်အောင် အိမ်မှာ မိန်းမနဲ့ ကလေးပဲ ကျန်ရစ်တယ် . . .”

ကိုကျော်ကျော်နှုတ်ဆက်ပြီး ပြန်ခဲ့တယ် . . .။

“ ဘာဖြစ်လို့တဲ့လဲ အစ်ကို . . .”

ဒီတစ်ကြိမ်တော့ ကိုကျော်ကျော် မညာတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပဲ ပြောလိုက်တယ်၊

" ကလေး အီအီးဆင်းတည့်တာ၊

သရဲခြောက်ခံရလို့တဲ့ကွာ . . . "

ကိုကျော်ကျော်၊ မမော်ပြောပြတဲ့အတိုင်း အစအဆုံး မိန်းမကို ပြောပြလိုက်တယ်။

" ဒါဆိုရင် ဟိုနေ့က သစ်ပင်ပေါ်က တွန်းချတဲ့ အကောင်ကြီးပဲပေါ့ အစ်ကို . . . "

မိန်းမက မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ ပြောတယ်။

" အင်း . . . ဟုတ်တယ် . . . "

ကိုကျော်ကျော် ရင်လေးလေးနဲ့ ပဲ ဖြေလိုက်တယ်။

ဟုတ်တယ်၊ သူ့စိတ်တွေလေးသွားတယ်။

" နာနာဘာဝမကောင်းဆိုးဝါးနဲ့ လူသားဆိုတာက အတူယှဉ်တွဲနေလို့ မရတဲ့ သတ္တဝါတွေ . . . ၊

နောက်ပြီး ဒီကောင်ကြီးရဲ့ အပြုအမူတွေက ရန်လိုတဲ့ အပြုအမူတွေဖြစ်နေတယ် . . .

ဒီကောင်ကြီးကို နှင်ထုတ်မှ ရမယ် . . . " လို့ တွေးတောရင်း ဆုံးဖြတ်လိုက်တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဒီမြို့ကြီးမှာ သရဲခြောက်တယ်ဆိုတာ ပတ်ဝန်းကျင်က သိပြီးသား။

ဒီနေရာမှာ လူနေခြံကွက်တွေ ရိုက်ပြီးမြို့သစ်ဖွင့်ကတည်းက ဒီခြံကြီးက စီးပွားရေးသမားတစ် ယောက်လက်ထဲရောက်သွားတယ်။

စီးပွားရေးသမားဆိုတာက နေဖို့မဟုတ်ဘူး၊ ငွေကိုရင်းနှီးမြှုပ်နှံထားတဲ့သဘော၊

ဒီတော့ ခြံကြီးကို ဝယ်ပြီး ပစ်ထားတယ်။

ခြံရောင်းရင် ဈေးကောင်းရအောင် အုန်းပင်တွေ စိုက်ထားတယ်။

လူမနေဘဲ သစ်ပင်တွေချည်းရှိတဲ့ ခြံဆိုတော့ နာနာဘာဝကောင်တွေ ဝင်ရောက်နေထိုင်ဖို့ သိပ်အကြိုက်တွေ့တာပေါ့၊

နာနာဘာဝတွေဆိုတာက လူမရှိတဲ့ကျောင်းအိုကျောင်းပျက်၊ ဘုရားအိုဘုရားပျက်တွေ၊ သုသာန်ဇရပ်တွေမှာ နေတတ်ကြတာမဟုတ်ဘား . . .၊

ဒီလိုနဲ့ ခြံကြီးထဲကို နာနာဘာဝကောင်ကြီးရောက်လာတာဖြစ်တယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ နာနာဘာဝကောင်ကြီးက ခြံကြီးကို သူ့အပိုင်စားရထားတဲ့နေရာ၊ ဘုံဗိမာန်အဖြစ်သတ်မှတ်ထားပုံရတယ်၊

ခြံထဲဝင်လာသူကို နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးတယ်။ မနေနိုင်အောင်ရန်ပြု ခြောက်လှန့်တယ်။

ဒီလိုနဲ့ ဒီခြံကြီးဟာ သရဲခြောက်တဲ့ခြံကြီးအဖြစ် နာမည်ကြီးနေတာဖြစ်တယ်။

အမှန်တကယ်လည်း ခြံကြီးထဲမှာ နေထိုင်ကြတဲ့ ကိုကျော်ကျော်တို့ မိသားစုနဲ့ ကိုအောင်အောင်တို့ မိသားစုကို ခြောက်လှန့်ရန်ပြုနေတယ် . . .၊

ကိုကျော်ကျော်ဆွမ်းခံကြွတဲ့ ဦးဇင်းတစ်ပါးနဲ့ ဘုန်းကြီးကျောင်းကို လိုက်သွားတယ်။

ဆရာတော်ကို ကန်တော့ပြီး အကျိုးအကြောင်း လျှောက်ထားတယ်။

" တပည့်တော်အနေနဲ့ လူကိုအန္တရာယ်ပြုတတ်တဲ့ နာနာဘာဝမကောင်းဆိုးဝါးနဲ့ အတူယှဉ်တွဲနေလို့ မဖြစ်တဲ့အတွက် ခြံထဲကနေ နှင်ချင်ပါတယ်ဘုရား . . . "

ဆရာတော်က ကိုကျော်ကျော်ရဲ့ ဆန္ဒစကားကို ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တညိတ်ညိတ်နဲ့ နားထောင်နေတယ်

ကိုကျော်ကျော့်စကားဆုံးမှ –

" ဆရာတော့်ဆန္ဒကတော့ ပထမဦးစွာ သူတို့အတွက် ရည်စူးပြီး မေတ္တာပို့အမျှအတန်းဝေချင်တယ်၊

အချို့သတ္တဝါတွေက သိလွယ်၊ နားလည်လွယ်တယ်။ မေတ္တာရဲ့ စွမ်းအားကို ယုံကြည်တယ်။

အမျှအတန်းဝေလို့ ကောင်းမှုကုသိုလ်ရဲ့ အဖို့ဘာဂကို ရရှိသွားရင်လည်း သူ့အတွက်မြင့်မြတ်ရာဘုံဘဝကို ကူးပြောင်းသွားနိုင်တယ်။

မနက်ပိုင်းမှာ အဲဒီလိုလေးလုပ်ပြီး၊ ညနေပိုင်းကျမှ ဒကာကြီးရဲ့ ဆန္ဒအတိုင်းပရိတ်တရားနာတာ၊ ကမ္မဝါဖတ်တာ တွေကို ပြုလုပ်စေချင်တယ်။

ဆရာတော်က သင့်တော်မယ့်လမ်းကြောင်းကို ညွှန်ပြ ခြင်းဖြစ်ပါတယ်။

ဒါပေမဲ့ ဒကာကြီးဆန္ဒရှိသလို ဆောင်ရွက်ပေးပါ့မယ် "

ဆရာတော်ရဲ့ လမ်းညွှန်စကားကို ကိုကျော်ကျော်တ ဝမ်းမြောက်ဝမ်းသာ နာခံဆောင်ရွက်ပါ့မယ်လို့ လျှောက်ထား တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်မှာ ကိုကျော်ကျော်တို့အိမ်ကို ဆရာတော်နှင့်တကွ သံဃာတော်ငါးပါးကြွလာတယ်။

ကိုကျော်ကျော်တို့မိသားစုက နေ့ဆွမ်းဆက်ကပ်ပြီး ဖိတ်ကြားထားတဲ့ညော်ပရိသတ်တွေကိုလည်း ညော်ခံကျွေးမွေးတယ်။

သံဃာတော်တွေက မေတ္တာသုတ်ပရိတ်တရားတော်တွေ ဟောကြားတာကို ပရိသတ်နဲ့အတူ နာကြားတယ်။

တရားနာပြီးတာနဲ့ ခြံအတွင်းမှာ နေထိုင်တဲ့ မကျွတ်မလွတ်သော ပုဂ္ဂိုလ်သတ္တဝါအပေါင်းနှင့် တကွ ဝေနေယျ သုမိတ၊ ဒုက္ခိတ ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အား ရည်စူးပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေလိုက်ကြတယ်။

ကိုကျော်ကျော်အနေနဲ့ နာနာဘာဝမည်းမည်းကောင်ကြီးကို မကောင်းဆိုးဝါးဘဝကနေ လွတ်မြောက်ပြီးကောင်းရာသုဂတိဘုံကို ရောက်ရှိသွားစေချင်ပါတယ်။

ဒါပေမဲ့ ထင်ထင်ရှားရှားမသိမမြင်နိုင်တဲ့ အတွက် မလွဲမရှောင်သာဘဲ ရတနာသုံးပါးရဲ့ အမိန့်နဲ့ ဖယ်ရှားဖို့ ထပ်မံဆောင်ရွက်ရတယ်။

ညနေပိုင်းမှာ သံဃာတော်တွေ ပြန်ကြွလာပြီး ကိုကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲ့ ဆန္ဒအတိုင်း အန္တရာယ်တွေ ကင်းရှင်းစေဖို့ ပရိတ်ရွတ်တာတွေ၊ ကမ္မဝါဖတ်တာတွေ ရွက်ဆောင်ကြတယ်။

သံဃာတော်တွေ ပြန်ကြွသွားတာနဲ့ ကိုကျော်ကျော်နှင့် ကိုအောင်အောင်တို့ဟာ ပရိတ်ချည်တွေ ခြံပတ်ပတ်လည်ရစ်ပတ်တယ်။

ပရိတ်ရေတွေ ပရိတ်သဲတွေကိုလည်း ခြံအနှံ့လိုက်ပြီး ဖျန်းကြပက်ကြတယ် . . . ၊

BURMESE CLASSIC

အဲဒီအချိန်မှာပဲ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေနဲ့ အတူမျှော်လင့်တဲ့ မြင်ကွင်းကို မြင်လိုက်ကြရတယ် . . .

ကိုကျော်ကျော်တို့ အိမ်ရှေ့မှာရှိတဲ့ အုန်းပင်ကြီးပေါ်ကနေ မည်းမည်းကောင်ကြီးခုန်ချလာတယ် . . .

မည်းမည်းကောင်ကြီးဟာ အကာအရံမရှိတဲ့ ကိုကျော်ကျော်တို့ အိမ်ရှေ့ကနေ အိမ်ပေါ်ကို သွေးရူးသွေးတန်း တဝုန်းဝုန်းတက်ပြေးတယ်၊

နောက်ကျောဘက်မှာ ကာရံထားတဲ့စောင်ကို တိုးပြီး ခုန်ချထွက်ပြေးတယ်၊

မည်းမည်းကောင်ကြီး ဝင်တိုးမှုကြောင့် ချည်နှောင်ထားဘဲ့ကြိုးတွေ ပြတ်ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



စောင်တာ မည်းမည်းကောင်ကြီးကို ရစ်ပတ်ပြီး ပြေးတဲ့နောက်ပါသွားတယ် . . ။

အချိန်က ညနေမှောင်ရီစပြုပေမဲ့ အလင်းရောင်ကောင်းကောင်းရှိနေတယ် . . . ။

ကိုကျော်ကျော်ရော၊ ကိုအောင်အောင်ပါ မည်းမည်းကောင်ကြီးကို ထင်ထင်ရှားရှားမြင်တွေ့ကြရတယ် . . .

မည်းမည်းကောင်ကြီးဟာ မျောက်ဝံကြီးမဟုတ်ဘဲ အမွေးကြမ်းရှည်တွေ ဖုံးလွှမ်းနေတဲ့ မကောင်းဆိုးဝါးနာနာဘာဝကောင်ကြီးဆိုတာ သိနိုင်တယ် . . . ။

ထန်းသီးလုံးလောက်ရှိတဲ့ မျက်လုံးကြီးတွေကလည်း ညတစ်ညမှာ ကိုကျော်ကျော်တွေ့ခဲ့တဲ့ အတိုင်းပဲ နီရဲနေတယ်။

နာနာဘာဝကောင်ကြီး သွေးရူးသွေးတန်း ထွက်ပြေးနေတဲ့ ပုံကမျက်တောင်ခတ်သလောက်ပဲ ကြာတယ်။

လျှပ်စီးလက်သလို အရမ်းမြန်လွန်းနေတယ်။

ကိုကျော်ကျော်နဲ့ ကိုအောင်အောင်တို့ရဲ့ ဇနီးသည်တွေမှာလည်း ကြောက်ဖို့လန့်ဖို့တောင် အချိန်မရဘဲ အံ့အားသင့်ရင်းကြက်သေသေနေကြတယ်။

ခဏနေမှ သတိဝင်ပြီး ကလေးတွေကို လိုက်ရှာကြ



www.burmeseclassic.com

www.burmeseclassic.com


တယ်။

ဒီအချိန်မှာတော့ နာနာဘာဝကောင်ကြီးတာ ဘယ်ဆီ ရောက်လို့ ဘယ်ဆီပေါက်သွားမှန်းတောင်မသိနိုင်တော့ဘူး။ ပျောက်ခြင်းမလှ ပျောက်သွားပြီဖြစ်ပါတယ်။

ထူးဆန်းတာက အဲဒီနာနာဘာဝကောင်ကြီးကို မြင်ရတာက ခြံထဲမှာ နေတဲ့ သူတို့တစ်တွေပဲဖြစ်ပြီး အခြားသူတွေ မမြင်ရတဲ့အချက်ပါ။

ခဏနေတော့ နောက်ဘက်လမ်းက လူနှစ်ယောက် ရောက်လာတယ်။ စောင်ကို လာပေးတယ်။

" ခင်ဗျားတို့ ခြံထဲက စောင်ကြီးလွင့်လာလို့ဗျ၊

ပထမတော့ ခွေးတိုးပြီး လုံးထွေးပါလာတာလို့ ထင်သေးတယ်။

ဒါပေမဲ့ ဘာခွေးမှ မတွေ့ပါဘူးဗျာ . . . "

ဒီအတိုင်းပဲ လွင့်လာတာနဲ့ တူပါတယ် . . . " လို့ ပြောတယ်။

ကိုကျော်ကျော် အသာငြိမ်နေလိုက်တယ်၊ နာနာဘာဝကောင်ကြီး ထွက်ပြေးသွားတဲ့အကြောင်းမပြောလိုက်တော့ဘူး။

သရဲခြောက်တဲ့ ခြံကြီးဟာလည်း အဲဒီနေ့စပြီးသန့်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားခဲ့တယ်။

မည်းမည်းကောင်ကြီးကို အစအနတောင်မတွေ့ရတော့တာ ယနေ့ထက်တိုင်လို့ ဆိုပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် မြတ်စွာဘုရား‌ရဲ့ တရားတော်တွေကို တစ္ဆေသရဲ နာနာဘာဝတွေ ထိတ်လန့်ကြောက်ရွံ့ကြတယ်ဆိုတာ ထင်ရှားပါတယ်။

ကိုကျော်ကျော်တို့ မိသားစုလည်း အဲဒီခြံကြီးထဲမှာ ဆယ်နှစ်လောက်နေပြီး ဈေးကောင်းရတာနဲ့ ရောင်းချပြီး တောင်ဥက္ကလာကို ပြောင်းရွှေ့လာခဲ့ကြပါတယ်။ BURMESE CLASSIC

ကိုကျော်ကျော်ရဲ့ သားငယ်သုံးနှစ်သားလေးဟာ‌ခုချိန်မှာ လူလားမြောက်လို့ ကြီးပြင်းလာခဲ့ပါပြီ။

သရဲခြောက်တဲ့ ခြံကြီးတစ်ခြံရဲ့ အကြောင်း စာရေးသူကို ပြောပြသူကလည်း ကိုကျော်ကျော်ရဲ့ သားကိုကျော်ထက်ကိုယ်တိုင်ပဲဖြစ်ပါတယ်။ ။

စာဖတ်သူများအား ထာဝရ

လေးစားချစ်ခင်လျက်ဖြင့်

မောင်မြှင်းဦး ( ချောင်းဦး )

၂၀၁၆ ခုနှစ်၊ ဇူလိုင်၊ ၂၂ ရက်

www.burmeseclassic.com